ထစ်ချုန်းမိုး

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၀၁၈]

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် [18-10-2015]

MYANMA ALINN SUNDAY ISSUE


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စက်ရုံ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စက်ရုံ၌ ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာအချက်အလက်၊ ဆရာဝန်နှင့် သူနာပြုအင်အား၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအခြေအနေ၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများ၊ ကျောက်ကပ်သန့်စင်စက်နှင့် ဆေးရုံသုံးပစ္စည်းများရရှိမှု၊ JICA အကူအညီဖြင့် တိုးချဲ့ဆေးရုံဆောက်လုပ်နေမှုနှင့် ဆေးရုံအတွက် လိုအပ်ချက်များကို လည်းကောင်း၊ JICAမှ ကိုယ်စားလှယ် ဦးစည်သူဟိန်းက တိုးချဲ့ဆေးရုံအဆောက်အအုံပြီးစီးမှုရာခိုင်နှုန်း၊ အကျယ်အဝန်း၊ ပါဝင်မည့်ဌာနများ၊ စက်ပစ္စည်းများ တပ်ဆင်ပေးမည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

**အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ညောင်ရွှေမြို့၏ အနောက်တောင်ဘက် ၁၄ မိုင် ၄ ဖာလုံ အကွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အပြီး လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၃ ဒသမ ၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်**


## တနင်္ဂနွေ ဖတ်စရာများ

ခရီးသွားဆောင်းပါး
သဘာဝအလှတရားတွေနဲ့ထုံမွမ်းနေသည့် မိန်းမလှကျွန်းဆီသို့ စာ ➤ ၁၆

မြန်မာ့ရိုးရာအားကစား
မကျေပွဲ ပြန်နွှဲမည့် ချန်ပီယံဟောင်း စောငမန်းနှင့် စောဂေါ်မူတို့ တကယ်ပဲယှဉ်ပြိုင်ထိုးသတ်တော့မှာလား စာ ➤ ၁၉

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
ယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ထိန်းသိမ်းလျက်ရှိရာတက္ကသိုလ် စာ ➤ ၁၈

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
ဆီးရိုးယားအခြေစိုက် အစွန်းရောက်များကို ချေမှုန်းနိုင်မည့်အလားအလာ စာ ➤ ၂၁





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြေပြိုမှု အန္တရာယ်နှင့် မော်ချီးသင်ခန်းစာ

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် ရေပေါ်ရေအောက် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လွန်ခဲ့သည့်နှစ်များအတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အခြားသောလုပ်ငန်းများထက် ပိုမိုစိတ်ဝင်စားစွာ ဝင်ရောက်လုပ်ကိုင်လာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဤသို့ ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းများ တိုးပွားလာမှုနှင့်အတူ မြေပြိုမှုကြောင့် မလိုလားအပ်သော အန္တရာယ်များဖြစ်ပွားလျက်ရှိသည်ကိုလည်း ကြားသိနေရသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပွားရသော မြေပြိုမှုများမှာ သတ္တုတွင်းလုပ်ကွက်များအတွင်း ဝင်ရောက်နေထိုင်သူများအဖို့ အထူးသတိထားရမည့်ဘေးအန္တရာယ်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ မကြာသေးမီက ဖြစ်ပွားခဲ့သော မြေပြိုမှုများတွင် ဓာတ်သတ္တုလုပ်ကွက်များအတွင်း ဝင်ရောက်နေထိုင်သူများ အသက်အန္တရာယ်အထိ ကြုံတွေ့ခဲ့ကြရသည်။ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းခွင်ရှိ မြေစာများသည် မြေသား ခိုင်မာမှုအားနည်းနေပြီး အချိန်မရွေး မြေပြိုမှုဖြစ်သွားနိုင်သည့် အနေအထားဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းလျှင် မြေပြိုမှုပိုမိုဖြစ်ပွားနိုင်သည့် အနေအထားဖြစ်သည်။ မော်ချီးမြေပြိုမှုဖြစ်စဉ်အတွင်း လူပေါင်း ၁၇ ဦးသေဆုံးကာ ခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဤဖြစ်စဉ်ကို ထောက်ရှု၍ သင်ခန်းစာယူစရာများ ရှိနေသည်။ မြန်မာနိုင်ငံအထက်ပိုင်း ဖားကန့်ဒေသတွင်လည်း ဤကဲ့သို့ မြေပြိုမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ရေမဆေးကျောက်ရှာဖွေသူများ မြေပြိုမှုကြောင့် မကြာခဏသေဆုံးလျက်ရှိသည်ကိုလည်း ကြားသိနေရသည်။ မြန်မာနိုင်ငံတွင် ရွှေ၊ ငွေ၊ ကြေးအစရှိသော ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း များစွာရှိပါသည်။

ဤသို့ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများအတွင်း တရားမဝင် ဝင်ရောက်အခြေချနေထိုင်သူ မိသားစုများလည်း ရှိပါသည်။ မဆင်မခြင် မိုင်းခွဲ၍ ကျောက်ထုတ်ခြင်း၊ သစ်တောသစ်ပင်များ စည်းကမ်းမဲ့ခုတ်ယူခြင်း၊ မြေအောက် သယံဇာတများ အလွန်အကျွံထုတ်ယူခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ တရားလွန်လုပ်ကိုင်ခြင်းတို့ကြောင့်လည်း မြေပြိုမှုများ ဖြစ်ပွားလျက်ရှိပါသည်။

သဘာဝအလျောက် ဖြစ်ပွားရသော မြေပြိုမှုများသာမက လူတို့၏ ပယောဂကြောင့် ဖြစ်ပွားရသော မြေပြိုမှုဖြစ်စဉ်များကိုပါ သတိပြုသင့်ပြီဖြစ်ပါသည်။ အထူးသဖြင့် သတ္တုလုပ်ကွက်များအတွင်း နှစ်ကာလကြာရှည်စွာ အခြေချနေထိုင်ခြင်းမပြုရန် အသိသတိဖြင့်ယှဉ်၍ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း။ ။


**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**



မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ပီရူးနိုင်ငံ လီမာမြို့တွင် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ဆက်စပ်ကျင်းပသည့် ကမ္ဘာ့ဘဏ်အရှေ့တောင်အာရှ မဲပေးအုပ်စုဝင်နိုင်ငံများမှ ကမ္ဘာ့ဘဏ်ဂါဗာနာများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဂါဗာနာများ ပူးတွဲအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးအပြီးတွင် တစ်ဆက်တည်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Madam Christine Lagarde နှင့် သီးသန့်အစည်းအဝေးသို့လည်း ပါဝင်တက်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအခြေအနေ၊ အခက်အခဲနှင့် စိန်ခေါ်မှုများတို့ကို ဆွေးနွေးခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့က သဘာဝဘေးဖြစ်ပွားခဲ့မှုအပေါ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က အထူးချေးငွေတစ်ရပ် ရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုသဘာဝဘေးအန္တရာယ်များအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးအကူအညီရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အထူးပြုဆွေးနွေးခဲ့ပြီး လိုအပ်သော လေ့လာရေးအဖွဲ့များစေလွှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။ **(မြန်မာ့အလင်း)**

# စံပယ်တောင် ကြေးနီစီမံကိန်းဝန်းကျင် လူမှုကူညီရေးအသင်းများသို့ မော်တော်ယာဉ်များ ပေးအပ်

**ဆားလင်းကြီး အောက်တိုဘာ ၁၇**



စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ စံပယ်တောင်ကြေးနီစီမံကိန်းများအနီး ပတ်ဝန်းကျင်ကျေးရွာများရှိ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီး အဘိုး/အဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့များသို့ မော်တော်ယာဉ် ၁၁ စီးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က ဆားလင်းကြီးမြို့နယ် ကျော်ရွာအနီး လက်ပံတောင်းတောင်ကြား စေတီသာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာယမ်စီ ကုမ္ပဏီတာဝန်ခံ မစ္စတာ ကျန်းရိဖိုင်နှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း တာဝန်ခံ ဦးလှစိန်တို့က လူမှုရေးအသင်းဖွဲ့များသို့ လှူဒါန်းသော မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ကြီးဘိုးဘွား ၆၈၉ ဦးအား အားဆေးနှင့် စားသောက်ဖွယ်ရာမုန့်မျိုးစုံကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်လယ်ယာဧက ၃၀၀၀ အတွင်း အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး Long- 9 ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ပျိုးဆောင်ရွက်မှု **မှို့ကပ်သည့်အဆင့်** အောင်မြင်မှု အဆင့် ခုနစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမှို့ကပ်သည့် အဆင့်သည် အဆင့် တစ်မှ အဆင့် ရှစ် ထိရှိပြီး အဆင့် ခုနစ်သည် စပါးစေ့တစ်စေ့၏ တစ်ဝက်သာရှိကြောင်း၊ ယခု စိုက်ပျိုးထားသော အဖိုလိုင်း (၁) R1 အသက် ရက် ၇၄ ရက်၊ အဖိုလိုင်း (၂) R2 အသက်ရက် ၆၆ ရက် နှင့် အမလိုင်း A လိုင်း ၅၈ ရက်ရှိကြောင်း လာမည့် အောက်တိုဘာ ၂၅ ရက်တွင် ဝတ်မှုန်ကူးရန် ခန့်မှန်းထားကြောင်းနှင့် ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ပျိုးဆောင်ရွက်မှုကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုခြင်းအားဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း စိုက်ခင်း တာဝန်ခံ ဦးဆန်းမိုးလှိုင်က ပြောသည်။ **ကိုပေါက် (ဥတ္တရမြေ)**

# ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဆိုင်ကယ်များ လေလံတင်ရောင်းချ

**စလင်း အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ပြည်သူ့ဘဏ္ဍာများအဖြစ် သိမ်းဆည်းထားသော မော်တော်ဆိုင်ကယ်ငါးစီးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကြီးကြပ်သူများအဖြစ် တိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စိမ်းဝင်းက ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် မင်းဘူးခရိုင် တရားသူကြီး ဒေါ်စမ်းမြကြူ၊ စလင်းမြို့နယ် တရားသူကြီး ဒေါ်သက်သက်ဖူးတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# ဧရာဝတီမြစ်ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်ချက်အား တရုတ်နိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သူအဖွဲ့က လာရောက်တင်ပြ

**နေပြည်တော် အောက်တိုဘာ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့၊ ရေလွှမ်းမိုး ထိန်းချုပ်ရေးရုံးနှင့် မိုးခေါင်ရေရှားပါးမှု လျော့နည်းရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုချင်းဖန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့် ပတ်သက်သည့် လေ့လာဆန်းစစ်ချက်အား လာရောက်တင်ပြသည်။**(ယာပုံ)**

တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့ အတွင်းရှိ တာတမံ ၂၃ ခု၊ ရေအမှတ်စခန်း ခုနစ်ခု၊ တမံတစ်ခု၊ ရေတံခါး တစ်ခု စုစုပေါင်းနေရာ ၃၂ နေရာကို လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှုများကိုလည်း ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျွမ်းကျင်သူအဖွဲ့သည် ဧရာဝတီမြစ်ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ရေတိုရေရှည်ဆောင်ရွက်ရမည့် စီမံကိန်းများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များအား အကြံပြုချက်များနှင့် အတူ တင်ပြခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရေဘေးအလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်ကို ကမ္ဘာ့ဘဏ်၊ EU၊ JICA၊ UN တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နိုင်ငံတကာအဖွဲ့ပေါင်းစုံ၏ ဝိုင်းဝန်းကူညီမှုဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ဆန်းစစ်ချက်များကို ပိုမိုပြည့်စုံစွာ ဖော်ထုတ်နိုင်ခဲ့သည်။

ထိုသို့ ရှင်းလင်းတင်ပြစဉ် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးဇင်ယော်၊ ဦးစိုးတင့်၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့၊ ရေလွှမ်းမိုး ထိန်းချုပ်ရေးရုံးနှင့် မိုးခေါင်ရေရှားပါးမှု လျော့နည်းရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုချင်းဖန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



● *ကျောဖုံးမှ*

မင်္ဂလာဒုံ နိုင်ငံတကာလေဆိပ်အတွက် လေယာဉ်လောင်စာဆီ လိုအပ်မှုမှာ လက်ရှိအနေအထားအရ တစ်ရက်လျှင် ဂါလန် ၅၃၀၀၀ ရှိကြောင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။ ယင်းဖက်စပ်လုပ်ငန်းမှ တာဝန်ရှိသူများသည် ဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်တင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး၊ ရေနံသန့်စင်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေး အပါအဝင် ၄င်းတို့၏ အစီအမံများကို ဒီဇင်ဘာလတွင်ကျင်းပမည့် အစည်းအဝေး၌ ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အပြင် ယင်းအစည်းအဝေး၌ ဂဟေဆော်ခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ပြုပြင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း တစ်ကျောင်းကိုလည်း ရန်ကုန်မြို့၌ တည်ဆောက်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကိုအောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## လှပတော့မည့် မနက်ဖြန်များ

* ပြည်သူမျှော်မှန်း၊ ငြိမ်းချမ်းပန်းကို
ပွင့်လန်းစေရန်၊ ဆန္ဒမှန်ဖြင့်
ရည်သန်ပြည်ကျိုး၊ ဆောင်သယ်ပိုးသည်
မျိုးချစ်ဇာနည် ပီတကား။

* တည်ငြိမ်မှ အေးချမ်း
အေးချမ်းမှ ဖွံ့ဖြိုး
ဖွံ့ဖြိုးမှ တိုးတက်
မျိုးဆက်သစ် အနာဂတ်
ဆင့်ထပ်ခေတ်မီ၊ ဖွံ့ဖြိုးစည်အောင်
ရည်မျှော်လေးနက်၊ ခံယူချက်ဖြင့်
တွဲလက်ခိုင်ကျည်၊ ညီကြပြီတည့်
ဇာနည်သားကောင်း ပီတကား။

* တစ်အူထုံ့ဆင်း၊ ညီနောင်ရင်းမို့
သွေးချင်းစစ်မှန်၊ မျိုးချစ်မာန်ဖြင့်
ပြန်လှန်လေးစား၊ နှလုံးသားဖြင့်
ရိုးသားစိတ်ဝမ်း၊ ကိုယ်စီလွှမ်းကာ
ငြိမ်းချမ်းရေးကို၊ လက်ကမ်းကြိုသည်
ညီအစ်ကိုသားချင်း ပီတကား။

* ဩော်. . . . .
ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုကြီး၊ ရှေ့ခရီးဝယ်
"ဥ" လည်းမကွဲ၊ "သိုက်"လည်းမပျက်
တွဲလက်ခိုင်မာ၊ ချစ်ကြည်စွာဖြင့်
ညီညာဆောင်မူ၊ ပြည်ကျိုးရှုမို့
ပြည်သူ့သားပီ
အာဇာနည်များ၊ စွမ်းပကားကို
လေးစားဂုဏ်ယူ မဆုံးပြီတကား။
ပြည်သူအားလုံး ပီတိပွား။
လှပတော့မည့် မနက်ဖြန်များ။ ။

**၁၅-၁၀-၂၀၁၅ ရက်နေ့တွင်ကျင်းပခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကြီးသို့ ဝမ်းမြောက်စွာဂုဏ်ပြုလျက်....**

**မျိုးမြတ်မြတ်မြင့်မောင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲလက်မှတ်များ ထပ်မံရိုက်နှိပ်ပေးရန်အပ်နှံမှုအပေါ် အချိန်မီပုံနှိပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အပ်နှံမှုနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ယူပုံနှိပ်လျက်ရှိသည်။

ထိုသို့ ပုံနှိပ်ရာတွင် ဆန္ဒမဲလက်မှတ် အမျိုးအစား ၁၁၅၉ မျိုး၊ မဲလက်မှတ်အရေအတွက် ၁၂၉၇၉၃၆၂၂ ရွက်ကို စက်တင်ဘာ ၁၁ ရက်က စတင်ပုံနှိပ်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး ဆောင်ရွက်ပြီးမဲလက်မှတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးလျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်အတွက် စောင်ရေ ၃၇၉၀၀၊ ကရင်ပြည်နယ်အတွက် စောင်ရေ ၁၂၀၀၀၊ ချင်းပြည်နယ်အတွက် စောင်ရေ ၁၀၇၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် စောင်ရေ ၃၃၅၀၀၊ တနင်္သာရီတိုင်းဒေသကြီးအတွက် စောင်ရေ ၈၄၅၅၀၊ ပဲခူးတိုင်းဒေသကြီးအတွက် စောင်ရေ ၉၈၀၀၊ မန္တလေးတိုင်းဒေသကြီးအတွက် စောင်ရေ ၉၆၀၀၊ မွန်ပြည်နယ်အတွက် စောင်ရေ ၂၃၄၀၀ နှင့် ရှမ်းပြည်နယ်အတွက် စောင်ရေ ၂၆၄၆၅၀ စုစုပေါင်း စောင်ရေ ၄၈၆၁၀၀ ကို ထပ်မံရိုက်နှိပ်ပေးရန် အပ်နှံလာသဖြင့် အချိန်မီပြီးစီးရေး ဆက်လက်ပုံနှိပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် မဲရုံပေါင်း ၃၂ ရုံတို့၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ကြမည်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၇**

ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်မှ အရွေးချယ်ခံကြမည့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်လောင်းငါးဦး၊ ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်တွင် ကိုယ်စားလှယ်လောင်းလေးဦးနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်တွင် ကိုယ်စားလှယ်လောင်းသုံးဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမည်ဖြစ်သည်။

ယင်းပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံး၌ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ပြည်သူနှစ်သိန်းကျော်ရှိပြီး မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ကြရန် တစ်မြို့နယ်လုံးတွင် မဲရုံပေါင်း ၃၂ ရုံရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# မြောက်ကိုရီးယားကို ခြောက်နိုင်ငံဆွေးနွေးပွဲပြန်လာရေး အမေရိကန်နှင့်တောင်ကိုရီးယားက တရုတ်နှင့်အတူ ကြိုးပမ်းမည်



**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား ခြောက်နိုင်ငံဆွေးနွေးပွဲကို စောနိုင်သမျှ စောစောဆွေးနွေးနိုင်ရန် တရုတ်နှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း သောကြာနေ့က ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

"ကျွန်တော်တို့အနေနဲ့ မြောက်ကိုရီးယားနိုင်ငံကို အဓိပ္ပာယ်ရှိတဲ့ ဆွေးနွေးပွဲသို့အမြန်ဆုံးပြန်လာဖို့ တရုတ်နိုင်ငံနဲ့ရော အခြားနိုင်ငံတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးတို့အကြား ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်-တောင်ကိုရီးယား ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် မြောက်ကိုရီးယားနှင့်ပတ်သက်၍ ပထမဆုံး ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်အရေးတွင် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ တရုတ်နှင့် တောင်ကိုရီးယားအကြား ဆက်ဆံရေးကိုလည်း ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်မှုကို မြင်တွေ့လိုကြောင်း သမ္မတအိုဘားမားက ထုတ်ဖော် ပြောကြားလိုက်သည်။

**(ဆင်ဟွာ)**

## ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်မှုတားဆီးရန် ဟန်ဂေရီက ခရိုအေးရှားနယ်စပ်ကိုပိတ်ပြီ

**ဥရောပ အောက်တိုဘာ ၁၇**

ဟန်ဂေရီက ဥရောပအနောက်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်သူများ ယင်းနိုင်ငံကိုဖြတ်၍ သွားလာခြင်းမပြုလုပ်နိုင်ရန် ခရိုအေးရှားနှင့် နယ်စပ်ကို ပိတ်ထားလိုက်ပြီဖြစ်သည်။

ယင်းကဲ့သို့ နယ်စပ်ခြံစည်းရိုးပိတ်ပင်လိုက်ခြင်းသည် ဆလိုဗေးနီးယားသို့ တိုက်ရိုက်အစားဝင်ရောက်မှုကို စတင်လိုက်ခြင်းဖြစ်ကြောင်း ခရိုအေးရှားက ပြောသည်။ ဟန်ဂေရီနိုင်ငံသည် သြစတြီးယားနှင့်ဂျာမနီနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်သူများသွားရောက်ရာတွင် အဓိက ခရီးတစ်ထောက် စခန်းချနေထိုင်ရာ နိုင်ငံဖြစ်သည်။

အီးယူခေါင်းဆောင်များက ဂရိသို့ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်မှုကို တားဆီးနိုင်ရန် ဟန်ဂေရီကျောထောက်နောက်ခံပြုသော အစီအစဉ်တစ်ရပ်အပေါ် သဘောထားကွဲလွဲကြပြီးနောက် သောကြာနေ့တွင် ဟန်ဂေရီက အဆိုပါ နယ်စပ်ကိုပိတ်ရန် ကြေညာလိုက်ခြင်းဖြစ်သည်။ သောကြာနေ့ ညသန်းခေါင်ယံမှစတင်ကာ အဆိုပါနယ်စပ်ကို သံဆူးကြိုးများဖြင့် ဟန်ဂေရီတပ်ဖွဲ့ဝင်များက ပိတ်ပစ်လိုက်ပြီး ဖြစ်သည်။

အဆိုပါရွှေ့ပြောင်း နေထိုင်သူများ နောက်ဆုံးဝင်ရောက်ရန် ခွင့်ပြုမှုမတိုင်မီ မိနစ်ပိုင်းအလို ဇာကမ်နီကျေးရွာအနီး ရာပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိလာကြသည်။ နောက်ဆုံးခရီးသွားများ နယ်စပ်ကိုဖြတ်ကျော်သွားပြီးနောက် ဟန်ဂေရီ တပ်ဖွဲ့ဝင်တစ်ဦးက "ပိတ်လိုက်တော့"ဟု အော်ဟစ်ပြောဆိုလိုက်သည်။

**(ရိုက်တာ)**

## ရွှေ့ပြောင်းနေထိုင်သူများ ဆလိုဗေးနီးယား ဝင်ခွင့်ပေး

**ဂျာနာ အောက်တိုဘာ ၁၇**

ဟန်ဂေရီက ခရိုအေးရှားနယ်စပ်ကို ပိတ်လိုက်ပြီးနောက် စနေနေ့က ခရီးသည်အပြည့်တင်ဆောင်ထားသော ဘက်စ်ကားတစ်စီး ဆလိုဗေးနီးယားသို့ရောက်ရှိလာကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါဘက်စ်ကားသည် ဂရုကော့ဗျိနယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူများအား မှတ်ပုံတင်ခြင်းများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဘိုဂျန်ကီတဲလ်က ရိုက်တာသို့ပြောသည်။

ဘက်စ်ကားပေါ်တွင် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် မည်မျှပါဝင်ကြောင်းကို မသိသေးသော်လည်း ခရိုအေးရှားမှ ရထားဖြင့် ဝင်ရောက်မည့်အစီအစဉ်ကို ဆလိုဗေးနီးယားက ပယ်ချခဲ့သည်။ သြစတြီးယားနှင့်ဂျာမနီတို့က ရွှေ့ပြောင်းနေထိုင် သူများဝင်ရောက်မှုကို တံခါးဖွင့်ထားမည်ဆိုလျှင် ရွှေ့ပြောင်းနေထိုင်သူများ ဖြတ်ကျော်ဝင်ရောက်မှုကို တင်းကျပ်မှုများပြုလုပ်မည်မဟုတ်ကြောင်း ဆလိုဗေးနီးယားနှင့် ခရိုအေးရှားတို့က သောကြာနေ့တွင် ပြောကြားလိုက်သည်။

**(ရိုက်တာ)**

# မက္ကဆီကို မူးယစ်ရာဇာ လုံခြုံရေးတင်းကျပ်သောထောင်မှ ထွက်ပြေး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၇**

မက္ကဆီကိုမူးယစ်ရာဇာ ဂဇ်မန်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များလက်မှ လွတ်မြောက်သွားကြောင်း၊ ၎င်းသည် နိုင်ငံ၏အနောက်မြောက်ပိုင်း စစ်ဆင်ရေးတွင် ဒဏ်ရာရရှိသွားကြောင်း မက္ကဆီကိုအစိုးရက အောက်တိုဘာ ၁၆ ရက်နေ့ထုတ် ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးမှုမှ ရှောင်တိမ်းစဉ် ဂဇ်မန်း၏ ခြေထောက်နှင့်မျက်နှာတို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်အရ သိရသည်။

ဆီနာလိုဝါ မူးယစ်ဆေးမှောင်ခိုခေါင်းဆောင် ဂဇ်မန်းသည် ဇူလိုင် ၁၁ ရက်က မက္ကဆီကိုမြို့ပြင်ရှိ လုံခြုံရေးတင်းကျပ်သော အယ်တီပလာဒိုအကျဉ်းထောင်မှ လွတ်မြောက်သွားခဲ့သည်။ ၎င်းကို ဖမ်းဆီးထားသော အခန်း၏အောက်တွင် ၁ ဒသမ ၅ ကီလိုမီတာ ဥမင်လိုဏ်ခေါင်းမှတစ်ဆင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။




၎င်းလွတ်မြောက်မှုက ပြည်သူလူထုကြား အုတ်အော်သောင်းတင်း ဖြစ်ပွားစေခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ၎င်းကိုဖမ်းဆီးရန် စစ်ဆင်ရေးများကို နိုင်ငံ၏အနောက်မြောက်ဘက်ဒေသများတွင် ပြုလုပ်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။ ၎င်းမူးယစ်ရာဇာကို ပြန်လည်ဖမ်းမိရန် စစ်ဆင်ရေးများ ဆက်လက် ပြုလုပ်မည်ဖြစ်ကြောင်း အစိုးရက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ယခင်ဆိုဗီယက်နိုင်ငံများမှ လူပေါင်း ၅၀၀၀ မှ ၇၀၀၀ကြား အိုင်အက်စ်တို့နှင့်ပူးပေါင်း



**မော်စကို အောက်တိုဘာ ၁၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယခင်ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံများမှ လူပေါင်း ၅၀၀၀ မှ ၇၀၀၀ ကြား အိုင်အက်စ်စစ်သွေးကြွများ နှင့် ပူးပေါင်းတိုက်ခိုက်နေကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့် ဘယ်လာရုဇ်အပါအဝင် ယခင်ဆိုဗီယက်ပြည်ထောင်စု ခေါင်းဆောင်များသည် ဆီးရီးယားတွင်ဖြစ်ပေါ်နေသော အခြေအနေများကို ဆွေးနွေးရန်အတွက် အောက်တိုဘာ ၁၆ ရက်က ကာဇက်စတန်၌ တွေ့ဆုံစည်းဝေးကြသည်။

ဆီးရီးယားတွင် ရုရှားက လေကြောင်းချီ တိုက်ခိုက်မှုများပြုလုပ်နေသည်။

ဆီးရီးယား၌ အိုင်အက်စ်တို့ကို တိုက်ခိုက်ပြီး ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသော အဖွဲ့များကို ၎င်းတို့၏ အတွေ့အကြုံများ ပြန်လည်အသုံးပြုရန် ခွင့်မပြုကြောင်း ပူတင်က ယင်းစည်းဝေးသို့တက်ရောက်လာသော ခေါင်းဆောင်များကို ပြောခဲ့သည်။

အိုင်အက်စ်တို့နှင့် ပူးပေါင်းပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသော တပ်ဖွဲ့များကို ကာကွယ်ရန်အတွက် ယခင်ဆိုဗီယက်နိုင်ငံခေါင်းဆောင်များအကြား အရေးယူစုံစမ်းမှုများပြုလုပ်ရန် ပူတင်က တိုက်တွန်းလိုက်သည်။

အိုင်အက်စ်အုပ်စုများက ရုရှားကို လက်တုံ့ပြန်ရန် မွတ်ဆလင်ကမ္ဘာကို တိုက်တွန်းပြောကြားခဲ့သည်။

အချို့ ရုရှားအတိုက်အခံ ပါတီခေါင်းဆောင်များက လေကြောင်းချီ တိုက်ခိုက်မှုများသည် အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြင့်လာစေသည်ဟု ပြစ်တင်ဝေဖန်လျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

# ဒေသခံပြည်သူတွေအပါအဝင် တိုင်းရင်းသားအားလုံး နိုင်ငံသားအားလုံးငြိမ်းချမ်းရေးမှာ တာဝန်ရှိတယ်

ဦးကိုကိုကြီး (၈၈)မျိုးဆက်

*(ယမန်နေ့မှအဆက်)*

**မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့ကြသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထိုဖိတ်ခေါ်မှုသည် ယနေ့မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစပျိုးလုပ်ငန်းစဉ်ပင်ဖြစ်သည်။**

**စိတ်ရှည်သည်းခံမှု၊ တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်နားလည်မှုတန်ဖိုးများဖြင့် ဆွေးနွေးရရှိခဲ့ကြသော ဤစာချုပ်သည် အပစ်အခတ်ရပ်စဲရေး သက်သက်သာမက တိုင်းရင်းသား လူမျိုးစုများအကြားတွင် ကာလရှည်ကြာ ပျောက်ဆုံးနေခဲ့သည့် အပြန်အလှန်ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း ဆုလာဘ်ကိုလည်း တစ်ပါတည်း ဆောင်ကြဉ်းနိုင်ခဲ့ရာ အလွန်တန်ဖိုးရှိလှသည်။**

**အဆိုပါ "ဆုလာဘ်" များ ဆောင်ကြဉ်းပေးနိုင်မှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



SUN Guoxiang



ဦးမိုက်ကယ်ပန် အင်တာနယူးစ်



ဦးကိုကိုကြီး (၈၈ မျိုးဆက်)

**SUN Guoxiang**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးသံတမန်**

ဒီနေ့မှာ ကျွန်တော်အင်မတန်စိတ်လှုပ်ရှားတယ်။ နှစ်ပေါင်းများစွာ ပစ်ခတ်တိုက်ခိုက်မှုတွေရှိခဲ့ပြီးတော့ ဒီနေ့မှာ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးနိုင်တယ်ဆိုတော့ ဝမ်းသာမိပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးမရှိရင် ဘာမှလုပ်လို့မရပါဘူး။ အဲဒါလည်း ပြည်သူလူထုအားလုံးက မျှော်လင့်ထားတဲ့အရာပါ။ အားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းနေပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျွန်တော်တို့ တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တာနဲ့အညီ အဲဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို အမြဲတမ်းအလေးထားပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်အစကတည်းက ကျွန်တော့်ကို တရုတ်နိုင်ငံက အထူးသံတမန်အဖြစ်ခန့်အပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းအတွက် တရုတ်နိုင်ငံအနေနဲ့ တက်တက်ကြွကြွ ပါဝင်ကူညီပေးနေပါတယ်။ ဒီကိစ္စအားလုံးဟာလည်း မြန်မာနိုင်ငံအတွက် ကြိုးပမ်းတာ ဖြစ်ပါတယ်။ မြန်မာပြည်သူလူထုအကျိုးအတွက်ပဲဖြစ်ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးတဲ့အခမ်းအနားမှာ အဖွဲ့ရှစ်ဖွဲ့ပဲ လက်မှတ်ရေးထိုးခဲ့တယ်ဆိုပေမယ့် မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ အရင်တုန်းကလည်း ကူညီခဲ့တယ်။ အခုလည်း မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး ထောက်ခံနေသလို အနာဂတ်မှာလည်း ဆက်လက်ပြီး အကူအညီတွေ ပေးသွားဦးမှာပါ။

**ဦးမိုက်ကယ်ပန်**

**အင်တာနယူးစ်**

ကျွန်တော်တို့ အင်တာနယူးစ်အနေနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်အောင် သတင်းသမားတွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ပိုပြီး ထဲထဲဝင်ဝင်နဲ့ ဘက်မျှတဲ့၊ ပဋိပက္ခကို ပြေလည်အောင်ဦးတည်စေတဲ့ သတင်းမျိုးတွေရေးနိုင်အောင် သင်တန်းတွေပေးခဲ့ပါတယ်။ မီဒီယာရဲ့ကဏ္ဍက အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။ မီဒီယာတွေကနေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပြည့်ပြည့်စုံစုံရေးသား တင်ပြနိုင်မယ်။ ရှိနေတဲ့အခက်အခဲတွေကိုလည်း တင်ပြနိုင်မယ်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ သက်ဆိုင်နေတဲ့ ဘက်ပေါင်းစုံက အခြေအနေတွေကို သိရှိပြီး ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ ပိုပြီးအဆင်ပြေလာမယ်။ အဲဒီယူဆချက်နဲ့ သင်တန်းပေးခဲ့တဲ့အတွက် အခုလိုလက်မှတ်ရေးထိုးနိုင်ပြီဆိုတော့ မီဒီယာတွေဘက်က ဂုဏ်ယူတယ်လို့ ပြောပါရစေ။

မီဒီယာကဏ္ဍက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မပြီးသေးဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း မပြီးသေးတဲ့အတွက် မီဒီယာတွေအနေနဲ့ ပိုပြီးတော့ လုပ်စရာတွေများလာမယ်လို့ထင်တယ်။ ပထမအဆင့်တော့ လက်မှတ်ရေးထိုးပြီးရင် ဘာဆက်လုပ်ရမလဲ။ ပြည်သူလူထုက လက်မှတ်ရေးထိုးတာနဲ့ ပတ်သက်ပြီး ပိုမိုနားလည်အောင် မီဒီယာတွေအနေနဲ့ ဘာတွေဆက်ပြီး ရေးပေးရဦးမလဲ၊ တင်ပြပေးရဦးမလဲဆိုတာ အများကြီးလုပ်ဖို့ ရှိနေပါသေးတယ်။ အခုလက်မှတ်ရေးထိုးလိုက်တဲ့ နေရာတွေမှာရှိတဲ့ မီဒီယာတွေအနေနဲ့လည်း ပြည်သူလူထုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ သက်ဆိုင်နေတဲ့ သူတွေနဲ့ ကြားထဲမှာ နားလည်မှုတွေပိုရှိလာအောင် လုပ်ဆောင်ပေးရဦးမှာမို့ မီဒီယာကဏ္ဍကပိုလို့တောင် အရေးပါလာတယ်လို့ မြင်မိတယ်။ လက်မှတ်ရေးထိုးပြီးတဲ့နောက် လုပ်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေစတဲ့ အကြောင်းအရာတွေကို ပြည်သူလူထုသိရှိအောင် မီဒီယာကဏ္ဍကနေ အများကြီးလုပ်ဆောင်ပေးဖို့ လိုအပ်နေပါသေးတယ်။

**ဦးကိုကိုကြီး (၈၈ မျိုးဆက်)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်က အားလုံးပါဝင်တဲ့ လက်မှတ်ရေးထိုးပွဲတော့ ဖြစ်မလာသေးဘူး။ သို့သော် အားလုံးပါဝင်တဲ့ လက်မှတ်ရေးထိုးပွဲအဆင့်ရောက်ဖို့ ဒါပထမခြေလှမ်းလို့ ယုံကြည်ပါတယ်။ နောက်လက်မှတ်ရေးထိုးမှုမလုပ်နိုင်သေးပေမယ့် ဒီစာချုပ်မူကြမ်းဖြစ်ပေါ်လာတဲ့အထိ ပူးပေါင်းကြိုးပမ်းခဲ့တဲ့ တိုင်းရင်းသားရဲဘော်များကိုလည်း ကျွန်တော်တို့က ဂုဏ်ပြုရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာ မရေးထိုးရသေးတဲ့ပုဂ္ဂိုလ်တွေကို ရေးထိုးပြီးတဲ့ပုဂ္ဂိုလ်များက တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှုနဲ့ ဒီဖြစ်စဉ်ကို ကျယ်ပြန့်လာအောင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တကယ်အကောင်အထည်ပေါ်လာအောင် ကျွန်တော်တို့အားလုံးဆောင်ရွက်ကြဖို့လိုပါတယ်။ NCA မှာ တကယ်အကျိုးခံစားရတာကတော့ ဒေသခံတွေပါ။ ဒါကြောင့် ဒေသခံပြည်သူတွေအပါအဝင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းရေးမှာ တာဝန်ရှိပါတယ်။

**မေး၊ ရေး- သတင်းအဖွဲ့**

---

# ဗေလုဝ၏ ကြိုးနှင့်ချည်ထားသောဗာရာဏသီအတွက် တိုင်ကြားခံရသူများက အစည်းအရုံးသို့ ပြန်လည်ဖြေရှင်းခြင်းမရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရုပ်ရှင်ရိုက်ကူးရန် အတွက် လိုင်စင်ကြေး၊ ဒါရိုက်တာကြေးနှင့် ဇာတ်လမ်း၊ ဇာတ်ညွှန်းကြေးများ ပေးချေထားသော်လည်း ပျက်ကွက်ကာ အခြားရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းတစ်ခုနှင့် ရိုက်ကူးထုတ်လုပ်ခဲ့သဖြင့် တိုင်တန်းခံရသူတို့ကို ခေါ်ယူသော်လည်း လာရောက်ဖြေရှင်းခြင်းမရှိသောကြောင့် မူလတိုင်ကြားသူ သဘောအတိုင်း ဆက်လက်လုပ်ဆောင်နိုင်သည်ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ပြန်ကြားထားကြောင်း သိရသည်။

သရုပ်ဆောင် ဦးဗေလုဝရေးသားထားသည့် ကြိုးနှင့်ချည်ထားသော ဗာရာဏသီ ဇာတ်ကားအတွက် လိုအပ်သည့် အနုပညာကြေးအချို့ကို ပေးချေထားသော်လည်း သရုပ်ဆောင် ဦးဗေလုဝ၊ ဦးတေဇာကျော်နှင့် ဒါရိုက်တာ သားကြီးတို့ဇနီးမောင်နှံက ယင်းဇာတ်ကားကို စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးဖြင့် ပြောင်းလဲရိုက်ကူးခဲ့သည်ဟု မူလထုတ်လုပ်သူက တိုင်ကြားခဲ့ခြင်းဖြစ်သည်။

မူလထုတ်လုပ်သူ ဒုတိယနှစ် အဝေးသင်တက္ကသိုလ် တက်ရောက်နေသော မအိသဥ္ဇာကျော်က ယင်းကိစ္စရပ်ကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ စာရေးသား တိုင်ကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးထံသို့ ဖြေရှင်းညှိနှိုင်းပေးနိုင်ရန် အကြောင်းကြားခဲ့ကြောင်း၊ တိုင်ကြားခံရသူများအား ဖြေရှင်းညှိနှိုင်းရန်အတွက် အစည်းအရုံးက မအိသဥ္ဇာကျော် တိုင်ကြားသည့် အစောပိုင်းကတည်းကပင် ဆင့်ခေါ်ခဲ့သော်လည်း ဦးဗေလုဝတို့ဘက်မှ လာရောက်ဖြေရှင်းခြင်းမရှိခဲ့ကြောင်း သိရသည်။

တိုင်ကြားသူမှာ အနုပညာသင်တန်းဆင်း အစ်မဖြစ်သူ၏ သရုပ်ဆောင်လုပ်ငန်း တိုးတက်စေရန်အတွက် မိတ်ဆွေဖြစ်သူ ဦးတေဇာကျော်နှင့် ဆက်သွယ်ကာ ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေးလိုင်စင်ရရှိရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ငွေကြေးများ စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး သရုပ်ဆောင် ဦးဗေလုဝရေးသားသည့် "ကြိုးနှင့်ချည်ထားသော ဗာရာဏသီ" ဟာသဇာတ်လမ်းကို ရုပ်ရှင်စတင်ရိုက်ကူးရန် ဆွေးနွေးဖြစ်ခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

လိုင်စင်လုပ်ရန်၊ ဇာတ်လမ်း ဇာတ်ညွှန်းခနှင့် သရုပ်ဆောင်ခ၊ ဒါရိုက်တာ၊ ဇာတ်ရန်များ၏ ကြိုတင်ငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၉၁ သိန်းကို အလီလီပေးအပ်ခဲ့ပြီးနောက် အဆက်အသွယ်မရရှိတော့ဘဲ အခြားရုပ်ရှင်လုပ်ငန်းတစ်ခုနှင့် ရိုက်ကူးခဲ့ခြင်းကြောင့် မအိသဥ္ဇာကျော်က ပြန်ကြားရေးဝန်ကြီးထံသို့ လိပ်မူကာ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စကို ဖြေရှင်းညှိနှိုင်းပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အသိပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နှစ်ဖက်ညှိနှိုင်းပေးရန် ကြိုးစားသော်လည်း တိုင်ကြားခံရသူများက လာရောက်ဖြေရှင်းခြင်းမရှိသည့်အတွက် မအိသဥ္ဇာကျော်၏ သဘောဆန္ဒအရ ဆက်လက်လုပ်ဆောင်လိုပါက လုပ်ဆောင်နိုင်သည်ဟု ပြန်လည်အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရှိရသည်။

မတ်လပထမပတ်တွင် ရုပ်ရှင်ရိုက်ကူးရန် သဘောတူထားသော်လည်း ဧပြီလတွင် ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယင်းဇာတ်ကားကို ရိုက်ကူးရန် ပြောကြားထားသည်ကို သိခဲ့ရပြီးနောက် စိမ်းဝါနီရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးမှ ယင်းဇာတ်ကားကို ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်သိရှိခဲ့ရသည်ဟု မအိသဥ္ဇာကျော်ထံမှ သိရှိရသည်။



Photo- Myanmar Celebrity.tv

"ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ငွေကြေးတွေကို ထိခိုက်နစ်နာဆုံးရှုံးမှုတွေဖြစ်အောင် အဖြစ်မှန်ကို ဖုံးကွယ်ပြီး ဂျာနယ်တွေမှာ မဟုတ်မမှန် ရေးသားပြောဆိုခဲ့တဲ့အတွက် သရုပ်ဆောင် ဦးဗေလုဝ၊ ဦးတေဇာကျော်နဲ့ ဒါရိုက်တာသားကြီးတို့ ဇနီးမောင်နှံနဲ့အတူ သက်သေလက်မှတ်ထိုးထားတဲ့ ဒေါ်မြင့်မြင့်အုန်းတို့ကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပေးနိုင်ဖို့ တိုင်တန်းရခြင်း ဖြစ်ပါတယ်"ဟု မအိသဥ္ဇာကျော်က သူ၏တိုင်တန်းရခြင်းအကြောင်းကို ရေးသားထားသည်။

**ကိုကိုဇော်**

# လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်သည့် အနည်းဆုံးအခကြေးငွေပြဿနာ

မောင်စေတနာ

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီ တစ်နာရီလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ငွေကျပ် ၃၆၀၀ ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်က သတ်မှတ်ပေးလိုက်တဲ့နောက်ပိုင်းမှာ အလုပ်ရှင်နှင့် အလုပ်သမားကြား လုပ်ခလစာနဲ့ ပတ်သက်ပြီးတော့ အငြင်းပွားမှုတွေ အတော်လေးလျော့နည်းသွားမယ်လို့ မျှော်လင့်ခဲ့ကြသော်လည်း နောက်ထပ်ဖြစ်ပေါ်လာတဲ့ ပြဿနာတစ်ခုက အလုပ်ရှင်တွေအနေနဲ့ သတ်မှတ်ပေးထားတဲ့ အနည်းဆုံးလုပ်ခ ငွေကျပ် ၃၆၀၀ ကို ဥပဒေနဲ့အညီ ပေးလာကြပေမယ့် ယခင်ကမက်လုံးအနေနဲ့ ပေးထားကြတဲ့ လုပ်သက်ကြေးတို့၊ ဆုကြေးတို့၊ ရက်မှန်ကြေးတို့၊ အပိုထောက်ပံ့ကြေးတို့၊ ဖယ်ရီကြေးတို့စတာတွေကို လျှော့ပေါ့ဖြတ်တောက်လိုက်တဲ့အတွက် အလုပ်သမားတွေဘက်က မကျေနပ်မှုတွေဖြစ်ပေါ်နေတာကို တွေ့ရှိနေရပါတယ်။

ဒီနေရာမှာ အလုပ်ရှင်ရော၊ အလုပ်သမားပါ လိုက်နာကြရမယ့် အနည်းဆုံးအခကြေးငွေဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေတွေကို လေ့လာကြည့်လိုက်တော့ အလုပ်သမားများအနေနဲ့ သတ်မှတ်ပေးထားတဲ့ အနည်းဆုံးအခကြေးငွေနဲ့ အဲဒီအခြေခံလုပ်ခလစာအပေါ်မှာ ဥပဒေနဲ့အညီ သတ်မှတ်ပေးထားတဲ့ အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိပြီး ရက်မှန်ကြေး၊ ဆုကြေးနဲ့ ရှားပါးစရိတ်စတဲ့ အပိုထောက်ပံ့ကြေးတွေကို အလုပ်ရှင်များက သူတို့ရဲ့လုပ်ငန်းအောင်မြင်မှုနဲ့ အကျိုးအမြတ်တို့အပေါ်မှာ မူတည်ပြီးတော့ အလုပ်သမားကို ချီးမြှင့်နိုင်တယ်လို့ ဖော်ပြထားတဲ့အတွက် ဒီအပိုထောက်ပံ့ကြေးတွေကို ဥပဒေအရ အလုပ်ရှင်တွေက မဖြစ်မနေပေးရမယ်လို့ သတ်မှတ်ထားခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါဟာလည်း အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေကို အလုပ်လုပ်အောင်၊ ကုန်ထုတ်စွမ်းအား တိုးတက်အောင် မက်လုံးပေးပြီးလုပ်ကြတဲ့လမ်းစဉ်တစ်ခုဖြစ်လို့ ဒီလို အပိုထောက်ပံ့ကြေးတွေကို နိုင်ငံတကာမှာလည်း လုပ်ငန်းအောင်မြင်မှုအပေါ် မူတည်ပြီးတော့သာ ပေးလေ့ရှိတာကို တွေ့ရှိရပါတယ်။

အခု ကျွန်တော်တို့ မြင်တွေ့နေရတာက အဲဒီလို အပိုထောက်ပံ့ကြေးတွေကို မဖြစ်မနေ ပေးရမယ်ဆိုပြီး တောင်းဆိုနေကြတာမျိုးဖြစ်ပါတယ်။ အလုပ်ရှင်အနေနဲ့ လုပ်ငန်းကျွမ်းကျင်သူတွေ၊ အလုပ်ကြိုးစားသူတွေကို အပိုထောက်ပံ့ကြေးပေးဖို့ ဝန်လေးမှာ မဟုတ်သော်လည်း လုပ်ငန်းမကျွမ်းကျင်သူ၊ အလုပ်မကြိုးစားသူတွေကိုကျတော့ တန်းတူပေးဖို့ ဝန်လေးကြမယ်ဆိုတာကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဘယ်နေရာမှာမဆို သူ့အကျိုးစီးပွားနဲ့ ကိုယ့်အကျိုးစီးပွားဆိုတဲ့အပိုင်းနှစ်ပိုင်းဟာ တစ်ပိုင်းနဲ့တစ်ပိုင်း အပြန်အလှန်အကျိုးပြုမှုသာ ဖြစ်ထွန်းနိုင်မှာမို့လို့ ဒါတွေကို အလုပ်ရှင်ရော၊ အလုပ်သမားပါ သဘောပေါက်ကြဖို့လိုပါတယ်။ လုပ်ခလစာဆိုတာ လုပ်အားနဲ့ တိုက်ရိုက်အချိုးကျနေသလို ကုန်ထုတ်စွမ်းအားနဲ့လည်း အပြန်အလှန်ဆက်စပ်နေတာကို သိရှိလက်ခံကြဖို့လိုပါတယ်။

အလုပ်သမားတွေဘက်ကလည်း အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးနောက်ပိုင်းမှာ မိမိတို့ရဲ့ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီအောင် ဆောင်ရွက်ရမှာဖြစ်သလို လက်ရှိရနေသောလုပ်ခသည် ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသကဲ့သို့ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက်ပိုမိုရရှိနေပါက ပိုမိုရရှိနေသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရှိသည်ဟု အနည်းဆုံးအခကြေးငွေနည်းဥပဒေမှာ ပါရှိတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့် အလုပ်ရှင်ရော အလုပ်သမားပါ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ကြဖို့ လိုမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနည်းဆုံးအခကြေး သတ်မှတ်ပေးပြီးခါမှ ရရှိတဲ့ လုပ်ခလစာဟာ အရင်ကထက် နည်းသွားတယ်ဆိုပြီး တချို့အလုပ်သမားတွေ ပြောနေကြတဲ့အသံတွေကိုလည်း ကြားနေရပါတယ်။ အမှန်တကယ်ဟုတ်ခဲ့ရင်တော့ ဒါဟာ မဖြစ်သင့်တဲ့ကိစ္စတစ်ခုလို့လည်း ထင်ပါတယ်။

မြန်မာနိုင်ငံမှာ အခုလို အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးချိန်မှာ နောက်ဆက်တွဲဖြစ်လာတဲ့ နောက်ပြဿနာတစ်ခုကတော့ အထည်ချုပ်စက်ရုံအချို့ ပိတ်သွားတာတို့၊ နစ်နာကြေးပေးပြီး အလုပ်သမားလျှော့ချနေတာတို့ပဲဖြစ်ပါတယ်။ အမှန်မှာတော့ မြန်မာနိုင်ငံက အထည်ချုပ်လုပ်ငန်းတွေမှာ တိုက်ရိုက်အလုပ်ရတဲ့စက်ရုံနဲ့ တစ်ဆင့်ခံအလုပ်ရတဲ့ စက်ရုံဆိုပြီး နှစ်မျိုးနှစ်စားရှိရာမှာ အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးနောက်ပိုင်းမှာ တိုက်ရိုက်အလုပ်ရတဲ့ အထည်ချုပ်စက်ရုံတွေအတွက် ပြဿနာမရှိပေမယ့် လုပ်ခနည်းနည်းပဲရတဲ့ တစ်ဆင့်ခံစက်ရုံတွေအတွက် အခက်အခဲရှိလာတဲ့အပြင် အလုပ်အမှာစာရရှိမှု လျော့လာတဲ့အတွက် လုပ်သားအင်အားကိုလျှော့ချရတဲ့ အထည်ချုပ်စက်ရုံတွေရှိလာတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

**■ အလုပ်ရှင်တွေအနေနဲ့ မိမိစက်ရုံ၊ အလုပ်ရုံကို အရောက်အပေါက်နည်းပြီး လုပ်ငန်းခွင်စီမံခန့်ခွဲမှုကိစ္စတွေကို မန်နေဂျာတွေ၊ ကြီးကြပ်သူတွေနဲ့ လွှဲထားတဲ့အတွက်ကြောင့်လည်း အလုပ်ရှင်နဲ့ အလုပ်သမားတွေ ထိတွေ့မှုနည်းပြီး သံယောဇဉ်မရှိကြလို့ ပြဿနာဖြစ်လာရင် သည်းမခံကြဘဲ အကြိတ်အခဲတွေနဲ့ ဖြေရှင်းနေကြတဲ့အတွက် အပ်နဲ့ထွင်းလို့ရတဲ့ကိစ္စကို ပုဆိန်နဲ့ပေါက်ပြီး ဖြေရှင်းနေကြရတာ ဖြစ်ပါတယ်**

အမှန်မှာတော့ အလုပ်နဲ့ လုပ်သားအင်အားဟာ အချိုးကျတာမို့ အလုပ်လျော့လာရင် လုပ်သားအင်အားလျှော့ရတာက သဘာဝကျပါတယ်။ ဒီလို အခြေအနေမျိုးမှာ မူလကတည်းက လုပ်သားလျှော့ချင်နေတဲ့ အလုပ်ရှင်တွေအတွက် အကွက်ကောင်းရပြီး မိမိတို့မလိုချင်တဲ့ အလုပ်သမားတွေကို နစ်နာကြေးပေးပြီး လျှော့ချနေတာတွေ လုပ်လာကြပါတယ်။ ဒီနေရာမှာ နဂိုကတည်းက အလုပ်ကြိုးစားပြီး ကျွမ်းကျင်မှုရှိတဲ့ အလုပ်သမားတွေအတွက်ကတော့ ပြဿနာမရှိပေမယ့် ယခင်ကတည်းက အလုပ်မကြိုးစားဘဲ လုပ်ငန်းခွင်မှာ ပြဿနာလုပ်နေတဲ့ အလုပ်သမားတွေအတွက်ကတော့ လုပ်သားအင်အား လျှော့တဲ့အထဲမှာပါကုန်တဲ့အတွက် မကျေနပ်မှုတွေဖြစ်နေတယ်လို့လည်း ကြားသိနေရပါတယ်။

တကယ်တော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ အပြန်အလှန် အကျိုးပြုနေကြသူတွေဖြစ်လို့ ကိုယ်ကကောင်းရင် သူကပြန်ကောင်းမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် အချို့သောစက်ရုံတွေမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ မိသားစုလိုမဟုတ်ဘဲ သူစိမ်းဆန်ဆန် အထိမခံဖြစ်နေကြတာကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာတွေ့နေရပါတယ်။ ဒီနေရာမှာလည်း အလုပ်ရှင်နဲ့ အလုပ်သမားကြား ထိတွေ့မှုနည်းပြီး အပြန်အလှန် ကိုယ်ချင်းစာတရားမထားနိုင်ကြတာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါ အလုပ်ရှင်တွေအနေနဲ့ မိမိစက်ရုံ၊ အလုပ်ရုံကို အရောက်အပေါက်နည်းပြီး လုပ်ငန်းခွင်စီမံခန့်ခွဲမှုကိစ္စတွေကို မန်နေဂျာတွေ၊ ကြီးကြပ်သူတွေနဲ့လွှဲထားတဲ့အတွက်ကြောင့်လည်း အလုပ်ရှင်နဲ့ အလုပ်သမားတွေ ထိတွေ့မှုနည်းပြီး သံယောဇဉ်မရှိကြလို့ ပြဿနာဖြစ်လာရင် သည်းမခံကြဘဲ အကြိတ်အခဲတွေနဲ့ ဖြေရှင်းနေကြတဲ့အတွက် အပ်နဲ့ထွင်းလို့ရတဲ့ကိစ္စကို ပုဆိန်နဲ့ပေါက်ပြီး ဖြေရှင်းနေကြရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အလုပ်ရှင်တွေနဲ့သူတို့ရဲ့ မန်နေဂျာတွေ၊ ကြီးကြပ်သူတွေ ကွာခြားတာတစ်ခုက မန်နေဂျာတွေ၊ ကြီးကြပ်သူတွေဟာ အလုပ်ရှင်ကခွင့်ပြုထားတဲ့ အခွင့်အာဏာသာရှိပြီး ဒီထက်ပိုလွန်တဲ့ အလုပ်သမားတွေရဲ့ လုပ်ခလစာနဲ့ လူမှုရေးကိစ္စတွေကို အဆုံးအဖြတ်မပေးနိုင်တဲ့အတွက် ဒီလို မကျေနပ်မှုတွေကြာလာတာနဲ့အမျှ အကြိတ်အခဲဖြစ်လာပြီး တစ်ချိန်မှာ ပေါက်ကွဲကုန်တာမျိုးဖြစ်တာကိုလည်း မကြာခဏတွေ့ကြုံနေရပါတယ်။

အခုလို အနည်းဆုံးအခကြေးငွေ သတ်မှတ်ပြီးနောက် အလုပ်သမားလျှော့လိုတဲ့ စက်ရုံတွေက အလုပ်အမှာစာနည်းလို့ ဆက်မလုပ်နိုင်တော့ဘူးလို့ အကြောင်းပြပြီး အလုပ်သမားတွေကို နစ်နာကြေးပေးပြီး အင်အားလျှော့နေကြတာကို တွေ့ရပါတယ်။ အမှန်မှာတော့ အလုပ်အမှာစာတိုးပြီးရဖို့ဆိုတာ အေးချမ်းတည်ငြိမ်တဲ့ လုပ်ငန်းခွင်ရှိဖို့လိုသလို အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို သတ်မှတ်ချိန်အတွင်း ထုတ်လုပ်ပေးနိုင်တဲ့ စွမ်းအားရှိဖို့ လိုပါတယ်။ ပြည်ပနဲ့လည်း အဆက်အသွယ်ကောင်း၊ ဖောက်သည်ကောင်းရှိဖို့ လိုပါတယ်။ အဲဒီအခြေအနေကိုရအောင်မကြိုးစားဘဲ စက်ရုံပိတ်ခြင်း၊ အလုပ်သမားလျှော့ခြင်းစတဲ့ မလိုလားအပ်တဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းနေကြတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေရပါတယ်။ ဒီလုပ်ရပ်ဟာ အမြတ်အစွန်းတစ်ခုတည်းကိုသာကြည့်ပြီး လူမှုရေးကိစ္စတွေကို အလေးမထားတဲ့လုပ်ရပ်တစ်ခုလို့ ဝေဖန်သံတွေလည်း ထွက်ပေါ်နေပါတယ်။

အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ပြီးနောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ပြဿနာတွေထဲမှာ အဓိကဦးစားပေးပြီး ဖြေရှင်းပေးနေရတဲ့ ပြဿနာကတော့ အလုပ်သမားအချို့ကလည်း အခြေခံလုပ်ခလစာအပြင် အပိုဆုကြေးနဲ့ ထောက်ပံ့ကြေးတွေကို အရင်ကအတိုင်း ပေးရမယ်ဆိုပြီး တောင်းဆိုနေတဲ့ကိစ္စနဲ့ အလုပ်ရှင်အချို့ကလည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အတိုင်းပေးရတဲ့အတွက် အရင်ပေးခဲ့တဲ့ ဖယ်ရီခနဲ့ အပိုထောက်ပံ့ကြေးဖြတ်ပစ်တာတို့၊ အဆောင်ခနဲ့ ထမင်းဖိုးတိုးမြှင့်လိုက်တာတို့စတဲ့ လူမှုရေးအရ မလုပ်သင့်တာတွေ၊ ကိုယ်ချင်းစာတရားနဲ့ မိသားစုစိတ်ဓာတ်မထားနိုင်တာတွေကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာတွေကို အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမားသုံးပွင့်ဆိုင် ဖြေရှင်းနေကြရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ အချို့သော အထည်ချုပ်စက်ရုံတွေမှာဆိုရင်လည်း လုပ်ခလစာပြဿနာမရှိပေမယ့် အလုပ်သမားလျှော့တဲ့အထဲမှာ အလုပ်သမားအဖွဲ့အစည်းဝင်တွေပါသွားတာနဲ့ အလုပ်သမားတွေဘက်က ရပ်တည်ပေးနေမှုကြောင့် အလုပ်ရှင်ကမကြိုက်တဲ့ အလုပ်သမားတွေပါသွားလို့ ဒီကိစ္စတွေအတွက် ပြဿနာဖြစ်နေကြတာမျိုးလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ပြီးနောက်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကိုကြိုတင်မျှော်မှန်း စီစဉ်ထားတဲ့အတွက် အလုပ်သမားလျှော့လိုက်တဲ့စက်ရုံတွေက အလုပ်သမားတွေကို အခြားစက်ရုံတွေမှာ အမြန်ဆုံးနေရာချထားပေးတာတွေကို ဆောင်ရွက်နေကြောင်းသိရှိရပါတယ်။ အလားတူပဲ အသစ်ဖွင့်တဲ့ စက်ရုံတွေမှာလည်း အလုပ်သမားတွေကို အမြန်တိုးမြှင့်ခန့်ထားပေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါ့အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီး နောက်ဆက်တွဲဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဝန်ကြီးဌာနက တာဝန်ရှိသူတွေပါဝင်တဲ့ အဖွဲ့တွေခွဲပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းက စက်မှုဇုန်တွေမှာ လိုက်ပြီးညှိနှိုင်းဖြေရှင်းပေးနေသလို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကလည်း မိမိတို့ မြို့နယ်အလိုက်ဖြစ်ပေါ်နေတဲ့ အလုပ်ရှင်နဲ့ အလုပ်သမားပြဿနာများကို အချိန်နဲ့တစ်ပြေးညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေတယ်လို့လည်း သိရှိရပါတယ်။

လက်ရှိအချိန်မှာ မြန်မာအထည်ချုပ်လုပ်ငန်းများအပါအဝင်လက်ခစားလုပ်ငန်းတွေက ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဥရောပသမဂ္ဂ (EU) နှင့် ကနေဒါနိုင်ငံတို့က အထူးကုန်သွယ်ခွင့် ( GSP ) အရ အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသည့်အတွက် မြန်မာနိုင်ငံသားတွေသာမက နိုင်ငံခြားသားတွေကပါ ဒီအခွင့်အရေးကိုအသုံးချပြီး မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနေကြတာကို တွေ့ရှိနိုင်ပါတယ်။ အလားတူပဲ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံရဲ့ထုတ်ကုန်တွေကို အထူးကုန်သွယ်ခွင့် (GSP) ပေးဖို့ စဉ်းစားနေတဲ့အချိန်မှာ အလုပ်သမားများရဲ့တစ်ဦးချင်းဝင်ငွေနဲ့ မိသားစု လူမှုဘဝအာမခံချက်ဆိုင်ရာ တိုးတက်မှု၊ လူမှုစီးပွားဆိုင်ရာမျှတမှု၊ အလုပ်ရှင်နဲ့ အလုပ်သမားမျှတစွာ အကျိုးအမြတ်ခွဲဝေမှုစတဲ့အချက်တွေပေါ်မှာ အခြေခံပြီး စဉ်းစားသွားမှာဖြစ်တဲ့အတွက် အလုပ်သမားတွေ လုပ်ခလစာမလုံလောက်မှုကြောင့် မကြာခဏ ဆန္ဒပြတောင်းဆိုနေလို့ ကုန်ထုတ်လုပ်ငန်းတွေ မကြာခဏရပ်ဆိုင်းရမယ့် အခြေအနေရှိနေတဲ့ နိုင်ငံတွေကထုတ်ကုန်တွေကို ကုန်သွယ်မှု အထူးအခွင့်အရေးပေးမှာ မဟုတ်တဲ့အတွက် ဒါတွေကို အလုပ်ရှင်တွေရော၊ အလုပ်သမားတွေပါ မိမိတို့ရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ပူးပေါင်းစဉ်းစားကြဖို့လိုနေပြီဖြစ်ကြောင်း အသိပေးလိုပါတယ်။

ဒီနေရာမှာ အလုပ်ရှင်ရော အလုပ်သမားပါ အဓိကထားပြီး စဉ်းစားရမှာက မည်သည့်လုပ်ငန်းမှာမဆို အလုပ်သမားများရဲ့လုပ်ခဟာ သူတို့ရဲ့အခြေခံလိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ရင် လုပ်ငန်းများ မကြာခဏရပ်ဆိုင်းခြင်း၊ အလုပ်သမားများဆန္ဒပြခြင်းတို့ ဖြစ်ပေါ်နိုင်တဲ့အတွက် နာမည်ကြီးနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာမှာ အခကြေးငွေပိုပေးရတာထက် တည်ငြိမ်တဲ့ လုပ်ငန်းခွင်များရှိရေးကိုသာ ပိုမို၍လိုလားကြကြောင်း၊ လုပ်ငန်းခွင်တည်ငြိမ်မှုမရှိလျှင် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရန်ကိစ္စကို တွန့်ဆုတ်နေကြမည်ဖြစ်ကြောင်း၊ နာမည်ကြီးနိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ မိမိတို့ရဲ့ ဖောက်သည် အလုပ်ဌာနများက အလုပ်သမားများအတွက် နေထိုင်စားသောက်စရိတ် လုံလောက်အောင် ပေးထားသကဲ့သို့ ဖောက်သည်အလုပ်ဌာနများက လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများက သင်ခန်းစာများကိုရယူပြီး ဆောင်ရွက်သွားနိုင်ဖို့အတွက် ကမ္ဘာ့နာမည်ကြီး အထည်ချုပ်နဲ့ ဖိနပ်ထုတ်လုပ်တဲ့အဖွဲ့အစည်းများနဲ့ ကုမ္ပဏီကြီးများက အထောက်အကူပြုသွားနိုင်ကြောင်း သဘောထားမှတ်ချက်များ ထုတ်ပြန်ထားတယ်လို့လည်း သိရှိရပါတယ်။

အားလုံးသိကြတဲ့အတိုင်း ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့နှစ်တစ်နှစ် ဖြစ်နေသလို မကြာခင်မှာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်လို့ နိုင်ငံရေးပါတီအသီးသီးက မိမိတို့ ပါတီအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးနေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံရဲ့ အင်အားတစ်ခုဖြစ်တဲ့ အလုပ်သမားထုကြီးသည်လည်း သူတို့အတွက် အရေးပါတဲ့ကဏ္ဍမှာ ရှိနေပါတယ်။ အလုပ်သမားထုရဲ့အားကို သူတို့အလိုရှိနေမှာဖြစ်ပါတယ်။ ဤသို့သောအခြေအနေတွင် အလုပ်သမားထုကြီးကို နိုင်ငံရေးဇာတ်ခုံတစ်ခုအဖြစ် အသုံးချလိုသူများနဲ့ တောကြောင်များ၏ အသုံးချခံမဖြစ်ဖို့ သတိကြီးစွာထားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးကို စေတနာအရင်းခံဖြင့် အသိပေးလိုပါတယ်။

အမှန်မှာတော့ ဒီအနည်းဆုံး အခကြေးငွေ သတ်မှတ်ပြီးနောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေဟာအလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ နှစ်ဦးနှစ်ဖက်နားလည်မှုရှိရှိနဲ့ ဥပဒေနဲ့အညီ ဖြေရှင်းကြမယ်ဆိုရင် အဆင်ပြေသွားနိုင်တဲ့ ပြဿနာတွေပဲဖြစ်ပါတယ်။ သို့သော် အလုပ်တစ်ခုကို အတူတူတွဲလုပ်နေကြသူအချင်းချင်း သူမရှိလို့လည်းမဖြစ်သလို ငါမရှိရင်လည်း မဖြစ်တဲ့သူအချင်းချင်း၊ တောင်းဆိုသူနဲ့ လိုက်လျောနိုင်သူတို့အချင်းချင်း နားလည်မှုနဲ့ ယုံကြည်မှုကို မတည်ဆောက်နိုင်လို့ အခုလိုအကြိတ်အခဲတွေ ကြီးမားလာပြီး မဖြစ်သင့်မဖြစ်ထိုက်တာတွေဖြစ်နေ ကြတာလို့ထင်ပါတယ်။ အလုပ်သမားများကလည်း အလုပ်ရှင်ပေးနိုင်သလောက်ကို ချင့်ချိန်ပြီး တောင်းသင့်သလို အလုပ်ရှင်များကလည်း အလုပ်သမားတွေဘက်ကို စာနာပြီး မိမိတို့ပံ့ပိုးပေးနိုင်သလောက် ပံ့ပိုးပေးမယ်ဆိုရင် ဒီလုပ်ရပ်ဟာ နတ်လူသာခုခေါ်မယ့်လုပ်ရပ်ပဲဖြစ်ပါတယ်။ ပြဿနာရှိရင် ဖြေရှင်းနိုင်မယ့် နည်းလမ်းရှိစမြဲဖြစ်ပါတယ်။ ဒီနည်းလမ်းကတော့ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်တဲ့ကိစ္စတွေကို ဥပဒေနဲ့အညီ ဖြေရှင်းပေးပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်မယ့်ကိစ္စ မဟုတ်ရင်တော့ အလုပ်ရှင်နဲ့ အလုပ်သမား ကိုယ်ချင်းစာတရားနဲ့ မိသားစုစိတ်ဓာတ်ကို အခြေခံပြီး အချင်းချင်းနားလည်စာနာမှုတို့ဖြင့် ဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း စေတနာကောင်းနဲ့အကြံပြုလိုက်ရပါတယ်။ ။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နိုဝင်ဘာလလယ်တွင် ထပ်မံကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် “Nationwide Ceasefire Agreement” (NCA)ကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယင်းစာချုပ်ပါ အခန်း (၅) အပိုဒ် (၂၁) အပိုဒ်ခွဲ (က) (၁) အရ “Joint Implementation Coordination Meeting” (JICM) ကို ယင်းနေ့ မွန်းလွဲပိုင်းတွင် စတင်ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်၍ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် နေပြည်တော်ရှိ Max Hotel ၌ ဆက်လက်ကျင်းပပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ “Joint Monitoring Committee” (JMC) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ “Union Peace Dialogue Joint Committee” (UPDJC) များကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။

ထို့ပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂုဏ်သိက္ခာရှိစွာ ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြပြီး ဒုတိယအကြိမ် JICM အစည်းအဝေးကို နိုဝင်ဘာလ လလယ်ပိုင်းတွင် ထပ်မံကျင်းပရန်နှင့် (NCA) စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါအစည်းဝေးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (အောက်မြန်မာနိုင်ငံ) ညီလာခံကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၇**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)က ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (အောက်မြန်မာနိုင်ငံ) ညီလာခံကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် YMCA အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိကြပြီး ဥပဒေအရ ဘာသာကြီး(၄)ရပ်ကို ကိုးကွယ်ယုံကြည်ခွင့်ပြုထားပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အဆင့်ဆင့်သည် ကျရာကဏ္ဍမှ နိုင်ငံသားများအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး အေးချမ်းသာယာစွာဖြင့် ဥမကွဲသိုက်မပျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် လက်တွဲဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က ညီလာခံကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံမှ) နာယက ဒေါက်တာလှမောင်က ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ) နောက်ခံသမိုင်းကြောင်းနှင့် အဖွဲ့၏ စွမ်းဆောင်ရည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အဖွဲ့ဥက္ကဋ္ဌများက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တိုးချဲ့ဖွဲ့စည်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များစာတမ်းကို ဖတ်ကြားတင်ပြကြသည်။ တတိယပိုင်းတွင် ဘာသာအလိုက် ကိုယ်စားလှယ်များက အမုန်းစကားနှင့် အမုန်းပွားမည့်ကိစ္စများ ရှောင်ရှားရေးစာတမ်းနှင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စာတမ်းတို့ကို ဖတ်ကြားပြီး ညီလာခံ၏ဆုံးဖြတ်ချက်များကို အတည်ပြုကြေညာသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အောက်တိုဘာ ၂၄ ရက်မတိုင်မီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အောက်တိုဘာ ၁၅ ရက်အထိ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းကိုးခုကို တရားဝင် အသိအမှတ်ပြုလွှာများ ထုတ်ပေးခဲ့ပြီး အဆိုပါအဖွဲ့အစည်း ကိုးဖွဲ့က အဆိုပြုတင်သွင်းသော ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၆၂၆၀ ဦးကိုလည်း တရားဝင်အသိအမှတ်ပြု သက်သေခံကတ်ပြားများ ထုတ်ပေးပြီးဖြစ်သည်။

ထိုသို့ ခိုင်မာယုံကြည်ရသော ရွေးကောက်ပွဲများ ဖြစ်ပေါ်စေရေး လျှောက်ထားလွှာများကို အချိန်မီပေးပို့လျှောက်ထားမှုများအတွက် အဆိုပါအဖွဲ့အစည်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဂုဏ်ပြုကြိုဆိုကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသည့် အခြား ပြည်တွင်းအဖွဲ့အစည်းများကိုလည်း အောက်တိုဘာ ၂၄ ရက်(စနေနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုက်တွန်းထားသည်။

ထိုကဲ့သို့ အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် လျှောက်ထားမည်ဆိုပါလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ လျှောက်ထားရန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန်နှင့် မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန် ဖော်ပြထားသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအားလုံးကို စောင့်ကြည့်လေ့လာရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများတွင် အခွင့်အရေးရှိပြီး ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် လျှောက်ထားရာတွင် လိုအပ်သည့်အချက်များအား ၂၀၁၅ ခုနှစ် မတ်နှင့် ဇွန်လတို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် “ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ” နှင့် “လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ” တို့တွင် ဖော်ပြထားကြောင်း၊ လျှောက်ထားလွှာများအပါအဝင် အဆိုပါ စာရွက်စာတမ်းနှစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင် Website ဖြစ်သည့် http;// uecmyanmar.org/တွင် ရယူနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ကြမည့် အထူးရဲများအား လုပ်ငန်းတာဝန်များရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ လုံခြုံရေးတာဝန်ဆောင်ရွက်ကြမည့် အထူးရဲများအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွဋ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲမှစတင်ကာ အနောက်ပိုင်းခရိုင်အတွင်း ခန့်အပ်တာဝန်ပေးမည့် မရမ်းကုန်းမြို့နယ်မှ အထူးရဲ ၁၁၇ ဦး၊ လှိုင်မြို့နယ်မှ အထူးရဲ ၈၅ ဦး၊ ဗဟန်း မြို့နယ်မှအထူးရဲ ၆၅ ဦးနှင့် စမ်းချောင်းမြို့နယ်မှ အထူးရဲ ၅၂ ဦးတို့အား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်တွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဝတ္တရားများကို ရှင်းလင်းမှာကြားကြသည်။

အလားတူ ဒုတိယတိုင်းဒေသကြီး ရဲတပ်မှူးရဲမှူးကြီး ဝင်းဗိုလ်၊ အရှေ့ပိုင်းခရိုင် ရဲတပ်မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးနှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းခရိုင်အတွင်း ခန့်အပ်တာဝန် ပေးအပ်မည့် ပုဇွန်တောင်မြို့နယ်မှ အထူးရဲ ၆၂ ဦး၊ ဗိုလ်တထောင်မြို့နယ် မှ အထူးရဲ ၄၁ ဦး၊ ဒေါပုံမြို့နယ်မှ အထူးရဲ ၆၃ ဦးနှင့် သာကေတမြို့နယ်မှ အထူးရဲ ၂၂၆ ဦးတို့အား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်တွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဝတ္တရားများကို ရှင်းလင်းမှာကြား သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲရုံလုံခြုံရေးတာဝန် ဆောင်ရွက်ကြမည့် အထူးရဲများကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ ရက်ပေါင်း (၃၀) တစ်လခန့်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၈ ရက်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

✻ ရှေ့မှ

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့်လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။ ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး JICA အကူအညီဖြင့် ဆောက်လုပ်နေသည့် တိုးချဲ့ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုသည်။

လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးကို ၁၉၄၈ခုနှစ်က ၂၅ ခုတင်ဆံ့ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ခုတင် ၆၀ ဆံ့၊ ၁၉၆၃ ခုနှစ်တွင် ခုတင် ၁၀၀ ဆံ့၊ ၁၉၆၈ ခုနှစ်တွင် ခုတင် ၁၅၀ ဆံ့နှင့် ၁၉၉၆ ခုနှစ်တွင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုအခါ ခုတင် ၅၀၀ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆေးရုံကြီးသည် ကျန်းမာရေးဝန်ဆောင်မှု ကောင်းခြင်းနှင့် အခမဲ့ကုသပေးမှုများကြောင့် ဆေးကုသမှုခံယူသည့် လူနာများမှာ ၂၀၁၁ ခုနှစ်တွင် ၁၄၉၈၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၂၀၇၀၆ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၄၁၀၄ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၂၇၄၄၈ ဦးနှင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ၂၄၀၅၄ ဦးကို ကုသပေးနိုင်ခဲ့သည်။

အဆိုပါ ဆေးရုံကြီးအတွက် ဆေးဝယ်ယူရန် ဘဏ္ဍာနှစ်အလိုက် တိုးတက်ခွင့်ပြုခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၆၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀၀ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၅၆၈၀ အထိ နိုင်ငံတော်က တိုးမြှင့်ခွင့်ပြုပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဘီလူးချောင်း အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ အထက်ဘီလူးချောင်းပေါ်တွင် ရေအားလျှပ်စစ် စီမံကိန်းဆောင်ရွက်နေမှု၊ ဘီလူးချောင်းမှ ရေသွယ်ယူမှုအခြေအနေ၊ မိုးပြဲရေလှောင်ကန်ဆိုင်ရာ အချက်အလက်များနှင့် ရေဝင်ရောက်မှုအခြေအနေ၊ ဘီလူးချောင်း စက်ရုံ (၃)ခုမှ ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေ၊ ဘီလူးချောင်း အမှတ်(၂) စက်ရုံပြုပြင်ပြီးစီးမှုနှင့် လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဝေနိုင်မည့် အခြေအနေ၊ ဝန်ကြီးဌာနနှင့် အများပိုင်ကုမ္ပဏီများ ပူးပေါင်းပြီး ပွန်ချောင်းပေါ်၌ တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းငါးခု၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဘီလူးချောင်းပေါ်၌ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမေရိကန်နိုင်ငံ KTA ကုမ္ပဏီက ၁၉၅၃ ခုနှစ်တွင် စတင်လေ့လာ အစီရင်ခံတင်ပြခဲ့ရာ ယင်းအစီရင်ခံစာကိုအခြေခံ၍ ၁၉၅၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီက ဘီလူးချောင်းဒေသကို ကွင်းဆင်းလေ့လာပြီး ဘီလူးချောင်းပေါ်တွင် ဓာတ်အားပေးစက်ရုံသုံးရုံ တည်ဆောက်လျှင် ၁၂၄ မဂ္ဂါဝပ်ရရှိနိုင်ကြောင်းနှင့် အင်းလေးကန်မှရေကို ရေလှောင်ကန်တစ်ခု ပြုလုပ်ထိန်းသိမ်းပေးခြင်းဖြင့် မဂ္ဂါဝပ် ၂၄၀ ခန့်ရရှိနိုင်ကြောင်း တင်ပြခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဘီလူးချောင်း

***စာမျက်နှာ ၉ ကော်လံ ၁ သို့***



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စက်ရုံ ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် လူနာအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

**လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးကို ၁၉၄၈ ခုနှစ်က ၂၅ ခုတင်ဆံ့ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ခုတင် ၆၀ ဆံ့၊ ၁၉၆၃ ခုနှစ်တွင် ခုတင် ၁၀၀ဆံ့၊ ၁၉၆၈ ခုနှစ်တွင် ခုတင် ၁၅၀ ဆံ့နှင့် ၁၉၉၆ ခုနှစ်တွင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုအခါ ခုတင် ၅၀၀ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

အမှတ်(၂)ဓာတ်အားပေး စက်ရုံ၏ ပထမအဆင့်စက်သုံးလုံးကို တည်ဆောက်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ပြီးစီး၍ ၈၄ မဂ္ဂါဝပ်ကို စတင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဘီလူးချောင်းအမှတ်(၂)စက်ရုံမှ ဒုတိယစက်သုံးလုံးကို ထပ်မံတပ်ဆင်၍ ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် တစ်နှစ်ပတ်လုံး ပုံမှန်ရေသွယ်ယူရရှိနိုင်ရန် မိုးဗြဲရေလှောင်တမံကို ၁၉၆၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဗြဲရေလှောင်ကန် တည်ဆောက်ပြီးနောက် ဘီလူးချောင်း အမှတ်(၂) စက်ရုံ၏ဒုတိယအဆင့် ၂၈ မဂ္ဂါဝပ်စက်သုံးလုံးကို ၁၉၇၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံ ၂၈ မဂ္ဂါဝပ်ကို ၁၉၈၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် လည်းကောင်း၊ ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ဘီလူးချောင်းဓာတ်အားပေးစက်ရုံသုံးခု၏ စုစုပေါင်းတပ်ဆင် စက်အင်အားမှာ ၂၄၈ မဂ္ဂါဝပ်ဖြစ်သည်။

အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ညောင်ရွှေမြို့၏ အနောက်တောင်ဘက် ၁၄ မိုင် ၄ ဖာလုံအကွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အပြီး လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ ယင်းစီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် အင်းလေးကန်အတွင်းသို့ သဲနုန်းအနည်ဝင်ရောက်မှုကို ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**ဘီလူးချောင်းနှင့် အထက်ဘီလူးချောင်းတို့တွင်ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ**

| စဉ် | စက်ရုံ/စီမံကိန်းအမည် | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ် | နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (ကီလိုဝပ်နာရီသန်းပေါင်း) | ပြီးစီးသည့်/မည့် ခုနှစ် |
|---|---|---|---|---|
| ၁ | ဘီလူးချောင်းအမှတ် (၁) စက်ရုံ | ၂၈ | ၂၀၀ | ၁၉၉၂ |
| ၂ | ဘီလူးချောင်းအမှတ် (၂) စက်ရုံ | ၁၆၈ | ၁၁၉၀ | ၁၉၅၄၊ ၁၉၇၄ |
| ၃ | ဘီလူးချောင်းအမှတ် (၃) စက်ရုံ | ၅၂ | ၃၃၄ | ၂၀၁၄ |
| | ပေါင်း | ၂၄၈ | ၁၇၂၄ | |
| ၄ | အထက်ဘီလူးချောင်းစီမံကိန်း | ၃၀.၄ | ၁၃၄.၆ | ၂၀၁၇ - ၂၀၁၈ |
| | စုစုပေါင်း | ၂၇၈.၄ | ၁၈၅၈.၆ | |

**ပွန်ချောင်းပေါ်မှ လျာထား ရေအားလျှပ်စစ်စီမံကိန်းများ (စုစုပေါင်း-၅၇၅ မဂ္ဂါဝပ်)**




# ရမည်းသင်းခရိုင်သို့ လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးထောင်ကျော်ရောက်ရှိ

**ရမည်းသင်း အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးတွင် လွှတ်တော်သုံးရပ်အတွက် အသုံးပြုနိုင်ရန် အရောင်လေးမျိုးပါ မဲပုံး ၃၂၄၂ ပုံးနှင့် ဝတ်စကုတ်အင်္ကျီများ၊ ဆန္ဒမဲတွင် အသုံးပြုရန်အတွက် ပစ္စည်း ၂၅ မျိုးအား အောက်တိုဘာလဒုတိယပတ်က ရမည်းသင်းခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိလာကြောင်း သိရသည်။

ရမည်းသင်းခရိုင်တွင် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်မြို့၌ ရပ်ကွက်ကျေးရွာ ၁၅၂ အုပ်စု မဲရုံပေါင်း ၅၄၀ တွင် အသက် (၁၈ နှစ်)ပြည့် ဆန္ဒမဲပေးကြမည့် ဦးရေမှာ ၃၆၈၆၆၆ ဦးရှိကြောင်း သိရသည်။

(၀၁၁)

# မင်းတပ်မြို့၌ အထူးရဲခန့်အပ်ခြင်းနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

**မင်းတပ် အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အများပြည်သူ အေးအေးချမ်းချမ်း ဆန္ဒမဲပေးနိုင်စေရန်အတွက် အထူးရဲခန့်အပ်ခြင်းနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မင်းတပ်မြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

မင်းတပ်မြို့နယ်အတွင်း မဲရုံ ၁၁၂ ရုံအတွက် အထူးရဲ ၁၁၂ ဦးကို ခန့်အပ်ခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် မဲရုံရှိရာ ဒေသခံများကို ဦးစားပေးခန့်အပ်ထားခြင်းဖြစ်ကြောင်း၊ အထူးရဲများကို အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းနှင့် ၄င်းတို့၏ တာဝန်ချိန်မှာ တစ်လဖြစ်ပြီး လစာမှာ (ရဲတပ်သားလစာ+နေ့တွက်စရိတ်) တစ်သိန်းခွဲပေးမည်ဖြစ်ကြောင်း မြို့နယ်ရဲမှူးကြီး ဦးဝင်း၏ ပြောကြားချက်အရ သိရသည်။




(မြို့နယ် ပြန်/ဆက်)

❍ *ကျော်ဖုံးမှ*

"ရွာကနေ ထွက်လာကတည်းက စိတ်လှုပ်ရှားနေတာ။ တစ်ခါမှလည်း ရုံးတွေ ဌာနတွေ မသွားဖူးဘူး။ မိသားစုမှာ အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်နေပြီး ပုံစံ(၁၀) အိမ်ထောင်စုဇယားတောင်မရှိသေးဘူး။ ဌာနတွေသွားရမှာလည်း မဝင်ရဲ၊ မသွားရဲဆိုတော့ ဒီအတိုင်းပဲနေလာခဲ့တာ။ ကြာလာတော့ အိမ်ထောင်စုဇယားမရှိတော့ အခက်အခဲလေးတွေရှိလာတယ်။ အခုတော့ ပြည်သူ့ဝန်ဆောင်မှုရုံးမှာ ပြည်သူတွေ အခက်အခဲမရှိ ဆောင်ရွက်ပေးတယ်ဆိုတာကို ရွာတွေမှာကြေညာထားတာကြားသိရတော့ ကိုယ်တိုင်လာရောက်ပြီး ပုံစံ(၁၀) လာလုပ်ဖြစ်ပါတယ်" လို့ ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာနေ ကိုကျော်ဆန်းဝင်းက OSS ရုံးကို လာဖြစ်ခဲ့ပုံကို ပြောပြပါတယ်။

၄င်းကဆက်လက်ပြီး "အရင်တုန်းက ပုံစံ(၁၀)တို့ ပုံစံ(၆၆)တို့ဆိုတာ လုပ်ရတာ ခက်ခဲတယ်လို့ သိရပါ တယ်။ အခုလို OSS ရုံးတွေဖွင့်လိုက်တော့ သွားလာရလွယ်ကူမြန်ဆန်ပြီး အချိန်ကုန်သက်သာပါတယ်။ မိသားစုတစ်စုမှာ ပုံစံ(၁၀)ရသွားတော့ ကိုယ့်မိသားစုဘာပဲလုပ်လုပ် အဆင်ပြေသွားတာပေါ့။ ဒီလိုပြည်သူ့ဝန်ဆောင်မှုရုံးတွေရှိတဲ့အတွက် ပြည်သူတွေအတွက် အလုပ်လုပ်ရတာလွယ်ကူချောမွေ့သွားပါတယ်။ ပြည်သူ့အတွက် OSS ဆိုတဲ့အတိုင်းပဲ တကယ့်ကို ထိရောက်တဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်"လို့ သူ့ရဲ့ OSS အပေါ် အမြင်ကို ပြောပြပါတယ်။

"မှတ်ပုံတင်ပျောက်လို့လာလုပ်တာပါ။ ဒီကိုရောက်ရောက်ချင်းပဲ လိုအပ်တာတွေကို ရုံးပိုင်းဆိုင်ရာတွေကနေ လှိုက်လှိုက်လှဲလှဲကြိုဆိုဆောင်ရွက်ပေးကြပါတယ်။ အရင်ကတော့ မှတ်ပုံတင်ပြန်လုပ်မယ်ဆိုရင် ကြန့်ကြာမှုတွေရှိပါတယ်။ အခု OSS ရုံးတွေ ဖွင့်ပြီး ပြုလုပ်ပေးတဲ့အတွက် နေ့ချင်းပြီး ဆောင်ရွက်ပေးနေတာတွေ့ရပါတယ်" ဟု ပုဗ္ဗသီရိမြို့နယ် ကန်သာကျေးရွာမှ ဦးတင်မြင့်က ပြောပြပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးများကို ခရိုင်မြို့တွေမှာ တစ်ရုံးစီဖွင့်လှစ်ထားရှိပြီး နေပြည်တော်ကောင်စီနယ်မြေတွင် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နှင့် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့တွေမှာဖွင့်လှစ်ပြီး ဝန်ဆောင်မှုတွေပေးနေပါတယ်။

ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ပြည်သူ့ဝန်ဆောင်မှုရုံးကြီးကြပ်ရေးမှူး ဒေါ်မိမိလွင်က "နေပြည်တော်ကောင်စီနယ်မြေ ခရိုင်ရုံးတွေမှာ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူကိုဝန်ဆောင်မှုပြုရေး၊ One Stop Shops ရုံးတွေ ဖွင့်လှစ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီပုဗ္ဗသီရိရုံးကတော့ ဩဂုတ် ၃၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဝန်ဆောင်မှုတွေပေးလျက်ရှိပါတယ်။ ပုဗ္ဗသီရိမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးအနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ မီးသတ်ဦးစီးမှူးရုံးဆိုပြီး ဌာနကိုးခုနဲ့ ဝန်ဆောင်မှုတွေ ပြုလုပ်ပေးနေပါတယ်" လို့ ပြောပြပါတယ်။

"အခုလို ဝန်ဆောင်မှုတွေပြုလုပ်ပေးရတဲ့အတွက် ဒေသခံပြည်သူတွေ ကျေနပ်ပြီး စိတ်ချမ်းသာသွားသလို၊ ကိုယ်လုပ်ပေးလိုက်ရတဲ့အတွက် ကိုယ်လည်း စိတ်ချမ်းသာရပါတယ်။ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် ဝန်ထမ်းအားလုံး တစ်ဦးနဲ့တစ်ဦး မြင်တွေ့နေရလို့ ဝန်ဆောင်မှုအရည်အသွေးတိုးတက်လာပြီး ဝန်ထမ်းအချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုလည်း ရှိလာပါတယ်။ တစ်နေရာတည်း ဌာနပေါင်းစုံရှိတဲ့အတွက် အချိန်ကုန်လည်း သက်သာတယ်။ ဒေသခံပြည်သူတွေက ဟိုဌာနသွားလိုက်၊ ဒီဌာနသွားလိုက်နဲ့ ထောက်ခံစာတွေလိုရင်လည်း ပြန်သွားယူစရာမလိုတော့ဘူး။ ဒီကနေ သူလိုတဲ့ဟာကို ရပ်ကွက်ထောက်ခံစာလုပ်ပေးလိုက်ပါပြီဆိုပြီး ဒီကနေ ဆက်သွယ်ပေးလိုက်ရင် သူတို့အတွက် မြန်သွားတာပေ့ါ။ ဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီး လုပ်ပေးရတဲ့အတွက်လည်း မြန်တာပေ့ါ။ ဖြေလျှော့မှုတွေလည်းများလာပါတယ်။ အရင်က အဆင့်ဆင့်တွေများတဲ့အတွက် ကြာတာတွေရှိတယ်။ အခုတော့ အဆင့်တွေချုံ့ပြီး ပြုလုပ်ပေးတဲ့အတွက် မြန်ဆန်လာတယ်။ အခုလို ပြုလုပ်ပေးတဲ့အတွက်လည်း ဒေသခံပြည်သူတွေက အစိုးရဌာနတွေဟာ ပြည်သူတွေအတွက် အမှန်တကယ် ဝန်ဆောင်မှုတွေ လုပ်ဆောင်ပေးနေတယ်ဆိုတာကို သူတို့စိတ်ထဲမှာ သိသွားဖို့လိုပါတယ်။ နောက်ပြီး ဒီလိုမျိုးဌာနတွေကို ယုံကြည်မှုရှိသွားစေချင်ပါတယ်"ဟု ဒေါ်မိမိလွင်က ပြောပြပါတယ်။

**ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် ဝန်ထမ်းအားလုံး တစ်ဦးနဲ့တစ်ဦး မြင်တွေ့နေရလို့ ဝန်ဆောင်မှုအရည်အသွေးတိုးတက်လာပြီး ဝန်ထမ်းအချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုလည်း ရှိလာပါတယ်**

ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွေက တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ၈၃ ရုံးရှိပြီး နောက်ပိုင်းမှာ မြို့နယ်အလိုက် OSS ရုံးများဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။

"OSS ရုံးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဖွင့်ဖို့ လူကြီးတွေကလည်း ညွှန်ကြားတယ်။ ပထမအဆင့်အနေနဲ့ ခရိုင်ရုံးစိုက်ရာမြို့တွေမှာဖွင့်လှစ်ဖို့ ညွှန်ကြားတယ်။ နေပြည်တော်ကောင်စီနယ်မြေမှာက ဥတ္တရခရိုင်နဲ့ဒက္ခိဏခရိုင်ဆိုပြီး ခရိုင်နှစ်ခုရှိတယ်။ အခု ဥတ္တရခရိုင်ရုံးစိုက်ရာ ပုဗ္ဗသီရိမြို့မှာ ဖွင့်လှစ်ဖို့အတွက်ကျတော့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ ဖွင့်လှစ်ရမယ်လို့တော့ သတ်မှတ်ထားတာ မဟုတ်ဘူး။ လူစည်ကားရာနေရာမှာဆိုပြီး ပုဗ္ဗသီရိမြို့နယ်ရုံးကျတော့ လူသိအောင်အထွေအထူးလုပ်စရာမလိုဘူး။ ဒီရုံးမှာ ဌာန ၂၀ လောက်အထိ တွဲဖွင့်ထားတယ်။ ကျွန်တော်တို့ရုံးက နေပြည်တော် ဘူတာကြီးနဲ့လည်းနီးတယ်။ မြို့ပေါ်ရပ်ကွက်တွေနဲ့လည်း နီးတယ်။ နောက်ပြီး ဒီမြို့နယ်မှာက ခရိုင်အတွင်းမှာရှိတဲ့ တရားရုံးတို့၊ ဥပဒေရုံးတို့က တွဲဖက်ဖွင့်ထားတဲ့အတွက် ဒီရုံးနဲ့သင့်လျော်တယ်ဆိုပြီး ခရိုင်အုပ်ချုပ်ရေးမှူးတို့ တိုင်းအုပ်ချုပ်ရေးမှူးတို့က ညွှန်ကြားမှုနဲ့ ဒီရုံးမှာဖွင့်လှစ်တာ ဖြစ်ပါတယ်။

"ဖွင့်တဲ့အခါမှာလည်း ပထမနေ့ဖွင့်ဖွင့်ချင်းမှာပဲ ပြည်သူတွေ လာရောက်ဝန်ဆောင်မှုပြုလုပ်ကြတာတွေ တွေ့ရပါတယ်။ အရင်က ပုံစံ(၆၆) လုပ်မယ်ဆိုရင် လဝကဆီမှာ စာတင်တယ်။ လဝက ကပြီးမှ မြို့နယ်အုပ်ချုပ်ရေးမှူးဆီမှာ ထောက်ခံချက်လာတင်ရတယ်။ ပြီးမှ လဝကရုံးကို တစ်ခါသွား။ ပြီးရင်ထွေ/အုပ်ရုံးကို တစ်ခါလာရတယ်။ လာတဲ့အခါမှာလည်း ရုံးဆိုတော့ စမ်းတဝါးဝါးနဲ့မေးရ။ မေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရှိရင် တစ်ခါတည်းလက်မှတ်ထိုးပေးလိုက်တာရှိပေမယ့် မရှိရင်စောင့်နေရတာတွေရှိတယ်။

"အခု OSS ရုံးဖွင့်တဲ့အခါကျတော့ ဒီရုံးခန်းတစ်ခန်းတည်းမှာပဲ လဝကရော၊ ထွေ/အုပ်ရော၊ ရဲရောရှိတဲ့အတွက် ထောက်ခံချက်ကို အတူတူလုပ်ပေးတော့ တစ်ခါတည်းထိုင်စောင့်ပြီးတော့ ယူသွားလို့ရတယ်။ မှတ်ပုံတင်လိုမျိုးကိုလည်း နေ့ချင်းပြီးလုပ်ပေးနိုင်တယ်။ အချက်အလက်လည်း ပြည့်စုံတယ်။ နိုင်ငံသားလည်း ဖြစ်တယ်။ ပျောက်ဆုံးတို့ ပျက်စီးတို့ဆိုရင်လည်း ချက်ချင်းထုတ်ပေးလို့ရပါတယ်။ တော်တော်များများ လူထုက OSS ရုံးကို စိတ်ဝင်စားတယ်။ တစ်လကို နှစ်ကြိမ်လောက် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးတွေနဲ့ အစည်းအဝေးလုပ်တယ်။ လက်ကမ်းစာစောင်မထုတ်ခင်ကတည်းက OSS ရုံးမှာ ဘယ်လိုဝန်ဆောင်မှုတွေ ပေးနေတယ်ဆိုတာကို ပြောပြရှင်းပြထားတော့ တော်တော်လေးထိရောက်ပါတယ်။

"အဓိကကတော့ OSS ရဲ့ ရည်ရွယ်ချက်တွေအတိုင်း ဒီရုံးမှာ သိသိသာသာပြုလုပ်ပေးနိုင်တဲ့အတွက် ပြည်သူတွေကလည်း စိတ်ချမ်းသာပါတယ်။ ဌာနပေါင်းစုံ ဒီမှာစုပြီး လုပ်တဲ့အတွက်ကြောင့် လာဘ်ပေးလာဘ်ယူမှုနဲ့ ငွေရေးကြေးရေးကဏ္ဍတွေ လုံးဝမဖြစ်တော့ဘူး။ ပြည်သူတွေကလည်း ပွင့်လင်းမြင်သာစွာနဲ့ လိုအပ်တာကို ရယူလို့ရတယ်။ ဌာနဆိုင်ရာကို ထိန်းကျောင်းပြီး ပြုလုပ်ထားတဲ့အတွက် လာဘ်ထိုးပြီး ယူတာတို့မရှိတော့ဘူး" ဟု ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး က ပြောပြပါတယ်။

၄င်းကဆက်လက်ပြီး ပုဗ္ဗသီရိမြို့တွင်ရှိသည့် OSS ရုံး၌ ယခုလက်ရှိ ဌာနကိုးခုဖွင့်ပြီး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ OSS ရုံး ကြီးကြပ်ရေးမှူးကိုယ်တိုင်စစ်ဆေးပြီး ပြုလုပ်နေသည့်အတွက် တချို့ပြည်သူများမသိတာ၊ လိုအပ်တာများကိုမေးလျှင်လည်း ဝန်ဆောင်မှုများပေးနေကြောင်း၊ ယခုဖွင့်လှစ်ထားသည့်ဌာနများအပြင် တခြားအလုပ်သမားရေးရာအကြောင်း လာမေးလျှင်လည်း ဌာနကလုပ်မပေးနိုင်လျှင်လည်း ပြုလုပ်ပေးတဲ့ ဌာနတွေကို လမ်းညွှန်ပေးကြောင်း၊ အကယ်၍ ပြည်သူ့လိုအပ်ချက်များလာလျှင်လည်း များလာသည့် ဌာနကို တင်ပြ၍ ထပ်မံဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း၊ ခရိုင် အတွင်းတွင် ခရိုင်ရုံး၊ မြို့နယ်ရုံးဆိုင်ရာတွင်ရှိသည့် ခရိုင်ကကြီးကြပ်ပြီး ပြည်သူတွေကို ထဲထဲဝင်ဝင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အင်တိုက်အားတိုက်နှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နေပြီး လမ်းညွှန်ချက်နှင့် အညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောပြပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့် ဗဟိုအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဖွဲ့၊ နေပြည်တော်ကောင်စီအဖွဲ့၊ ခရိုင်၊ မြို့နယ် အဖွဲ့ဆိုပြီး ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ OSS ဗဟိုဝန်ဆောင်မှုအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဗဟိုအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရရုံးက အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့တယ်လို့ သိရပါတယ်။

"ဌာနဆိုင်ရာတွေကို ဆက်သွယ်တဲ့အခါမှာ မြန်မာနိုင်ငံမှ ပြည်သူလူထုက ဌာနဆိုင်ရာရုံးဆိုရင် တွန့်သွားတာရှိတယ်။ အခုကျတော့ ဒီလိုပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်တယ်။ ကျွန်တော်တို့ကလည်း ပြည်သူ့အတွက် OSS ဆိုတဲ့အတိုင်း ဝန်ဆောင်မှုကို နေ့ချင်းပြီးလုပ်လို့ရတာကိုလုပ်ပေးတယ်။ ဌာနဆိုင်ရာတွေ ပေါင်းစပ်ပြီး ပြည်သူတွေကို နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုနဲ့အညီ စိတ်ချမ်းမြေ့အောင်ဝန်ဆောင်မှုတွေပေးနေပါတယ်" လို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပြပါတယ်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိပြီး ၄င်းတို့အမြင့်ဆုံးသွားရဲသည်က ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးလောက်သာရှိကြောင်း၊ ယခုလို ပွင့်လင်းမြင်သာသည့် ခေတ်စနစ်ဖြစ်လာသည့်အတွက် ရုံးများကို ဝင်လို့ထွက်လို့ လွယ်အောင်စုံစမ်းပြီး လုပ်နိုင်တဲ့အတွက် ကျေးလက်နေပြည်သူတွေပါ လာရောက်ဝန်ဆောင်မှုပြုကြတာကို တွေ့ရပါတယ်။

"အရင်တုန်းက ဟိုတစ်ရုံးလည်းမပြီး ဒီတစ်ရုံးလည်းမပြီး သွားရတဲ့အတွက် အချိန်ကုန်တယ်။ လုပ်အားတွေလည်းဆုံးရှုံးတယ်။ အခုတော့တစ်ခေါက်တည်းနဲ့ အဆင်ပြေတယ်။ ဒီနေရာမှာ ပွဲစားမရှိ တိုက်ရိုက်လုပ်လို့ရတဲ့အတွက်ကြောင့် အခက်အခဲမရှိဘူး။ ဌာနကိုသွင်းရမယ့်ငွေကလွဲပြီး ဝန်ထမ်းတွေက ပြည်သူတွေကို အခမဲ့ဝန်ဆောင်မှုပေးခြင်းဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ပြည်သူတို့ရဲ့အခြခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေမယ့် ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို တားမြစ်ပြီး ထိရောက်တဲ့ဝန်ဆောင်မှုအလေ့အကျင့်တွေကို ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပြည်သူတွေက အစိုးရနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေဖို့၊ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ ဦးစီးဌာနတွေအလိုက် အပြန်အလှန်ထိန်းကျောင်းနိုင်ရေး အထောက်အကူပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်လေးရပ်နဲ့အညီ ခဏတာမဟုတ်ဘဲ အမြဲတမ်း ဝန်ဆောင်မှုတွေပြုလုပ်ပေးပြီး ထပ်မံ၍ ပြည်သူတွေ သိအောင်လည်း ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သွားမှာဖြစ်ပါတယ်"လို့ ဆောင်ရွက်သွားမည့် ပြည်သူ့ဝန်ဆောင်မှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပြပါတယ်။

အိမ်ထောင်စုဇယား ပုံစံ(၁၀)ကို အိမ်ထောင်စုဇယားထိပ်မှာ အိမ်ထောင်ဦးစီးအဖြစ်နဲ့ ရရှိတော့မှာဖြစ်တဲ့အတွက် ကိုကျော်ဆန်းဝင်းက ကျေနပ်ဝမ်းသာဖြစ်နေတယ်။ နောက်ပြီး ပြည်သူတွေအတွက် တကယ်ထိရောက်ပြီး အကျိုးရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးတစ်ခုလို့လည်း မှတ်ချက်ချမိပါတယ်။

# ရန်ကုန်အသင်း ပွဲမကုန်မီ ချန်ပီယံဖြစ်




ဇေယျာရွှေမြေအသင်းနှင့် ရန်ကုန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရန်ကုန်အသင်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

ရန်ကုန်အသင်းသည်အဝေးကွင်း၌ ဇေယျာရွှေမြေနှင့် တစ်ဂိုးစီ သရေကျခဲ့သော်လည်း တစ်ရက်တည်း ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဒုတိယနေရာမှ ရတနာပုံအသင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ပွဲမကုန်မီချန်ပီယံဖြစ်သွားခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ရတနာပုံအသင်းထက်၁၁ မှတ်အသာရခဲ့ပြီး ရတနာပုံမှာ သုံးပွဲသာကစားရန် ကျန်တော့သောကြောင့် ရန်ကုန်အသင်းမှာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ တန်းဆင်းဇုန်ထဲကျရောက်နေသည့် ဇေယျာရွှေမြေအသင်းမှာ အမှတ်ရရေး ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် ခင်မောင်လွင်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ဇေယျာရွှေမြေအသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးကို အမာခံထားကာ ပြည်တွင်းကစားသမားအချို့ကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ ယခုပွဲအနိုင်ရလျှင် ချန်ပီယံဖြစ်မည့် ရန်ကုန်အသင်းသည် အားထည့်ကစားခဲ့သော်လည်း တိုက်စစ်မှူး ဆီဇာ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဇေယျာရွှေမြေအသင်းမှာလည်း ဂိုးမပေးရရေးကို အဓိကထားကစားခဲ့၍ အခွင့်အရေးသိပ်မရခဲ့ပေ။ ဒုတိယပိုင်းတွင် ဇေယျာရွှေမြေအသင်းကစားအားပိုတင်လာပြီး ၆၁ မိနစ်တွင် ဗစ်တာ၏ အဝေးကန်ချက်ကြောင့် ဂိုးစတင်ရရှိခဲ့သည်။ ဂိုးပေးရပြီး ငါးမိနစ်အကြာမှာပင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ကာ ကျော်ကိုကိုက အသင်းဟောင်းဘက်သို့ သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ နှင့် ယခုရာသီတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမနေ့အခြားပွဲစဉ်များတွင် ဗထူးကွင်း၌ ဇွဲကပင်က ရတနာပုံကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး သုဝဏ္ဏကွင်း၌ မကွေးနှင့် မနောမြေအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

**ယနေ့ပွဲ**

**(တောင်ကြီးကွင်း)**

ကမ္ဘောဇ-ရောဝတီ

**(အောင်ဆန်းကွင်း)**

ရခိုင်-ဟံသာဝတီ

**(သုဝဏ္ဏကွင်း)**

ချင်း-နေပြည်တော်

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ၂၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိလျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိ

**မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ၂၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာ ၁၆ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားမှ သိရသည်။**


**တွေ့ဆုံမေးမြန်း**
**တင်လင်းအောင်၊**
**ငှုလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးဒေဝါ**




ဦးအေးကိုကို



ဦးလှမြင့်အောင်



Mr.Andrew Kirkwood



Ms. Bui Thi Lan

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်နေ့ ဂုဏ်ပြုမှတ်တမ်းလွှာများကို FAO၊ JICA၊ KOICA၊ IRRI၊ Sharch World Bank၊ ADB၊ Mokpo National Uinversity တို့အပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံသံအမတ်ကြီးတို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

"ပြည်သူပြည်သားတွေ စားနပ်ရိက္ခာဖူလုံရေးနဲ့ အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းတိုးတက်ပြီး သူတို့ရဲ့ ဝင်ငွေတိုးတက်ရရှိရေးနဲ့ မြန်မာနိုင်ငံကထုတ်လုပ်လိုက်တဲ့ လယ်ယာကဏ္ဍထုတ်ကုန်တွေအပြင် ပြည်ပဈေးကွက်မှာ ရောင်းတန်းဝင်ပြီး ဈေးကွက်ရရှိရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO နဲ့ ပူးပေါင်းပြီးဆောင်ရွက်နေတဲ့လုပ်ငန်းတွေ အများကြီးရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းတွေကို FAO က ကူညီပံ့ပိုးပြီးတော့ စပ်မျိုးစပါးမျိုးစေ့ထုတ်တဲ့ လုပ်ငန်းစဉ်တွေ ပူးပေါင်းဆောင်ရွက်တာရှိတယ်။ ရေကြီးနစ်မြုပ်တဲ့ဒေသတွေမှာ တောင်သူလယ်သမားတွေ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးတွေရရှိရေး၊ ပြန်လည်စိုက်ပျိုးဖို့လိုအပ်တဲ့ အထောက်အပံ့တွေ ရရှိရေး စတဲ့ လုပ်ငန်းတွေအတွက်လည်း FAO နဲ့ ပူးပေါင်းဆောင်ရွက်တာတွေရှိပါတယ်" ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

မြန်မာနိုင်ငံက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ငတ်မွတ်ခေါင်းပါးမှု ထက်ဝက်လျှော့ချရေး ရည်မှန်းချက်နှင့် ကမ္ဘာ့စားနပ်ရိက္ခာထိပ်သီးညီလာခံ ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့၍ FAO အဖွဲ့ကြီးမှ အသိအမှတ်ပြု ဆုတံဆိပ်လက်မှတ်ကို ချီးမြှင့်ခြင်းခံခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ၂၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာဌာနများနှင့် ကျေးလက်နေပြည်သူများသည် သတိရှိစွာဖြင့် ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သီးနှံများ ဖွံ့ဖြိုး၍ ဝင်ငွေတိုးတက်ရရှိရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်တွင် ဆန်စပါးထုတ်လုပ်မှုနှင့် တင်ပို့မှုအပိုင်းမှာ တန်ချိန်အနေဖြင့် ၁ ဒသမ ၈ သန်းအထိ နှစ် ၄၀ အတွင်း အမြင့်ဆုံးစံချိန်အဖြစ် တိုးတက်လာသည့်အတွက် ဆင်းရဲမှုနွမ်းပါးမှုလျှော့ချရေးတွင် ထိရောက်မှုရှိခဲ့ကြောင်း သိရသည်။

"ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမှာ ထုတ်လုပ်သမျှ သီးနှံတွေ ခိုင်မာတဲ့ ဈေးကွက်တွေ ဖြစ်ပေါ်လာဖို့ နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်း ပူးပေါင်းပြီး ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ လယ်ယာကဏ္ဍအနေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ ဈေးကွက်ပိုင်းမှာဆိုရင် လယ်ယာသီးနှံတွေရဲ့ ဈေးကွက်ဟာ ဘယ်နိုင်ငံမှာပဲကြည့်ကြည့် တည်ငြိမ်မှုကို ထိန်းရတာခက်တယ်။ လက်ရှိ အခြေအနေမှာ ရာသီဥတုပြောင်းလဲမှုတွေနဲ့ အတူ အချို့နေရာတွေမှာ သဘာဝဘေးကြောင့် သီးနှံတွေ ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့တယ်။ စစ်ကိုင်းမှာဆိုရင် ကလေးဒေသ၊ ကောလင်းဒေသ၊ မကွေးတိုင်းဒေသကြီးမှာ ပွင့်ဖြူမြို့နယ်အစရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခြောက်ခုမှာ ရေကြီးနစ်မြုပ်မှု ဆိုးဆိုးရွားရွား ဖြစ်ခဲ့တယ်။ သီးနှံပျက်စီးဧက ရှစ်သိန်းကျော်မှာ ဒီကနေ့ အထိ မိုးစပါးအပါအဝင် သီးနှံမျိုးစုံ ၆၅ ရာခိုင်နှုန်း ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျန်တဲ့သီးနှံတွေကတော့ ယခုလက်ရှိဆောင်းသီးနှံတွေနဲ့ အစားထိုးစိုက်ပျိုးနိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။ စပါးနဲ့ပတ်သက်ပြီး စပါးစိုက်ဧက ခုနစ်သိန်းကျော် ပျက်စီးခဲ့တဲ့အထဲမှာ နှစ်သိန်းလောက်ပြန်စိုက်နိုင်ဖို့ ခက်ပါတယ်။ အဲဒါတွေကို တစ်ဧကအထွက်တိုးဖို့ ဓာတ်မြေဩဇာသွင်းအားစု ပြုစုစောင့်ရှောက်တဲ့စနစ်နဲ့ ဆောင်ရွက်ပေးခြင်းအားဖြင့် လျော့နည်းတဲ့ဧကတွေပေါ်မှာ အစားထိုးစိုက်ပျိုးခြင်းဖြင့် သဘာဝဘေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ လျော့နည်းမှုကို ကာကွယ်နိုင်အောင်ဆောင်ရွက်ပေးနေပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှမြင့်အောင်က ပြောသည်။

ဆက်လက်၍ စားဝတ်နေရေးနှင့် စားနပ်ရိက္ခာလုံခြုံရေး ရန်ပုံငွေအဖွဲ့မှ ဒါရိုက်တာ Mr.Andrew Kirkwood အား စားနပ်ရိက္ခာအကူအညီနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့အဖွဲ့က မတူညီတဲ့ အလှူရှင်အဖွဲ့ ၁၄ ဖွဲ့ကို စုစည်းပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ ဖော်ဆောင်ရေး၊ အာဟာရချို့တဲ့မှုတွေကို လျှော့ချရေးနဲ့ ကျေးလက်ပြည်သူတွေရဲ့ ဝင်ငွေတိုးတက်ရရှိရေးတွေမှာ ဘဏ္ဍာရေးဆိုင်ရာကူညီထောက်ပံ့မှုတွေ ပေးပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အဖွဲ့က လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွေနဲ့လည်း အနီးကပ်ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နေပါတယ်။ ကျွန်တော့်အနေနဲ့ အားပေးချင်တာကတော့ ဝန်ကြီးဌာနတွေ အပါအဝင် နိုင်ငံတကာ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းတွေ အားလုံး အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် မျှော်မှန်းရာပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါတယ်။ ငတ်မွတ်ခေါင်းပါးမှု လုံးဝမရှိစေရဆိုတဲ့ စိန်ခေါ်မှုအနေနဲ့ကတော့ နိုင်ငံရေးဆိုင်ရာ အဆင့်မြင့် တာဝန်ထမ်းဆောင်နေသူတွေက နိုင်ငံရေးဆိုင်ရာကူညီထောက်ပံ့မှုတွေ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဆာလောင်မှုကို တိုက်ဖျက်မယ်ဆိုရင်တော့ ဝန်ကြီးဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေလိုအပ်ပါတယ်" ဟု ပြောသည်။

FAO ၏ ဆောင်ရွက်ချက်များဖြစ်သည့် စားနပ်ရိက္ခာ လုံခြုံရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မြန်မာ့လယ်ယာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးဆောင်ရွက်ချက်များကို မြန်မာနိုင်ငံက အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်းခံရသည့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Bui Thi Lan က "လူသားတိုင်း အစားအစာ လုံခြုံမှုရရှိရေး စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတိုင်း၊ လယ်သမားကြီးတိုင်း၊ လယ်သမား မဟုတ်သူတိုင်း ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်မှာဖြစ်ပြီး လယ်ယာကဏ္ဍ အရင်းအမြစ်တွေ အသုံးချမှုတွေအပေါ် အဓိက မူတည်သွားမှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဖော်ဆောင်ဖို့ဆိုရင်တော့ တည်ရှိနေတဲ့ လယ်ယာကဏ္ဍအရင်းအမြစ် တွေ ဥပမာ လယ်ယာမြေတွေ၊ ရေအရင်းအမြစ်တွေ၊ သစ်တောတွေ စတာတွေကို ကောင်းမွန်စွာ စီမံခန့်ခွဲ အသုံးချရာမှာဖြစ်ပါတယ်။ ထိုအရင်းအမြစ်တွေကို အလွန်အကျွံ အသုံးမပြုဖို့ အရေးကြီးပါတယ်။ အဲလိုဆိုရင်တော့ နိုင်ငံရဲ့ အစားအသောက် လိုအပ်ချက်ကို စိုးရိမ်စရာမရှိပါဘူး။

အဲဒါကတော့ မြန်မာပြည်သူတွေအတွက် ဆင်းရဲမှုကို လုံးဝလျှော့ချရမည်ဖြစ်ပြီး အစားအသောက်လုံခြုံမှုနဲ့ အာဟာရပြည့်ဝမှုကို တိုးတက်အောင်ဖော်ဆောင်ရေးတို့ကို အားသွန်ခွန်စိုက်ကြိုးစားသွားရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ငတ်မွတ်ခေါင်းပါးမှု လုံးဝမရှိစေရဆိုသည့် အဓိပ္ပာယ်မှာ လူသားတိုင်း ဆာလောင်မှုကင်း ဝေးရမည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူများ၏ ကြိုးစားမှုကို အစားအသောက် လုံခြုံမှုနှင့် အာဟာရပြည့်ဝမှု ကဏ္ဍများတွင် တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အကျိုးအမြတ်များကို ပြည်သူများ ရရှိအောင် ဆောင်ကြဉ်းဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း Ms. Bui Thi Lan က ဆက်လက်ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ယင်းနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တူညီဝတ်စုံချုပ်လုပ်သည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးဌာန**
**ရှမ်းပြည်နယ်**
**ဖုန်း-၀၈၁-၂၁၂၁၆၇၁၊ ၂၀၆၈၁၀**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ခုနှစ် အောက်တိုဘာ၂၈ရက် (သီတင်းကျွတ်လပြည့်နေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။




## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းနိုင် ၁၀/ပမန(နိုင်)၁၀၇၂၁၇၏ Passport(No မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၂၀၅၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်းပြင်ကြီး(အထက)တက္ကသိုလ်ဝင်တန်း (C)မှမသဲစုအောင်၏ ဖခင် ဦးသန်းခိုင်ဝင်းနှင့် ဦးသန်းခိုင် ၅/မရန(နိုင်)၂၁၁၀၄၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက (၂)တက္ကသိုလ်ဝင်တန်း 1C မှ မသီတာငြိမ်း ၅/မရန(နိုင်)၃၁၈၂၆၉၏ ဖခင်အမည်မှန်မှာ ဦးအောင်ပေါ၅/မရန(နိုင်) ၁၈၈၉၅ဖြစ်ပါသည်။

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်ရဲရင့်ထက်၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်လှ ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်လှ ၁၀/ရမန(နိုင်)၀၄၂၃၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B) GRADE 11 (B) မှ မောင်သော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင်ဦး၈/တကက(နိုင်)၁၀၃၄၈၈ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်ဦး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၂)၊ အဋ္ဌမတန်း (ဂ)မှ မခိုင်သင်းကြည်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဆွေ ဖြစ်ပါကြောင်း။

**ဦးသန်းဆွေ ၁၀/မလမ(နိုင်)၂၃၀၇၇၇**

## အမည်ပြောင်း

ခွန်မောင်ထွန်း၏သမီး တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ တက္ကသိုလ်ဝင်တန်း(က)မှ မလှဝေအား ယနေ့မှစ၍ မလှလှဝေဟု ပြောင်းလဲခေါ်ပါရန်။

**မလှလှဝေ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အိပ်လဟာ ကျေးရွာအုပ်စု၊ မင်းကြီးကုန်းကျေးရွာ အသရော် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နော်သကဲထူး၊ နဝမတန်းမှ စောထူးဝါးမူ၊ အလက(ခွဲ) မင်းကြီးကုန်းကျောင်း နဝမတန်းမှ နော်အယ်ထူးဂေး၊ ဆဋ္ဌမတန်းမှ နော်သွဲဝါးတို့၏ဖခင်အမည်မှန်မှာ ဦးစောဝေဘဲ ၇/သဝတ(နိုင်)၀၂၈၈၈၅ ဖြစ်ပါကြောင်း။ **ဦးစောဝေဘဲ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၉၉၅ Honda wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သီ ၁၀/မဒန(နိုင်)၁၃၉၆၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၄၄၂၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနိုင် ၁၀/ကထန(နိုင်)၀၀၀၄၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ၏ စာမျက်နှာ (၂၆)ပါ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ ကြော်ငြာတွင် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့)ဘုံကထိန်အစား ၃၀-၁၀-၂၀၁၅ ရက် (သောကြာနေ့) ဘုံကထိန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အလုပ်အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7636 Toyota PSUM ACM 21 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှကြိုင် ၁၂/ဥကမ(နိုင်)၀၉၁၇၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း**

# နယ်လှည့်အသိပညာပေးဟောပြောပွဲနှင့် ထောက်ပံ့လှူဒါန်းခြင်းဆောင်ရွက်

**ဘားအံ၊ အောက်တိုဘာ ၁၇**

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး၊ ပြည်နယ်အမျိုးသမီးရေးရာ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နယ်လှည့်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် ဘားအံမြို့နယ် ချွန်ကျုံးကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေက အမှာစကားပြောကြားပြီး ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာအောင်ကျော်နိုင်၊ ဘားအံခရိုင်ပြန်/ဆက်ရုံးမှ ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်တို့က ဟောပြောကြသည်။

ထို့နောက် ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကျေးရွာရှိ မိသားစုဝင်ကလေးများသော အိမ်ထောင်စု ၃၀ ကို ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ အခြားစားသောက်ဖွယ်ရာများ၊ ရေလောင်းအိမ်သာခွက်များနှင့် အဝတ်အထည်များကိုလည်းကောင်း၊ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၂၀ ကို ငွေကျပ် ၁၀၀၀၀ စီနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။



**(ခရိုင် ပြန်/ဆက်)**

## အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သဘောထားထုတ်ပြန်ချက်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) သဘောတူစာချုပ်** ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်နေ့တွင် နေပြည်တော်၌ ပြည်တွင်း ပြည်ပ အသိသက်သေများရှေ့မှောက်ဝယ် လက်မှတ်ရေးထိုးလိုက်ကြောင်းသိရသဖြင့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်မီးကြီး ငြိမ်းသွားသည်ဟု ငြိမ်းချမ်းရေးကို လိုလားသူ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအားလုံးက ခံစားမိပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် တကယ်စစ်မှန်သော သမိုင်းတင်ရမည့် အပြောင်းအလဲ၊ ပြည်ထောင်စုကြီး၏ မဟာအောင်ပွဲလည်း ဖြစ်သည်။ ကျည်ဆန်များအစား ငြိမ်းချမ်းရေးပန်းများပွင့်လာသည်ဟု ခံစားရပါသည်။ ယခုလို ငြိမ်းချမ်းရေးပန်းများ ပွင့်အောင် ရဲရဲဝံ့ဝံ့ဆောင်ရွက်ပေးကြသူ အဘက်ဘက်မှ တာဝန်ရှိသူအားလုံးကိုလည်း ပြည်သူလူထုအားလုံး၏ကိုယ်စား ပြည်ထောင်စုကြီး၏ **တိုင်းပြု ပြည်ပြုသူရဲကောင်းပုဂ္ဂိုလ်များ** အဖြစ် လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်စွာ ဂုဏ်ပြုအပ်ပါသည်။

ယခုလက်မှတ်ထိုးပွဲတွင် မပါဝင်ဘဲ ကျန်နေသည့် အဖွဲ့များလည်း မကြာမီ လက်မှတ်ထိုးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ သာစေ နာစေသဘောမထားဘဲ တိုင်းပြည်ညီညွတ်ရေးကို ရှေးရှုပြီး ငြိမ်းချမ်းရေးလက်မှတ်ထိုးနိုင်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ဆောင်ရွက်ကာ ပြည်ထောင်စုကြီးကို ထိန်းသိမ်းကာကွယ်ကြပါဟုလည်း တိုက်တွန်းအပ်ပါသည်။

**မဘသအဖွဲ့ကြီး** သည် လူတစ်စုကောင်းစားရေး အာဏာရှင်စနစ်မှ ပြည်သူလူထုအားလုံး ကောင်းစားရေး၊ အမျိုးသားရေးလက္ခဏာမပျောက်သော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဝမ်းမြောက်ဝမ်းသာကြိုဆိုနေပါသည်။ ကိုယ်ရေးကိုယ်တာခံစားချက်များကို ရှေ့တန်းမတင်ဘဲ တာဝန်ရှိသူအားလုံးက အဆိုပါပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ် ပြုလုပ်ပေးကြပါဟုလည်း **မဘသအဖွဲ့ကြီး(ဗဟို)**က လေးလေးနက်နက် ဂုဏ်ပြုတိုက်တွန်းကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘဒ္ဒန္တ တိလောကာဘိဝံသ**
**ဥက္ကဋ္ဌ မဘသအဖွဲ့(ဗဟို)**
**အဂ္ဂမဟာပဏ္ဍိတ၊**
**နိုင်ငံတော်သြဝါဒါစရိယ**
**ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ( NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅.၁၀.၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် Thoolei Company Limited နှင့် Shwe Kyun Gyi Group of Companies တို့မှ အထူးပင်ဝမ်းမြောက်မိပါသည်။

ဆက်လက်၍လည်း နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များ ရေးဆွဲခြင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခြင်းစသည့် သမိုင်းတွင်ကျန်ရစ်မည့်အဆင့်များကိုလည်း ခေတ်အဆက်ဆက်မျှော်လင့် တောင့်တခဲ့ကြရသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်များကို ရှေ့ရှုလျက် စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှုများဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းနိုင်ကြပါစေကြောင်းနှင့် ကျန်ရှိနေသေးသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများလည်း မကြာမီအချိန်ကာလတွင် (NCA) တွင်လည်း ပါဝင်နိုင်လာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Thoolei Company Limited

Thoolei Company Limited နှင့် Shwe Kyun Gyi Group of Companies မှ BOD အဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ

'½

### ကျန်းမာရေးဝန်ကြီးဌာန
### ပြည်သူ့ကျန်းမာရေးဦးစီးဌာန
### စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများတွင် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၅ရက် ညနေ ၄နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၀၅**

## လေလံကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်(၆)ဘီးကား (၃)စီး၊ လေးလုံးထိုးထော်လာဂျီ(၃)စီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ(၉၈)စီးတို့အား ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ သိရှိလိုသည့်အချက်များရှိပါက မုံရွာမြို့နယ်တရားရုံးဘိလစ် ဖုန်း-၀၉-၇၉၇၈၂၂၅၈၅ ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နေ့ရက်** - ၃-၁၁-၂၀၁၅ ရက်(အင်္ဂါနေ့)
**အချိန်** - နံနက် ၁၀ နာရီ
**နေရာ** - မုံရွာမြို့နယ်တရားရုံးဝင်းအတွင်း

**လေလံရောင်းချရေးအဖွဲ့**

## အမည်ပြောင်း

ဦးစပ်ဂမ်၏သား မိုးကောင်းမြို့နယ်၊ အထက(ပင်းဘော)တက္ကသိုလ်ဝင်တန်း(B)မှ မောင်တူးမိုင်အား ယနေ့မှစ၍ မောင်သူရဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သူရဇော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ် အထက၊ လှတောကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူရထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၅/ဝလန(နိုင်)၁၀၅၅၇၂ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ဘုတလင် အထက်တန်းကျောင်း အဋ္ဌမတန်း(B)မှ မာအေးဆုအောင် ၅/ဘတလ(နိုင်)၁၂၉၇၃၇၏ ဖခင် အမည်မှန်မှာ ဦးပြား(ခ)ဦးဇော်လွင်ဦး ၅/ဘတလ(နိုင်)၀၈၆၉၅၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း ($B_3$)မှ မလှိုင်လှိုင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးပြေရှိန်း ၅/ဘတလ(နိုင်)၀၄၆၇၇၇ ဖြစ်ပါကြောင်း။

မြင့်မြတ်
အမှတ်တံဆိပ်
အမူးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

# စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၃၇ သိန်း ဖမ်းမိ



**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်က ကလောမြို့ဘက်မှ သာစည်မြို့ဘက်သို့ စိုင်းအောင်မြတ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၃၇ သိန်းကိုလည်းကောင်း၊ အောက်တိုဘာ ၁၂ ရက်က ကွတ်ခိုင်မြို့ ရပ်ကွက်(၃) အမှတ်(၇/၄၈၂)နေ ပိလောက်ဝူ၏နေအိမ်ကိုရှာဖွေရာ ပိလောက်ဝူအား မူးယစ်ဆေးဝါး သုံးစွဲနေသည်ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၆၈ ပြားကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်က မိုင်းဆတ်မြို့နယ်၊ ကျဒယ်ကျေးရွာအုပ်စု၊ နားယန်း(၂)ရွာသစ်ကျေးရွာနေ မအေးအေးခမ်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေနစ်နေသော ကလေးငယ်တစ်ဦးကို ဆယ်ယူသူပါ ရေနစ်သေဆုံး

**အောင်လံ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ရေနစ်နေသော ကလေးငယ်တစ်ဦးအား ဆယ်ယူရာမှ ဆယ်ယူသူပါ ရေနစ်သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က အောင်လံမြို့ ကန်ကြီးရပ်ကွက် အောင်လံ/ ဆင်ပေါင်ဝဲမော်တော်ဆိပ်ကမ်းတွင် ဦးထွန်းထွန်းကျော်၏ သားများဖြစ်ကြသော ကျော်သီဟထွန်း (၁၀ နှစ်)နှင့် မျိုးမင်းထွန်း ရှစ်နှစ်တို့မြစ်အတွင်း ရေဆင်းချိုးကြရာ မျိုးမင်းထွန်းရေနစ်သဖြင့် ကျော်သီဟထွန်းက အော်ဟစ်အကူအညီတောင်းခဲ့၍ အနီးရှိ ပန်းရန်လုပ်သား သန်းဇော်ဝင်း(၁၅ နှစ်)က မြစ်အတွင်းဆင်း၍ ဆယ်ယူစဉ် သန်းဇော်ဝင်းပါ နစ်မြုပ်သွားသဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းပါ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းဆယ်ယူမှုကြောင့် ညနေ ၄ နာရီခန့်တွင် သန်းဇော်ဝင်း၏ အလောင်းကို ၎င်းနစ်မြုပ်သည့် ကမ်းစပ်နှင့် ၁၅ ပေခန့်အကွာတွင် တွေ့ရှိဆယ်ယူရရှိပြီး မျိုးမင်းထွန်းအား မီးသတ်ဦးစီးမှူးအဖွဲ့နှင့် မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး မျိုးနေဇာ အဖွဲ့တို့က ပူးပေါင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# စိတ်ဖောက်ပြန်သူမီးရှို့ရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဣန္ဒာ (၁၁)လမ်း အမှတ်(၉၃၄)၌ အောက်တိုဘာ ၁၆ ရက်က အိမ်ရှင် ဦးမောင်မောင်ကြည်(ခ)ဦးမောင်မောင်ယဉ်အေး၏သားဖြစ်သူ ဝေလင်းထွန်း (၃၀ နှစ်) အား နေအိမ်အတွင်း တစ်ဦးတည်းသော့ခတ်ထားစဉ် ၎င်းကစိတ်ဖောက်ပြန်ပြီး အိမ်ခန်းကို မီးရှို့ရာမှ စတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၈၀၊ အရန်တပ်ဖွဲ့ဝင် ၂၀ ခန့်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်လေးစီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် ၂၅ စီး လာရောက်မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုးပျဉ်ကာ ပေ၂၀ နေအိမ်တစ်လုံး၊ သွပ်မိုးအုတ်ကာ ပေ၂၀ နေအိမ်တစ်လုံး၊ သွပ်မိုးပျဉ်ကာ ၁၀ ပေအိမ်နှစ်လုံး စုစုပေါင်း အိမ်လေးလုံးပျက်စီးခဲ့ပြီး ဝေလင်းထွန်းမှာ မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

**ကျော်တင့်ထွန်း**

# ဓားထောက်လုယက်မှုကျူးလွန်သူများအား ပြည်သူနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီး

**ရန်ကုန် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၆ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ယာဉ်မောင်း ဦးဆန်းလွင် မောင်းနှင်လာသော ယာဉ်အမှတ် FF/----မာရီဒါငွေမင်ရောင် အငှားယာဉ်ကို လူသုံးဦးက ကြည့်မြင်တိုင်မြို့နယ် ဗားကရာမှ အလုံမြို့နယ် Sky Way ကလပ်ဘက်သို့သွားလိုကြောင်းပြောပြီး ငွေကျပ် ၁၅၀၀ ဖြင့် ငှားလာရာ Sky Way ကလပ်အရောက် သမ္ဗန်ဆိပ်သို့သွားမည်ပြောသဖြင့် ဆက်လက်မောင်းနှင်လာခဲ့သည်။

အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် နှင်းဆီကုန်းလမ်း အရောက်၌ ယာဉ်နောက်ခန်းမှ လိုက်ပါလာသူတစ်ဦးက ဓားဖြင့်ထောက်ပြီး ကျန်လူနှစ်ဦးက အိတ်ကပ်အတွင်းမှ ငွေ ကျပ် ၂၅၀၀၀ နှင့် ဆင်းကတ်ပါ ဟွာဝေးအမျိုးအစား ဖုန်းတို့ကိုလုယူပြီး ယာဉ်မောင်းအား သခင်မြပန်းခြံဘက်သို့ မောင်းခိုင်းကာ သခင်မြပန်းခြံအရောက်ကားရပ်၍ ဆင်းပြေးရန်ပြင်စဉ် ထောက်ထားသောဓားအား ယာဉ်မောင်းက လက်ဖြင့်ဆုပ်ကိုင်ပြီး ပြန်လည်ခုခံ၍ အော်ဟစ်အကူအညီတောင်းရာ တက္ကစီဂိတ်မှလူများနှင့် ရပ်ကွက်နေပြည်သူများ၊ လှည့်ကင်းဆောင်ရွက်နေသောရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဝိုင်းဝန်းဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူ တင်အောင်ဝင်း(ခ)မြောင်မီး (၃၀ နှစ်) နှင့် မြတ်မင်း (၂၅ နှစ်) တို့ကို ဖမ်းဆီးရမိသဖြင့် အလုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

❑ *ကျော့ဖုံးမှ*

လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးပေါက်ကန်သွင်းခွင့်လည်း ခုနစ်ကြိမ်ထိ ရရှိခဲ့သည်။ အိမ်ရှင်စပါးအသင်းကလည်း ဂိုးပေါက်ကန်သွင်းခွင့် ခြောက်ကြိမ်ထိ ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။ နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဂိုးမရရှိဘဲ ပွဲပြီးချိန်တွင် သရေတစ်မှတ်စီသာ ကျေနပ်ခဲ့ရသည်။

အဲဗာတန်အိမ်ကွင်း၌ သွားရောက်ကစားသော မန်ယူတို့က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အဲဗာတန်ကွင်း၌ အနိုင်မရသည်မှာ သုံးနှစ်ရှိပြီဖြစ်သည့် မန်ယူတို့က ယခုပွဲ၌ ပွဲချိန် ၁၈ မိနစ်တွင် ရှနိုက်ဒါလင်က အဖွင့်ဂိုးသွင်းယူပေးပြီး ဒုတိယဂိုးကို ၂၂ မိနစ်တွင် ဟာရဲရားက ဒုတိယဂိုးသွင်းယူပေးသည်။ ပထမပိုင်းအပြီး မန်ယူတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်နေပြီး မန်ယူအတွက် တတိယဂိုး ကို တိုက်စစ်မှူး ရွန်းနီက သွင်းယူပေးသည်။ ပွဲအပြီးတွင် မန်ယူတို့ သုံးဂိုး-ဂိုး မရှိဖြင့် အဲဗာတန်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ-ရေးသည်**



မန်ယူအတွက် အဖွင့်ဂိုးကို ရှနိုက်ဒါလင်က သွင်းယူစဉ်။

## အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၉)

| | | |
|---|---|---|
| ချယ်လ်ဆီး | ၂-၀ | အက်စ်တွန်ဗီလာ |
| ပဲလေ့စ် | ၁-၃ | ဝက်စ်ဟမ်း |
| မန်စီးတီး | ၅-၁ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၂-၂ | လက်စတာ |
| ဝက်စ်ဘရွန်း | ၁-၀ | ဆန်းဒါးလန်း |

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉)

| | | |
|---|---|---|
| ရှော်လ်ကေး | ၂-၁ | ဟာသာဘာလင် |
| ဝုဖ်ဘတ် | ၄-၂ | ဟော်ဖန်ဟိမ်း |
| ဟမ်းဘတ် | ၀-၀ | လေဗာကူဆင် |
| အော့စ်ဘတ် | ၀-၁ | ဘိုင်ယန်မြူးနစ် |


မြန်မာ-ဂျပန်စကားပြောလက်စွဲ
ဂျပန်စာရေးသူ ယာသု-ရှီရို(လူ၆၀)
တန်ဖိုး ၁၅၀၀/-ကျပ်
စီစဉ်သူ ဦးထိန်လင်း(၀၉-၇၃၁၀၀၂၇၄)
ကမ္ဘာလှည့်ခရီးသည်များ မြန်မာလိုစကားပြောဆိုရာတွင်လည်းကောင်း၊ ဂျပန်လိုစကားပြောဆိုရာတွင်လည်းကောင်း အသုံးပြုနိုင်ရန် ပြုစုထားပါသည်။ မြန်မာနှင့် ဂျပန်နှစ်ဘာသာစလုံး စာလုံးပေါင်းပုံနှင့် အနီးစပ်ဆုံးအသံထွက်၊ မသင်မနေရစကားလုံးများ၊ မြန်မာ့ဓလေ့ထုံးစံ မြန်မာဘာသာနှင့် အထွေထွေ ဗဟုသုတများ စသည်ဖြင့် စီစဉ်ပေးထားပါသည်။ ဂျပန်ဘာသာလေ့လာနေသူ မြန်မာပြည်သူများအား အကျိုးပြုနိုင်စေရန်အတွက် အကောင်းဆုံးဖြစ်ပါသည်။
မန္တလေးစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅



နယူးအာရှ ယာဉ်မောင်းသင်တန်းကျောင်းမှ ဆရာမ ဒေါ်နီလာလွင် (နည်းပြဆရာမ)
တပည့်ဟောင်း/သစ်များနှင့် ဓမ္မမိတ်ဆွေ သူတော်စင်များအားလုံး
ဗုဒ္ဓဂယာ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား
အား ဖူးမျှော်ကြည်ညိုနိုင်ရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။
အချိန် – ၁၉.၁၀.၂၀၁၅ မှ ၂၀.၁၀.၂၀၁၅ –၂ : ၀၀ နာရီ ထိ ကူသိုလ်ပြု
အမှတ် - ၁၀၃ (A) 7လွှာ၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ လွပ်လပ်ရေးရပ်ကွက်။ Ph: 09-43139316








**Job Vacancy**

Finland နိုင်ငံထုတ် KONE ဓာတ်လှေကား၊ စက်လှေကားများအား မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရောင်းချတပ်ဆင်နေသော Octagon Automobile & Machinery Service Co.,Ltd. တွင် အောက်ပါအရည်အချင်းများဖြင့် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူလိုပါသည်။

(1) Installation Manager - (1) ဦး
(2) Test & Commissioning Manager - (1) ဦး
(3) Admin Manager - (1) ဦး
(4) Technician - (20) ဦး
(5) Supervisor - (4) ဦး
(6) Mechanic - (15) ဦး

**မှတ်ချက်။** အမှတ်စဉ် (၁) မှ (၂)အထိ လျှောက်ထားသူများသည် ဘွဲ့ရရှိ၍ လုပ်ငန်းကျွမ်းကျင်ရပါမည်။
အမှတ်စဉ် (၃ နှင့် ၅)အတွက် လျှောက်ထားသူများသည် သက်ဆိုင်ရာဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရပါမည်။
အမှတ်စဉ် (၅)အတွက် လျှောက်ထားသူများသည် ဓာတ်လှေကားနှင့်စက်လှေကား လုပ်ငန်းအတွေ့အကြုံရှိရပါမည်။

**ဆက်သွယ်ရန်လိပ်စာ-အမှတ် (၁၀၆/၁၀၈)၊ နှင်းဆီကုန်းလမ်းနှင့်ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**Email Address:hr@oams-kn.com/Tel:09-8631438, 01-222225**

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်



# ကိုလိုနီခေတ် လူမျိုးခွဲခြားဖိနှိပ်မှု၏ သမိုင်းမှတ်တမ်းပြယုဂ်တစ်ခုဖြစ်သော ပဲခူးကလပ်အဆောက်အအုံ



■ သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- JJMC

**ကိုလိုနီခေတ်သည် ထိုခေတ် ပြင်ပကမ္ဘာ၏ ယဉ်ကျေးမှုပုံစံများ၊ စရိုက်လက္ခဏာများကို ပြည်တွင်းသို့ ယူဆောင်သွတ်သွင်းခဲ့ကာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှာန်းဖြင့် နေထိုင်လာခဲ့သော မြန်မာလူမျိုးတို့၏ ဇာတိပုညဂုဏ်မာနတို့ကို ရိုက်ချိုးနင်းချေပစ်သကဲ့သို့ ပြင်ပကမ္ဘာ၏ ယဉ်ကျေးမှုအမွေအနှစ်တို့ကိုလည်း မြန်မာ့မြေပေါ်တွင် ချန်ထားရစ်ခဲ့သည်။ ယနေ့အချိန်တွင်မူ ကိုလိုနီခေတ်၏ အကြွင်းအကျန်ဟူသမျှ အားလုံးက သမိုင်းမှတ်တမ်းအဖြစ် တည်ရှိကျန်ရစ်နေပြီဖြစ်သည်။**

ထိုအထဲတွင် တစ်ချိန်က မြန်မာလူမျိုးများ မဝင်ရဟု အထင်အရှား ကန့်သတ်ခြင်းကို ခံခဲ့ရကာ ဟိတ်ဟန်ကြီးမားခဲ့ပြီး ဗြိတိသျှ ကိုလိုနီခေတ် စစ်ဘက်အရာရှိများနှင့် အရပ်ဘက်အုပ်ချုပ်ရေး မျက်နှာဖြူအာဏာပိုင်များသာ တက်ရောက်ခွင့်ရရှိခဲ့သော ကလပ်တစ်ခုမှာ ယနေ့အချိန်တွင် မေးမှိန်သော အရောင်အဆင်းဖြင့် တစ်ခေတ်တစ်ခါက သူ့အောင်မြင်မှု ရွှေရောင်နေ့များကို ပြန်လည်တမ်းတနေပေတော့မည်။ ယင်းကို ပဲခူးကလပ်ဟုခေါ်ဆိုခဲ့ကြပြီး ယနေ့တိုင် အထင်အရှား မြင်တွေ့ရဆဲပင်ဖြစ်သည်။

ပဲခူးကလပ်ကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်မှုများအကြား ၁၈ ရာစုပုံစံ လက်ရာအများစုမှာ နှစ်ကာလကြာညောင်းသဖြင့် ပျက်စီးဆုံးရှုံးတော့မည့်အခြေအနေများနှင့် ရင်ဆိုင်နေရပြီး နှစ်ကာလများစွာ ရာသီဥတုအပြောင်းအလဲများကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်သည်။

ပဲခူးကလပ်အား ၁၈၈၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ပြည်တွင်းသယံဇာတဖြစ်သော ကျွန်းသစ်ဖြင့် အဓိက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၈၂ ခုနှစ်တွင် ပြီးမြောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသော်လည်း ယနေ့တိုင် ပဲခူးကလပ်၏ တည်ဆောက်ခြင်းအသေးစိတ်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း သုတေသီများထံမှ သိရှိရသည်။

ကျွန်း၏ အာနိသင်အတိုင်း နှစ်ပေါင်းများစွာ ရာသီဥတုဒဏ်ကို ခံစားရသော်လည်း အချိန်၏စမ်းသပ်မှုများကို အကောင်းဆုံးခံယူနေဆဲ၊ မာန်တင်းရပ်တည်ဆဲပင်။

'မြန်မာနှင့် ခွေးများမဝင်ရ' ဟူသော စာတန်းကို သီပေါဘုရင် ပါတော်မူပြီး နှစ်အနည်းငယ်အကြာက ပဲခူးကလပ်တွင် ချိတ်ဆွဲတပ်ဆင်ခဲ့သည့်အပြင် လူမျိုးရေးနှင့် လူတန်းစား အလွန်ခွဲခြားဆက်ဆံတတ်သည့် အရင်းရှင်ခေတ် ကိုလိုနီတို့၏နှိမ့်ချမှုကြောင့် မြန်မာအပါအဝင် အာရှတိုက်သားတို့ ယင်းကလပ်အတွင်းသို့ ဝင်ရောက်ခွင့် မရရှိခဲ့ကြပေ။

ပဲခူးကလပ်သည် မြန်မာနိုင်ငံရောက် မျက်နှာဖြူအရာရှိများအတွက် အပန်းဖြေရာ၊ တွေ့ဆုံရာနှင့် ယင်းတို့အနွယ် များအတွက် ကပွဲများဆင်နွှဲရာ နေရာတစ်ခုဖြစ်ခဲ့ပြီး ယင်းတို့အနက်မှာပင် မြင့်မားသည့် ရာထူးများကို ထမ်းဆောင်ကြသည့် ကိုလိုနီသစ္စာခံများအတွက် အဓိက ဧည့်ဝတ်ကျေခဲ့သည့် ဗစ်တိုးရီးယန်းစတိုင်လ် အဆောက်အအုံ တစ်ခုဖြစ်ခဲ့သည်။

အရှေ့တောင်အာရှရှိ ကလပ်များအနက် အဆင့်အတန်းအမြင့်ဆုံးနှင့် အာဏာရှင်၊ ငွေရှင်ကြေးရှင်များသာ ပုံမှန်လည်တတ်ကြသဖြင့် ထိုခေတ်က အင်္ဂလိပ်မုန်းတီးရေးနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့အတွက် မကျေမနပ် ဆန္ဒပြမှုများအထိ ဖြစ်ပေါ်ခဲ့သေးကြောင်း ကမ္ဘာအနှံ့လှည့်လည်ကာ ခရီးသွားမှတ်တမ်းများရေးသားခြင်းဖြင့် နာမည်ကျော်ကြားသည့် စာရေးဆရာ Paul Theroux က ၁၉၇၅ ခုနှစ်တွင် The Great Railway Bazaar စာအုပ်တွင် ထည့်သွင်းကာ ပဲခူးကလပ်၏ ခံ့ညားမှုနှင့် လူတန်းစားခွဲခြားမှုကို ဖော်ပြခဲ့သေးကြောင်း သိရသည်။

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ပဲခူးကလပ် အဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ပြင်ဆင်မှုများကို ပြုလုပ်ရန်ရှိနေပြီး မကြာမီ အရှေ့တောင်အာရှ၏ အထင်ကရကလပ်တစ်ခုအဖြစ် နာမည်ကျော်ခဲ့သည့် ပဲခူးကလပ်ကို ရှေးမူမပျက် ပြန်လည်မြင်တွေ့ခွင့်ရတော့မည် ဖြစ်ပါကြောင်း။



**ပဲခူးကလပ် အဆောက်အအုံအား ပြန်လည်ပြုပြင် မွမ်းမံရန်အတွက် ပြင်ဆင်မှုများကို ပြုလုပ်ရန် ရှိနေပြီး မကြာမီ အရှေ့တောင်အာရှ၏ အထင်ကရကလပ်တစ်ခုအဖြစ် နာမည်ကျော်ခဲ့သည့် ပဲခူးကလပ်ကို ရှေးမူမပျက် ပြန်လည်မြင်တွေ့ခွင့်ရတော့မည်**

ခ ရီး သွား ဆော င်း ပါး



# သဘာဝအလှတရားတွေနဲ့ ထုံမွမ်းနေသည့် မိန်းမလှကျွန်းဆီသို့

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-မောင်ချစ်ကြည်**

ဘိုကလေးမြစ်အတိုင်း ခုတ်မောင်းလာသော စက်လှေက ရေပြင်တွင် ရှပ်တိုက်ပြေးနေသည်။ စက်လှေအရှိန်ကြောင့် လှေဦးတွင်ရေပန်းများ တဖွားဖွား ထွက်ပေါ်လာသည်။ လေတိုက်နေသဖြင့် ရေပန်းများက မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်လွင့်စဉ်ကျလာသည်မှာ မိုးရွာသည့်နှယ်။ ဘိုကလေးမြို့မှ နံနက် ၆ နာရီခန့်က ထွက်လာသော ကျွန်တော်တို့ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဦးတည်နေခြင်းဖြစ်သည်။

မိန်းမလှကျွန်းက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း တည်ရှိနေခြင်းဖြစ်ရာ ဘိုကလေးမြို့မှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဘိုကလေးမြစ်၏ အရှေ့ဘက်၌ရှိပြီး ကဒုံကနိမြစ်အနောက်ဘက်တွင်ရှိသည်ဖြစ်ရာ စက်လှေဖြင့်သွားခြင်းက လျင်မြန်ပြီး အချိန်တိုအတွင်း ရောက်ရှိလေသည်။ ကျွန်တော်တို့ မိန်းမလှကျွန်းသို့ရောက်ရှိချိန်မှာ နံနက် ၇ နာရီခွဲခန့်သာရှိသေးရာ နံနက်ခင်းနေရောင်ဖြာကျနေသည့် မိန်းမလှကျွန်းအလှကို အနီးကပ်လေ့လာခွင့်ရရှိသည်။ ဆောင်းဝင်စမို့လားမသိ ကျွန်းပေါ်တွင် အေးစိမ့်စိမ့်ဖြစ်နေဆဲ။

ကျွန်းပုံစံက အဝေးမှလှမ်းကြည့်လျှင် မိန်းမလှတစ်ဦး၏ပုံသဏ္ဍာန်နှင့်တူသဖြင့် မိန်းမလှကျွန်းဟုခေါ်ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးဖြစ်သူ ကိုစိုးသိန်းက ပြုံးလျက်ပြောပြသည်။ ခရီးလမ်းက ကုန်းတစ်တန်၊ ရေတစ်တန်လာရသော်လည်း ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်အချို့ လာရောက်လေ့လာကြသည်ဟုလည်း ဆိုသည်။ အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များကို လာရောက်လေ့လာသူများနှင့် သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသူများဖြစ်ကြောင်း သိရသည်။

မိန်းမလှကျွန်းက ရန်ကုန်မြို့ အနောက်တောင်ဘက်တွင်ရှိပြီး ရန်ကုန်နှင့်ဘိုကလေးမြို့သို့ ကုန်းလမ်းနှင့် ရေလမ်းတို့ဖြင့်လည်း သွားရောက်နိုင်ပြီး ဘိုကလေးမြို့မှ မိန်းမလှကျွန်းသို့ စက်လှေဖြင့် လွယ်ကူစွာ လာရောက်နိုင်သည်။ ရန်ကုန်မှ နေ့ချင်းပြန်ခရီးသွားလာ၍ရသည့် ခရီးစဉ်ဖြစ်ရာ နောက်ပိုင်းတွင်သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားစရာ ခရီးစဉ်တစ်ခု အဖြစ်လူကြိုက်များလာမည်မှာ သေချာသည်ဟုတွေးနေမိသည်။

မိန်းမလှကျွန်းပေါ်သို့ ရောက်ရှိပြီးလေ့လာခဲ့သည်။ စိမ်းစိုသောသစ်ရွက်ဖားဖားဖြင့်အပင်မြင့်များက ကိုင်းချင်းယှက်လျက်၊ အချို့နေရာများတွင် နေပြောက်မထိုးနိုင်အောင် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်။ အပင်မျိုးစုံပေါက်ရောက်နေသည်ကိုတွေ့ရပြီး ကနစို၊ မဒမ၊ သင်ပေါင်း၊ တရော်ပင်များကိုလည်း မြင်တွေ့ရသည်။ မိန်းမလှကျွန်းပေါ်တွင် သစ်ပင်မျိုးစိတ်ပေါင်း ၂၉ မျိုးကျော်ရှိရာ အပင်ကြီး၊ အပင်ငယ်တို့အပြင် ချုံပင်၊ နွယ်ပင်များကိုလည်း နေရာတိုင်း၌ လက်တစ်ကမ်းအကွာနေရာများတွင် မြင်တွေ့ရသည်။ စိမ်းစိုလန်းဆန်းပြီး တိတ်ဆိတ်သည့် ဝန်းကျင်တစ်ခု၊ ကမ္ဘာလေးတစ်ခုဆီသို့ ရောက်သွားသကဲ့သို့ ခံစားနေမိသည်။

လူသွားလမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်ကာ တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်းတို့ဖြင့် လွှမ်းခြုံနေသည့် မိန်းမလှကျွန်းပေါ်တွင် လမ်းလျှောက်ရင်း သဘာဝပတ်ဝန်းကျင်နှင့် တောတောင်ရေမြေအလှကို ပကတိအတိုင်း အပြည့်အဝခံစားနေမိသည်။ အချို့သစ်ပင်ပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်နေသော သစ်ခွရိုင်းများကို မြင်တွေ့ရသဖြင့် အံ့သြမိသည်။ ခရမ်းရောင်မကျတကျ၊ အဖြူရောင်နှင့်ရောစပ်ကာ သဘာဝအတိုင်း ပေါက်ရောက်နေသော သစ်ခွများပင်။ ခူးရန်ကြိုးစားသော်လည်း လက်လှမ်းမမီသဖြင့်မရချေ။

သစ်ခွပန်းများကို ငေးကြည့်နေခိုက် ဝမ်းဗိုက်တွင် အဖြူရောင်နှင့် အမွေးအတောင် မီးခိုးရောင်ရှိသော ငှက်တစ်အုပ်သစ်ပင်အမြင့်တွင် နားနေရာမှ ရုတ်တရက်ထပြန်သွားသည်။ ကျွန်တော်တို့၏ ခြေသံ၊ လှုပ်ရှားသံနှင့် စကားပြောသံတို့ကြောင့် ဖြစ်မည်။ မိန်းမလှကျွန်းပေါ်တွင် ငှက်မျိုးစိတ်ပေါင်း ၃၄ မျိုးခန့် ကျက်စားနေထိုင်ကြောင်း သိရသည်။ ၁၉၈၆ ခုနှစ်မှ စတင်ကာ မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ထူထောင်ခဲ့ခြင်းဖြစ်ရာ ငှက်မျိုးစုံစွာလာရောက်နားခို ကျက်စားနေကြခြင်းလည်းဖြစ်သည်။

ချောင်းငယ်တစ်ခုပေါ်တွင် တံတားသဖွယ် ပြုလုပ်ထားသော ခုတ်လှဲထားသည့် သစ်ပင်ခြောက်ပေါ်မှ ဖြတ်သန်းရင်း ပတ်ဝန်းကျင်ကို ကြည့်မိသည်။ ခပ်လှမ်းလှမ်းရေစပ်၌ အစိမ်းပုပ်ရောင်အမွေးအတောင်များ ဖုံးလွှမ်းနေသည့် ငှက်ခြောက်ကောင်ကို တွေ့လိုက်ရသည်။ မယ်ညိုငှက်နှင့် ခပ်ဆင်ဆင်တူသော်လည်း အသေအချာကြည့်လိုက်ရာ မဟုတ်ချေ။ ခြေတံအနည်းငယ်ရှည်သဖြင့် မည်သည့်ငှက်မျိုးဖြစ်သည်ကို ဝေခွဲမရဖြစ်ရသည်။

မိန်းမလှကျွန်းပေါ်သို့ ဆောင်းခိုငှက်များလာရောက် နားခိုလေ့ရှိကြောင်း၊ နှစ်စဉ်နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်းခိုငှက်များကြည့်ရန် အကောင်းဆုံးကာလပင်ဖြစ်ကြောင်း ကိုစိုးသိန်းက ပြောသည်။ လေအဝှေ့ဝယ် စွေ့စွေ့သင်းပျံ့သော တောပန်းရနံ့တို့ကို ရှူရှိုက်ရသဖြင့် အမောပြေရသည်။

ကျွန်တော်တို့လေ့လာကြည့်ရှုရင်း လျှောက်လာခဲ့ရာ မိန်းမလှကျွန်းပေါ်ရှိ "မိကျောင်းခေါင်းပုတ်စခန်း" ဆိုသည့် အောက်ခံအစိမ်းရောင်ပေါ်တွင် အဖြူရောင်ဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်ကို တွေ့ရသည်။ ယင်းဆိုင်းဘုတ်နှင့်ကပ်လျက် သတိပေးဆိုင်းဘုတ်တစ်ခုစိုက်ထားသည်ကိုလည်း တွေ့မြင်ရသည်။ ဖတ်ကြည့်လိုက်ရာ "နိုင်ငံခြားသားများကို ကူညီပါ" ဆိုသည့် သတိပေးဆိုင်းဘုတ်စိုက်ထူထားသည်ကို တွေ့မြင်ရသည်။ မိန်းမလှကျွန်းပေါ်တွင် နိုင်ငံခြားသားခရီးသွားအချို့ကို လှမ်းမြင်ရသဖြင့် လိုအပ်ပါက ဒေသခံများက အကူအညီပေးရန် နှိုးဆော်ထားခြင်းပင်။ နိုင်ငံခြားသား ခရီးသွားများက တစ်ဦးချင်းလာသလို နှစ်ဦး၊ သုံးဦးလာရောက်လေ့လာကြကြောင်း သိရသည်။

သွပ်မိုး၊ ပျဉ်ကာဖြင့် အိမ်သေးသေးတစ်လုံးစာ အရွယ်အစားသာရှိသည့် မိကျောင်းခေါင်းပုတ်စခန်းက သစ်ပင်များအလယ်တွင် တိတ်ဆိတ်စွာတည်ရှိနေသည်။ မိန်းမလှကျွန်းပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးအပြင် လိုအပ်သော အကူအညီများပေးရန် တည်ဆောက်ထားခြင်းဖြစ်သည်ဟု ကိုစိုးသိန်းက ပြောပြသည်။ စခန်းအတွင်းမဝင်တော့ဘဲ အပြင်မှလှမ်းကြည့်ကာ ဆက်လက်ထွက်ခွာခဲ့သည်။ အတန်ကြာလျှောက်လာခဲ့ရာ ခပ်ဝေးဝေးမှလာသော အသံတစ်သံကြားရသဖြင့် မေးကြည့်ရာ တောခွေးသံဟုပြောသဖြင့် မိန်းမလှကျွန်းပေါ်တွင် တောခွေးများလည်းရှိကြောင်း သိရသည်။ တောခွေးများက အုပ်စုဖွဲ့နေထိုင်လေ့ရှိသော်လည်း လူများကို ရန်မူသည့်ဖြစ်ရပ်မျိုး ဤကျွန်းပေါ်တွင် မရှိကြောင်းလည်းသိရသဖြင့် စိတ်အေးရသည်။ တောတောင်များအတွင်း လျင်မြန်စွာသွားလာတတ်ပြီး အန္တရာယ်ပေးတတ်သော တိရစ္ဆာန်မျိုးဖြစ်ရာ စိုးရိမ်စိတ်ဖြစ်သွားရာမှ သက်သာရ ပင့်သက်ချမိသည်။

မိန်းမလှကျွန်းက စုစုပေါင်းအကျယ်အဝန်း ၅၂ ဒသမ ၇၉ စတုရန်းမိုင်ခန့်ရှိပြီးရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရေမိုင် ၉၉ မိုင်ခန့် နှင့်ဘိုကလေးမြို့မှ မိန်းမလှကျွန်းသို့ ၁၂ မိုင်ခန့်ရှိသည်။ သစ်ပင်မျိုးစိတ်၊ ငှက်မျိုးစိတ်၊ ငါးနှင့်ကုန်းရေနှစ်မျိုးနေ သတ္တဝါမျိုးစိတ်များ စုံလင်စွာ နေထိုင်ကျက်စားပျော်မွေ့ရာ ကျွန်းတစ်ကျွန်းလည်းဖြစ်ရာ ကျွန်တော်တို့အတွက် လေ့လာစရာများလှသည်။ မိုးရာသီ ဇွန်လမှ ဩဂုတ်လအထိ သွားလာရေးခက်ခဲသော်လည်း ကျန်ကာလများတွင် သွားလာရအဆင်ပြေသည်။

*စာမျက်နှာ ၁၇ သို့*

**ကျွန်းပုံစံက အဝေးမှလှမ်းကြည့်လျှင် မိန်းမလှတစ်ဦး၏ ပုံသဏ္ဍာန်နှင့် တူသဖြင့် မိန်းမလှကျွန်းဟု ခေါ်ခြင်းဖြစ် . . . တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသူများ လာရောက်လေ့လာ...**



စာမျက်နှာ ၁၆ မှ



အကောင်းဆုံးမှာ နှစ်စဉ်မတ်လမှ မေလအတွင်း ခြောက်သွေ့ရာသီဖြစ်ရာ မိန်းမလှကျွန်းပေါ်အနှံ့ နေ့ ည သွားလာပြီး လေ့လာ၍ရသည်။

ကျွန်တော်တို့ ကမ်းခြေဘက်ထွက်ခဲ့သည်။ အပန်းဖြေကမ်းခြေပုံသဏ္ဍာန်မရှိသော်လည်း ငါးနှင့်ကုန်းရေနှစ်မျိုးနေသတ္တဝါအချို့ကို မြင်တွေ့ခွင့်ရရန် ကမ်းခြေသို့ဆင်းခဲ့ခြင်းဖြစ်သည်။ ရေနှင့်ကုန်းစပ်ကမ်းခြေတစ်နေရာတွင် မြူးထူးဆော့ကစားနေသော သတ္တဝါနှစ်ကောင်ကို အဝေးမှလှမ်းမြင်ရသဖြင့် အသာရပ်ကြည့်လိုက်ရာ ဖျံနှစ်ကောင်ဖြစ်နေသည်။ ရေထဲဆင်းလိုက်၊ ကမ်းစပ်တက်လိုက်၊ တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားလိုက်နှင့် လွတ်လပ်စွာ မြူးထူးနေကြသည်မှာ အနှောင့်အယှက် ကင်းစွာရှိနေသည်။ တစ်ခဏအကြာ ကျွန်တော်တို့ လူရိပ်မြင်၍လားမသိ ရေထဲဆင်းသွားတော့သည်။ တော်တော်နှင့်ပေါ်မလာတော့။

သစ်ပင်နှင့်ရေစပ်နေရာများတွင် ကဏန်းအချို့ကို မြင်တွေ့ရသည်။ ဝမ်းဗိုက်အဖြူ ကျောခွံအညိုနှင့် ခြေလက်မများက အဖြူအညိုရောစပ်နေသော အရောင်အဆင်းရှိ ကဏန်းများဖြစ်သည်။ ကျွန်တော် အနီးကပ်လေ့လာကြည့်ရှုရာ အဝေးသို့မပြေးဘဲ ငြိမ်သက်ရပ်တန့်နေသည်။ မိန်းမလှကျွန်းတွင် ငါးမျိုးစိတ် ၅၉ မျိုးနှင့် ပုစွန်မျိုးစိတ် ၁၂ မျိုးခန့်ရှိကြောင်း သိရသည်။

“မိကျောင်းတွေကို လေ့လာချင်ရင် ညဘက်မှာ လှေနဲ့လေ့လာလို့ရတယ်” ဟု ပြောရာ စိတ်ဝင်စားသွားသည်။ မိန်းမလှကျွန်းတစ်ဝိုက်တွင် ရေငန်မိကျောင်းများ နေထိုင်ကျက်စားလေ့ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရေငန်မိကျောင်းအများဆုံး နေထိုင်ကျက်စားရာ နေရာတစ်ခုဖြစ်ကြောင်းလည်း သိရသည်။ အချို့ခရီးသွားဧည့်သည်များက မိန်းမလှကျွန်းပေါ် ညအိပ်တည်းခိုကာ မိကျောင်းများနေထိုင်နားစက်မှုကို လှေငှားကာလေ့လာကြသည်ဟု ဆိုသည်။



လှေငှားပြီး ညဘက်မိကျောင်းများ နားခိုအိပ်စက်ရာ နေရာများသို့သွားရောက်ကာ လေ့လာလိုစိတ်ရှိသော်လည်း အချိန်မရသဖြင့် ယင်းအစီအစဉ်ကို လက်လျှော့ခဲ့ရသည်။ ကျွန်တော်တို့ မိန်းမလှကျွန်းပေါ် ပြန်တက်ခဲ့သည်။ လှေတစ်စင်းငှားပြီး ကျွန်းပတ်လည်အချို့နေရာများကို လေ့လာရန်ကြိုးစားရာ ဒေသခံတစ်ဦးက အခမဲ့လိုက်ပို့မည်ဆိုသဖြင့် ဝမ်းသာပြီး လှေရှိရာထွက်ခွာခဲ့သည်။ မိန်းမလှကျွန်းပတ်လည်ကို ကြည့်ရှုရန်ထက် လိပ်ဥကျွန်းများရှိရာသို့သွားလျှင် ပိုကောင်းသည်ဆိုသဖြင့် လှေဖြင့်ထွက်ခဲ့သည်။

မိန်းမလှကျွန်း တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ ကမ်းခြေသို့ရောက်ပြီး လှေပေါ်မှဆင်းကာ သဲဆန်သော မြေပြင်တစ်လျှောက် လိုက်လံလေ့လာကြသည်။ ပင်လယ်လိပ်များ လာရောက်နေထိုင်ကျက်စားပြီး ဥကျင်းများပြုလုပ်ကာ လိပ်ဥများ ဥလေ့ရှိကြောင်း သိရသည်။ လိပ်ဥကျင်းဟောင်းနေရာများကိုတွေ့ရပြီး အရွယ်အစားမျိုးစုံသော လိပ်ဥကျင်းနေရာများက အများအားဖြင့် သုံးကျင်းအရာများသာတွေ့ရသည်။ အတန်ကြာ လှည့်လည်ကြည့်ရှုရာမှာ လိပ်ဥကျင်း တစ်ကျင်းကိုတွေ့ရသဖြင့် ကြည့်လိုက်ရာ လိပ်ဥအချို့ကိုတွေ့ရပြီး ဥကျင်းနှင့် မလှမ်းမကမ်းတွင် လိပ်တစ်ကောင်ကိုလည်းမြင်ရသည်။ အခွံမာလိပ်မျိုးဖြစ်ပြီး အရွယ်အစားမှာ ပုံမှန်အရွယ်သာဖြစ်သည်။ တွေ့ရသော လိပ်ဥကျင်းနှင့် ဆက်စပ်မှုရှိမရှိ သေချာစွာ မသိရှိချေ။ ခပ်လှမ်းလှမ်းတွင်လည်း လိပ်နှစ်ကောင် ဖြည်းဖြည်းချင်း ကမ်းစပ်သို့ဆင်းသက်နေသည်ကို လည်းမြင်ရသည်။ မြန်မာနိုင်ငံတွင် လိပ်မျိုးစိတ်ငါးမျိုးခန့်ရှိပြီး ၁၉၈၆ ခုနှစ်ကစတင်၍ ပင်လယ်လိပ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ၁၉၆၃ ခုနှစ်ကပင် သမီးလှကျွန်းတို့၌ ပင်လယ်လိပ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းလည်း ဒေသခံတစ်ဦးက ပြောပြသည်။

အတန်ကြာ လေ့လာကြည့်ရှုပြီးနောက် လှေဖြင့် မိန်းမလှကျွန်းဘက်သို့ ပြန်ထွက်ခဲ့သည်။ မိန်းမလှကျွန်းတွင် ချောင်းငယ်များ လည်းဖြတ်သန်းစီးဆင်းနေရာ ဒီရေအတက်အကျကြောင့် ရွံ့နွံ့များဖြစ်ပေါ်နေသည်ကိုလည်းတွေ့ရသည်။ ကျွန်းပေါ်ပြန်တက်ရာ ကမ်းစပ်တွင် လမုပင်များပေါက်ရောက်နေပြီး သဘာဝဘေးဒဏ်ကို ကာကွယ်ပေးနေသော အပင်များဖြစ်၍ ပိုမိုတိုးပွားအောင် ပြုစုပျိုးထောင်သင့်ကြောင်း တွေးမိသည်။

မိန်းမလှကျွန်းပေါ်ပြန်တက်ပြီး စက်လှေရှိရာသို့ဆက်လက်ထွက်ခဲ့သည်။ စက်လှေပေါ်ရောက်ပြီး မိန်းမလှကျွန်းမှ ထွက်ခွာခဲ့ရာ စက်လှေသံကြောင့် သစ်ပင်များပေါ်မှ ငှက်တချို့လန့်ပြီး ထပြန်သွားသည်ကိုတွေ့ရသည်။ တဖြည်းဖြည်းဝေးကွာ ကျန်ရစ်ခဲ့သော မိန်းမလှကျွန်းက အလည်လာရောက်ဦးမည့် ခရီးသွားဧည့်သည်များကို ငံ့လင့်နေဆဲ။ ။

# အသက်ကြီးတိုင်းလည်း မအိုပါ

တင်မောင်သန်း

**ထာဝစဉ်တိုးတက်နေတဲ့ ဆေးပညာ၊ ကုထုံးတွေ၊ သိပ္ပံနဲ့နည်းပညာ ဒါတွေအားလုံးကြောင့် လူတွေ အသက်ပိုရှည်လာခဲ့ကြတယ်။ ဒီတော့ သက်ကြီးလူဦးရေလည်း ကမ္ဘာနဲ့အနှံ့မှာ များပြားလာခဲ့တယ်။ သက်ကြီးပိုင်းတွေကို ပြုစုစောင့်ရှောက်ဖို့ တာဝန်တွေလည်း ပိုလာကြတယ်။ မြန်မာနိုင်ငံမှာကတော့ မိဘတွေကို ပြန်လည်စောင့်ရှောက်တဲ့ ထုံးစံလေ့ရှိနေပါသေးတယ်။ ဒါပေမယ့် အသက်ကြီးတိုင်းလည်း မအိုပါဘူး။**

ဒီတော့ အိုမင်းရင့်ရော်မှုကို ဘယ်လိုတိုင်းတာကြမှာလဲ။ စိတ်ရဲ့ ကျန်းမာခြင်း၊ လူရဲ့ကျန်းမာခြင်း၊ ဒါတွေပေါ်မှာလည်း မူတည်နေသေးတယ်။ တချို့တွေဆိုရင် အသက် ၈၀ ကျော်တဲ့အထိ ကျန်းမာဆဲ၊ အလုပ်လုပ်ဆဲ တွေ့ရတတ်တယ်။ နိုင်ငံတော်အနေနဲ့ သက်ပြည့် အငြိမ်းစားယူနိုင်တဲ့အရွယ်ကို အသက် ၆၀ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် အငြိမ်းစားအများအပြားဟာ တက်ကြွတဲ့ဘဝမှာပဲ ရှိနေဆဲဖြစ်ကြတယ်။ ဘာသာရေးမှာ အတိုးချလုပ်ကိုင်လာသလို ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွေနဲ့ လူမှုရေးကဏ္ဍတွေမှာလည်း ပါဝင်လုပ်ကိုင်နေကြတာမျိုးတွေ တွေ့ရနိုင်တယ်။ သူတို့တွေ အချိန်နဲ့ပေးဆပ်ရယူထားရတဲ့ အတတ်ပညာနဲ့ အတွေ့အကြုံတွေဟာ အဖိုးတန်ရတနာတွေပါ။ ဒါတွေကို ကောင်းကောင်း ပြန်အသုံးချလို့ရပါတယ်။ ဒီတော့ အရေးကြီးတာက ကျန်းမာအောင်နေကြဖို့ပါပဲ။ အထူးသဖြင့် အသက် ၅၀ ထဲဝင်လာပြီဆိုရင် ကျန်းမာရေးအသိနဲ့ သတိရှိဖို့ လိုလာပြီ။ အသက်ကို ဉာဏ်စောင့်တယ်လေ။ အသက်ကြီးလာတာကို ထိတ်လန့်စရာ မလိုပါဘူး။ အရေးကြီးတာက ကျန်းကျန်းမာမာ နေထိုင်စားသောက်တတ်ဖို့ပါ။ အခုခေတ်မှာ ခေတ်စားနေတဲ့ healthy aging ခေါ် ကျန်းမာစွာ အသက်ရှည်နေထိုင်ရေးဟာ အရေးပါလှပါတယ်။ healthy aging ဆိုတာက အတော်ကို ကျယ်ပြန့်ပါတယ်။ ဒါပေမယ့် ခက်ခဲတဲ့ အလုပ်ဘာမှမပါပါဘူး။ ကိုယ်လက်လှုပ်ရှားမှုတစ်မျိုးမျိုးကို ပုံမှန်လုပ်ရမယ်။ ကျန်းမာရေးအသိ၊ ဘာသာရေးအသိတွေပိုကြွယ်လာအောင် စာများများဖတ်ကြမယ်။ နောက်ပြီးတော့ အစားအသောက်၊ ရသအာရုံဘက်ကို လိုက်ရမယ့် အရွယ်တွေမဟုတ်ကြတော့ဘူးလေ။ အချိုတွေ၊ အငန်တွေ၊ ဆီတွေလျှော့စားကြပြီး ဟင်းသီးဟင်းရွက်တွေ ပိုစားကြမယ်။ လေးနှေးစွာ မလှုပ်ရှားဘဲ ထာဝစဉ် ဖျတ်လတ်တက်ကြွနေရမယ်။ ဒါဆိုရင်ပဲ အတော်ကိုပြည့်စုံသွားပါပြီ။ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်တဲ့ နေထိုင်စားသောက်မှု ပုံစံမှန်သမျှနဲ့ အပြုအမူမှန်သမျှကိုလည်း စွန့်လွှတ်ရပါမယ်။

အမှန်အတိုင်းပြောရရင် အိုရမှာကို လူတိုင်းကြောက်ကြပါတယ်။ ဘာတွေကို ကြောက်တာလဲဆိုရင်တော့ အိုမင်းလာချိန်မှာ ကိုယ့်ကိုကိုယ် ဘယ်လိုစောင့်ရှောက်မှာလဲ။ ကိုယ့်ရဲ့ဇနီး၊ ခင်ပွန်းကွယ်လွန်သွားရင် တစ်ယောက်တည်း ဘယ်လိုနေမှာလဲ။ အထီးကျန်ဆန်လာမယ့် ကိုယ့်ရဲ့ဘဝ။ နောက်ပြီး မှတ်ဉာဏ်တွေ လျော့နည်းလာတော့မယ်လေ။ ဒါပေမယ့် အဲဒီစိုးရိမ်စရာတွေအားလုံးဟာ စိတ်ပါပဲ။ ဒါတွေဟာ စိုးရိမ်နေလည်း တွေ့ရမှာပဲ။ သက်ကြီးပိုင်းမှာ တကယ်လိုအပ်တာက စိုးရိမ်စိတ်မဟုတ်ပါဘူး။ ခွန်အား၊ သတ္တိနဲ့ ကိုယ့်ကိုကိုယ် ယုံကြည်မှုပါ။ ဒါတွေအားလုံးကို ရင်ဆိုင်ကျော်လွှားနိုင်ရမယ်ဆိုတဲ့ ယုံကြည်မှု၊ သတ္တိနဲ့ ခွန်အားပါပဲ။ ကြုံရမှာပဲ။ ဒါပေမယ့် အရှုံးမပေးတဲ့စိတ်ဓာတ်ပါ။ ခံနိုင်ရည်ပေါ့။ ဒီအတွက် ဘာသာရေးယုံကြည်မှုလည်း လိုအပ်ပါမယ်။

ယခင်ကတော့ ဘဝကို အသက် ၄၀ မှာ စတယ်လို့ဆိုကြတယ်။ ရယ်ရွှင်ဖွယ်ပဲလား၊ တကယ်ပဲလားတော့ အသေအချာ မသိပါဘူး။ ဒီအရွယ်မှာတော့ ဗဟုသုတတွေ ပြည့်စုံလာပြီလို့ဆိုတာပဲ ဖြစ်ပါလိမ့်မယ်။ ဒီတော့ အဲဒီအရွယ်ထက် ဗဟုသုတ၊ ပညာနဲ့ အတွေ့အကြုံ ပိုပြီးကြွယ်ဝနေပြီဖြစ်တဲ့ အသက် ၆၀ မှာလည်း ဘဝကိုစလို့ရမှာပါ။ စကိုစရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ တခြားရွေးချယ်စရာလည်း မရှိဘူးလေ။ အချိန်နဲ့အမျှ အသက်ကတော့ ကြီးနေမှာပဲ။ ရပ်ထားလို့မှ မရတာ။ ဒါပေမယ့် မအိုစေရဘူးလေ။ အမြဲ ကျန်းမာသန်စွမ်းနေရမယ်။ အိုရခြင်းဒုက္ခဟာ အမှန်ကိုရှိပါတယ်။ ဒါပေမယ့် အရှုံးပေးလို့ မဖြစ်ဘူး။ ဒီမှာ အရှုံးပေးလိုက်ရင် နာရခြင်းဒုက္ခနဲ့ သေရခြင်းဒုက္ခတို့က ကိုယ့်ကိုတစ်ဖက်သတ်အနိုင်ယူသွားကြလိမ့်မယ်။ စိတ်ကြိုက် ခြယ်လှယ်သွားကြလိမ့်မယ်။ ဒီအချက်ဟာ အလွန်အရေးကြီးပါတယ်။

အသက် ၆၀ ပြည့်ပြီးတဲ့ နောက်ပိုင်းမှာလည်း နောက်ထပ် ရှာဖွေတွေ့ရှိ ဖန်တီးနိုင်တာတွေ အများကြီးကိုရှိပါသေးတယ်။ ဖျတ်လတ်ကျန်းမာစွာ နေထိုင်ရင်း ပြောင်းလဲနေတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေစွာ နေထိုင်သွားကြရမယ်။ အသက်အရွယ်နဲ့ လိုက်လျောညီထွေတဲ့ ပျော်ရွှင်မှုလေးတွေကို ရှာဖွေကြရမယ်။ ဥပမာ- သမထ၊ ဝိပဿနာတို့ဖြင့် တရားရှာဖွေတာမျိုး၊ ယောဂကျင့်စဉ်နဲ့ စိတ်ခွန်အားရရှိတာမျိုး၊ စာရေးစာဖတ်တာမျိုး။ နောက်ပြီး တတ်နိုင်ရင် ရပ်ရေးရွာရေးကိစ္စတွေမှာ ပါဝင်ကူညီဆောင်ရွက်နေမယ်။ အရေးကြီးတဲ့ နောက်တစ်ချက်ကတော့ ခင်မင်သူအသိုင်းအဝိုင်းနဲ့ အမြဲမပြတ် ထိတွေ့ဆက်ဆံနေဖို့ပါ။ အထီးကျန်မနေပါနဲ့။

**ကိုယ်လက်လှုပ်ရှားမှု တစ်မျိုးမျိုးကို ပုံမှန်လုပ်ရမယ်။ ကျန်းမာရေး အသိ၊ ဘာသာရေးအသိတွေ ပိုကြွယ်လာအောင် စာများများ ဖတ်ကြမယ်။ အချိုတွေ၊ အငန်တွေ၊ ဆီတွေလျှော့စားကြပြီး ဟင်းသီး ဟင်းရွက်တွေ ပိုစားကြမယ်။**

ဒီတော့ ဘဝကို အသက် ၆၀ မှာ စနိုင်ဖို့ အားလုံးပြင်ဆင်ထားသင့်ပါတယ်။ အသက် ၆၀ ပြည့်နေပြီဆိုရင်လည်း ကျန်းမာသန်စွမ်းပျော်ရွှင်စွာနဲ့ ရှန်းလက်တောက်ပတဲ့ အနာဂတ်ကို ဆက်လက်ဖန်တီးသွားကြရမှာပဲဖြစ်တယ်။ ဘဝကိုအရှုံးပေးစရာ ဘာအကြောင်းမှ မရှိပါဘူး။ အသက်ကြီးတိုင်း အိုသွားတာမှ မဟုတ်တာ။ ကိုယ့်အတွက်နဲ့ ကိုယ့်ရပ်ရွာအတွက် ကောင်းတာတွေလုပ်ဖို့ ကျန်းမာစွာနဲ့ ဆက်ပြီးအသက်ရှည်ရှည်နေကြရအောင်။



ယ နေ့ တ က္က သို လ် န ယ် မြေ တ စ် ခွ င်

# ယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ထိန်းသိမ်းလျက်ရှိရာတက္ကသိုလ်

ကျောင်းတော်ကြီးရဲ့အရိပ်အာဝါသကို ခိုလှုံလိုက်စဉ်မှာပဲ အေးမြငြိမ်းချမ်းမှုကို စတင်ခံစားမိပါတယ်။ ကျောင်းပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်လည်း ကျွဲနဖားတောင်နဲ့ ဒုဋ္ဌဝတီမြစ်ရေက ကွေ့ပတ်စီးဆင်းနေပါတယ်။ နောက်ပြီး ရွှေစာရုံဘုရားကြီးကလည်း အနီးအနားမှာ တည်ရှိလို့နေပါတယ်။ ကျောင်းဝင်းအတွင်းက လောကနတ်ရုပ်ကြီးကလည်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာပြယုဂ်အဖြစ် ခံ့ညားစွာရှိနေပါတယ်။ ဒီကျောင်းတော်ကြီးကတော့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပဲ ဖြစ်ပါတယ်။



သတင်းဆောင်းပါး-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)



ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ

"ရှုံ့ပလတ်စတာကို ဘယ်လိုကိုင်ရမှန်းမသိဖြစ်နေတယ်။ မြင်လည်းမမြင်ဖူးဘူး။ ဒီကျောင်းကိုရောက်မှ မြင်ဖူးတာ။ ငယ်ငယ်က ပန်းပုထုတာကို မြင်ဖူးပေမယ့် ပန်းပုအခြေခံဖြစ်တဲ့ ရှုံ့ပလတ်စတာကို အခုမှပဲ ကိုယ်တွေ့ကိုင်တွယ်ခွင့်ရပြီး စိတ်ကူးအိပ်မက်တွေကနေ လက်တွေ့ဆီကို ရောက်လာခဲ့တယ်"လို့ အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(မန္တလေး) ပန်းပုပညာဌာနခွဲမှာ ဒုတိယနှစ်တက်ရောက်နေတဲ့ မြစ်ကြီးနားမြို့က မောင်ရှုရဲမင်္ဂရောင်အောင်က တက္ကသိုလ်စရောက်ခါစ အကြောင်းကို ပြောပြပါတယ်။

၎င်းကဆက်ပြီး "အနုပညာကို ငယ်ငယ်ကတည်းက ဝါသနာပါတာ။ မိဘမျိုးရိုးကတော့ ဂီတမျိုးဆက်တွေဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်ကတော့ ပန်းချီတို့ ပန်းပုတို့ကို ဝါသနာပိုပါတယ်။ ဒီကျောင်းကိုရောက်ခါစက ပန်းပုထုမယ့် ရှုံ့ကိုလည်း မမြင်ဖူးဘူး။ အခုပုံတူတွေလည်း ထုနိုင်ပြီး ကျောင်းပြပွဲတွေမှာလည်း ကျွန်တော်ထုလုပ်ခဲ့တဲ့ ပုံတူလေးတွေကို ဝယ်ယူတဲ့သူရှိလို့ ရောင်းရပါတယ်။ ကိုယ်တိုင်လည်း ဝါသနာပါပြီး စိတ်ဝင်စားတဲ့အတွက် သင်ယူရတာပျော်ပါတယ်။ နောက်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကိုလည်း ရပါတယ်။ အနုပညာကို ဝါသနာပါတဲ့ မျိုးဆက်သစ် ညီ၊ ညီမတွေလည်း ဝါသနာပါရင် ဒီကျောင်းကိုတက်စေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းပြီး ပြည်ပမှာ ပညာရပ်တွေဆက်လက်လေ့လာပြီး ဗိသုကာပညာရှင်တစ်ယောက်ဖြစ်ဖို့ မျှော်မှန်းထားတယ်"လို့ ၎င်းရဲ့ရည်မှန်းချက်ကို ပြောပြပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)နှင့်ပတ်သက်လို့ ပါမောက္ခချုပ်ဆရာမကြီး ဒေါ်ခင်ကြည်ပြာက "ဆရာမတို့တက္ကသိုလ်က တခြားတက္ကသိုလ်တွေနဲ့ ကွာခြားချက်ကတော့ Dual Education ပါ။ အနုပညာဘာသာရပ်ကို သင်ကြားတဲ့အပြင် စာပေဘာသာရပ်ဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကျောင်းသားကျောင်းသူတွေနဲ့ သင့်လျော်တဲ့စာကြည့်တိုက်ဘာသာရပ်၊ ရှေးဟောင်းဘာသာရပ်စတဲ့ စာပေဘာသာရပ်တွေကိုလည်း ဖြည့်စွက်သင်ကြားပေးပါတယ်။ ဆရာမတို့တက္ကသိုလ်ကနေ ဘွဲ့တစ်ခုခုရသွားခဲ့ရင်လည်း တခြားတက္ကသိုလ်တွေလိုပဲ တန်းတူကြိုက်တဲ့အလုပ် လျှောက်ထားလို့ရပါတယ်။ ဒါပေမယ့် သူတို့က အနုပညာဘာသာရပ်မှာ ပိုပြီးတော့ထူးချွန်ပါတယ်။ နောက်ပြီး တခြားတက္ကသိုလ်တွေနဲ့ ကွာခြားတာက စာမေးပွဲကို ဒီဇင်ဘာမှာကျင်းပတယ်။ သူတို့ရဲ့ graduation performance presentation ကိုတော့ ဩဂုတ်လမှာ ကျင်းပပါတယ်။ အဲဒီအချိန်မှာ ကျောင်းသား ကျောင်းသူလေးတွေရဲ့ အနုပညာစွမ်းရည်ကို မိဘပြည်သူတွေက အကဲဖြတ်ပြီး မှတ်ကျောက်တင်တဲ့ပွဲလေးပဲဖြစ်ပါတယ်။ အဲဒီမှာတော့ တော်တော်များများက ကြိုက်နှစ်သက်ကြတာကို တွေ့ရပါတယ်"လို့ ပြောပြသည်။

ဆက်လက်ပြီး ဆရာမကြီးက "စာမေးပွဲဖြေတဲ့အခါမှာ စာတွေ့ရော လက်တွေ့ပါရှိပါတယ်။ သဘင်ဆိုရင် ဆို၊ ငို၊ ပြော၊ ကပြတာတွေကို လက်တွေ့လုပ်ပြရပါတယ်။ ရုပ်သေးတို့ပန်းပုတို့ဆိုလည်း လက်တွေ့ဖြေရပါတယ်။ ဒီတက္ကသိုလ်ကို တက်ရောက်ချင်တဲ့ ကျောင်းသားတွေအနေနဲ့ ဝင်ခွင့်ဖြေတဲ့အခါမှာ ဝင်ခွင့်စာမေးပွဲကို ဆရာမတို့ဆီကနေ အင်တာဗျူးလုပ်တယ်။ သူတို့ရဲ့ အနုပညာပါရမီကို စစ်ဆေးတာပါ။ တက္ကသိုလ်ဝင်တန်းအောင်ပြီး လာရောက်လျှောက်ထားတဲ့ ကလေးတွေကို သူတို့ရဲ့ entrance အရပါ။ နောက် orientation week ဆိုပြီး စစချင်း တက္ကသိုလ်ထဲမှာလှည့်ပတ်ပြီး ကိုယ်ဝါသနာပါရာကို မြည်းစမ်းခိုင်းတာပါ။ အဲဒီလိုပြုလုပ်ပေးခြင်းအားဖြင့် ကျောင်းသားတွေရဲ့ ဝါသနာပါရာကို သူတို့နဲ့ ကိုက်ညီတာ ရွေးချယ်လို့ရသွားပါတယ်။ ကျောင်းပြီးတဲ့အခါမှာလည်း လက်တွေ့နယ်ပယ်ထဲကို ရောက်ကြပါတယ်။ ဒီကျောင်းက ကလေးတွေကို ဘွဲ့မယူခင်ကတည်းက ဇာတ်အဖွဲ့တို့ အနုပညာဦးစီးဌာနတို့ကနေ လာငှားတာ၊ အလုပ်ခန့်တာတွေ ရှိပါတယ်။ တချို့ကလေးတွေကတော့ ကိုယ်ပိုင်အလုပ်လုပ်တာတွေရှိတယ်။ တချို့ကတော့ ဒီကျောင်းမှာပဲ ကျူတာပြန်လုပ်မယ်ဆိုတဲ့ ကလေးတွေရှိတယ်။ ဒီဘာသာရပ်မှာ outstanding ဖြစ်တယ်၊ တော်တယ်ဆိုရင်တော့ များသောအားဖြင့် ဒီကျောင်းမှာပဲ ကျူတာပြန်လုပ်ကြပါတယ်"လို့ ပြောပြပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်ကနေ ကျောင်းပြီးသွားတဲ့ ကျောင်းသား ကျောင်းသူတွေကို အလုပ်အကိုင် အခွင့်အလမ်းရရှိမှုကိုလည်း ကျောင်းက သုတေသနပြုလုပ်ထားတယ်လို့ သိရပါတယ်။ "ကျောင်းဆင်းပြီးသွားတဲ့ ကျောင်းသူ ကျောင်းသားတွေကို သုတေသနလုပ်ပါတယ်။ ကျောင်းဆင်းသွားပြီးတော့မှ သူတို့တွေ ဘာတွေလုပ်ကြသလဲဆိုတာကို သုတေသနလုပ်တဲ့ သုတေသနဌာနရှိပါတယ်။ အခုလက်ရှိ ဒီကျောင်းကနေ ၈၇၈ ဦး ဘွဲ့ရသွားပြီးဖြစ်ပါတယ်။ အဲဒီထဲမှာမှ သာမန်အားဖြင့် ၁၄ ရာခိုင်နှုန်းပဲ မှီခိုဖြစ်တယ်။ ကျန်တာအားလုံး အလုပ်ကိုယ်စီနဲ့ဖြစ်ပါတယ်။ ဆရာ ဆရာမအနေနဲ့ ဒီတက္ကသိုလ်မှာလည်း ၁၀၁ ဦး ဆရာပြန်ဖြစ်တယ်။ နောက်ပြီး ဝန်ကြီးဌာနတွေနဲ့ တခြားတွေမှာလည်း အလုပ်ဝင်နေကြပါတယ်။ ဒီကျောင်းကြီးက အသက်မွေးဝမ်းကျောင်းသင်ပေးပေမယ့် တက္ကသိုလ်ကနေ B.A ဘွဲ့ပေးတဲ့အတွက်ကြောင့် အလုပ်ခေါ်စာတွေမှာ တွေ့ရပါတယ်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုရသူလျှောက်ထားနိုင်တယ်ဆိုတော့ ဒီက ကျောင်းသားတွေလည်း လျှောက်လို့ရပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်လို့လည်းရသလို စာရေးဝန်ထမ်းလည်း လုပ်လို့ရပါတယ်"လို့ ဒုတိယပါမောက္ခချုပ်ဆရာကြီး ဦးယုလွင်က ပြောပြပါတယ်။

"ပန်းချီ၊ ပန်းပုလက်ရာမွန် ပြပွဲနှင့် ဂီတသဘင်သည် စင်တင် တင်ဆက်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပြီး နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများရဲ့ အနုပညာစွမ်းရည်ကို ပြခွင့်ရအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တက္ကသိုလ်ကနေ ဘွဲ့ရသွားတဲ့ ဘွဲ့ရကျောင်းသား ကျောင်းသူတွေကို တခြားတက္ကသိုလ်နည်းတူ ဘွဲ့နှင်းသဘင်အခမ်းအနားများကျင်းပပြီး ဘွဲ့များအပ်နှင်းလျက်ရှိပါတယ်။ အပတ်စဉ်တစ်ကစပြီး မွေးထုတ်ပေးခဲ့တဲ့ ကျောင်းသားတွေဟာ အခုဆိုရင် ပါမောက္ခအဆင့်ထိ ရောက်နေပြီဖြစ်ပါတယ်။ ထပ်ပြီး ထူးချွန်တဲ့အနုပညာရှင်ကောင်းတွေမွေးထုတ်ဖို့လည်း အမြဲတမ်းဆန္ဒရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် အခွင့်အလမ်းကောင်းတွေဖြစ်တဲ့ ပြည်ပပညာသင်ခရီးစဉ်တွေကိုလည်း စေလွှတ်လျက်ရှိပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေနဲ့လည်း MoU ထိုးထားလည်းရှိပါတယ်။ ကျောင်းသားတွေအနေနဲ့ အာဆီယံရော International ပါ ထိတွေ့ခွင့်ရရှိအောင် ဖြစ်ပါတယ်"လို့ ပါမောက္ခချုပ် ဆရာမကြီး ဒေါ်ခင်ကြည်ပြာက ပြောပြသည်။

ဆက်လက်ပြီး ဆရာမကြီးက "မြန်မာ့ရိုးရာအမွေအနှစ် ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင်၊ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်တယ်။ နောက်ပြီး Research Page ပျို့၊ ပုဂံ၊ အင်းဝ၊ ပင်းယအကတွေကို Systematic Research တွေနဲ့ ကရတာဆိုတော့ အဲ့ဒါတွေကို သုတေသနလုပ်တယ်။ ပြန်ပြီးတင်ဆက်တယ်။ ဖော်ထုတ်တယ်။ ပြီးခဲ့တဲ့နှစ်ကဆို အင်းဝအကလေးပါ။ International နဲ့ Traditional Combine လုပ်ပြီး အော်ဂက်စတြာလေးတွေ တီထွင်ဖန်တီးမှုများလည်းရှိပါတယ်။ တစ်ဖက်ကလည်း ထိန်းသိမ်းထားတာလည်းရှိတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ရန်ကုန်နဲ့မန္တလေးတက္ကသိုလ်နှစ်ခုပဲ ရှိပါတယ်။ ကျောင်းဆင်းသွားတဲ့ ကျောင်းသားကျောင်းသူတွေ ဂုဏ်ယူနိုင်လောက် အပြည့်အဝသင်ကြားပေးလိုက်ပြီး နောက်တက်ရောက်လာမယ့် ကလေးတွေကလည်း အဆင့်ဆင့် သူတို့ရဲ့အစ်ကိုကြီး၊ အမကြီးတွေဆီကနေ ဒီလိုအမွေအနှစ်တွေ သူတို့ရရှိခံစားနိုင်တယ်။ ဆရာ ဆရာမတွေကလည်း Individual attention ပေးပြီးတော့ စိတ်စေတနာကောင်းကောင်းနဲ့ သင်ကြားပေးတဲ့အတွက်ကြောင့် ကျောင်းဆင်းသွားမယ့်ကလေးတွေရော တက်မယ့်ကလေးတွေပါ ဂုဏ်ယူဝင့်ကြွားနိုင်မယ့် နေရာတစ်ခုဖြစ်ပါတယ်"။

အနုပညာအမွေအနှစ်တွေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို သင်ကြားသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူများကို မေးမြန်းကြည့်ရာ "အထက်တန်းကျောင်းတက်ကတည်းက ဆို၊ က၊ ရေး၊ တီးတွေမှာ ဝင်ပြိုင်ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်တဲ့အချိန်မှာ ကိုယ်ကိုယ်တိုင်လည်း ဝါသနာပါတယ်။ အိမ်ကလည်း အားပေးတဲ့အတွက် ဒီတက္ကသိုလ်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျောင်းစရောက်တုန်းက တက္ကသိုလ်တက်ရတော့မယ်၊ ကိုယ်ဝါသနာပါတဲ့ အနုပညာလုပ်ငန်းတွေကို ဆက်ပြီး ဆည်းပူးရတော့မယ့်အတွက် ပျော်လည်းပျော်တယ်၊ ကြောက်လည်းကြောက်ခဲ့ပါတယ်"လို့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) သဘင်ဌာနခွဲမှာ ဂုဏ်ထူးတန်း ဒုတိယနှစ်တက်ရောက်နေတဲ့ မမာလာမြင့်အောင်က ပြောပြပါတယ်။

နောက်ပြီး သူတို့စိတ်ကူးအိပ်မက်ကို မေးမြန်းရာ "ကျွန်မရဲ့စိတ်ကူးက ဝါသနာပါတဲ့ အနုပညာလုပ်ငန်းတွေလုပ်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုသွားမယ်။ နောက်ပြီး မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းမယ့် မျိုးဆက်သစ်မောင်ငယ်ညီမငယ်တွေကို ဆက်လက်မွေးထုတ်ပေးချင်တယ်။ ဒီကျောင်းက သင်ပေးလိုက်တဲ့ပညာတွေနဲ့ပဲ ဆက်လက်ပြီးဖြန့်ဝေချင်တယ်။ ကိုယ့်မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းတဲ့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွေမှာ တက်ခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မြန်မာ့ယဉ်ကျေးမှုကို ကိုယ်ကိုယ်တိုင်ထိတွေ့ပြီး ခံစားခွင့်ရှိတယ်။ ကိုယ်ကိုယ်တိုင် ဆည်းပူးခွင့်ရှိတယ်။ မြန်မာ့ယဉ်ကျေးမှုကို ကိုယ်ကိုယ်တိုင် ဆက်လက်ထိန်းသိမ်းခွင့်ရှိလို့ ဂုဏ်ယူမိပါတယ်"လို့ ပြောပြပါတယ်။

"အိမ်ကဇာတ်ထောင်တာဆိုတော့ တက္ကသိုလ်ဝင်တန်းအောင်တော့ ဒီကျောင်းကိုတက်ဖြစ်တယ်။ ကျွန်မကိုယ်တိုင်ကလည်း အနုပညာကိုဝါသနာပါတယ်။ အနုပညာကို မလုပ်ရင်မနေနိုင်ဘူး။

"အစကတည်းက ဝါသနာပါတယ်ဆိုပေမယ့် ကျွန်မတို့တတ်ထားတာတွေက မပြည့်စုံဘူး။ ဒီကျောင်းကြီးကိုရောက်တော့မှ ကိုယ်မသိတာတွေ၊ ကိုယ်မတတ်တာတွေကို သင်ယူခွင့်ရခဲ့ပါတယ်။ အပြင်မှာနေတုန်းက အပြင်ဗဟုသုတပဲရပေမယ့် ကျောင်းမှာက ကမ္ဘာသုံး၊ မြန်မာသုံး Notes တွေ သင်ပေးတဲ့အတွက် ပိုပြီးအဆင့်မြင့်ပါတယ်။ ကျောင်းပြီးရင်လည်း ဒီအနုပညာအလုပ်ကိုပဲ ဆက်လုပ်သွားမှာပါ။ နောက်ပြီး ဒီကျောင်းမှာ ဆရာမပြန်လုပ်ဖို့လည်း ဆန္ဒရှိပါတယ်။ အနုပညာကိုဝါသနာပါတဲ့ ကလေးတွေကို ဒီအနုပညာကျောင်းမှာပဲ တက်စေချင်တယ်။ လမ်းမလွဲစေချင်ဘူး။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်တာ အကောင်းဆုံးပဲလို့ထင်ပါတယ်"လို့ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ဂီတဌာနခွဲမှ စန္ဒရားနဲ့ ဆိုင်းပညာအထူးပြု ဂုဏ်ထူးတန်းပထမနှစ်တက်ရောက်နေတဲ့ မဖြူနှင်းခိုင်က ပြောပြပါတယ်။

ပန်းချီပညာဌာနခွဲမှာ ဂုဏ်ထူးတန်းပထမနှစ်တက်ရောက်နေတဲ့ မောင်ရန်လင်းအောင်က "ဒီကျောင်းတက်တာကို မိဘတွေရော ဆွေမျိုးတွေကပါ အားမပေးကြပါဘူး။ ကျွန်တော့်အနေနဲ့ ဝါသနာလည်းပါတယ်။ ကျောင်းတက်ရင်းနဲ့လည်း ပိုပြီးဝါသနာပါလာပါတယ်။ အနုပညာအလုပ်ဆိုတာ နည်းနည်းတော့ ခက်ခဲပါတယ်။ ရှေးတုန်းက ပန်းချီဆရာတွေဆို သူတို့ရဲ့အနုပညာလက်ရာတွေဟာ သူတို့သေမှ နာမည်ကြီးတာတွေရှိပါတယ်။ ကျွန်တော့် စိတ်ကူးအိပ်မက်ကတော့ ပန်းချီပြခန်းတွေ ဖွင့်နိုင်တဲ့အထိ ကြိုးစားသွားချင်ပါတယ်။ ပန်းချီနဲ့ပတ်သက်ပြီး နံ့ရံပန်းချီတို့ ဒီဇိုင်းတို့လည်း ဆွဲချင်ပါတယ်။ ကျွန်တော်တို့ ကျောင်းကြီးကို တချို့တွေက မသိကြပါဘူး။ နယ်ဘက်ကကျောင်းသားတွေဆို အနုပညာနဲ့ တော်တော်လေးဝေးတယ်။ လူတိုင်းမသိကြဘူး။ အနုပညာဝါသနာပါတဲ့သူတွေကို ဒီကျောင်းမှာတက်ရောက်စေချင်ပါတယ်" လို့ ပြောပြပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၅ရက်မှာ စတင်ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ စတင်ဖွင့်လှစ်ကတည်းက ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု ဘာသာရပ်တွေကို သင်ကြားခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ရုပ်ရှင်နှင့်ပြဇာတ်ကိုပါ သင်ကြားပေးသွားမယ်လို့ သိရပါတယ်။

တက္ကသိုလ်ရဲ့ အမှတ်တရနေရာလေးတွေဖြစ်တဲ့ လောကနတ်ရုပ်၊ ရေကန်လေးနဲ့ တမာလမ်းလေးကို လျှောက်ကြည့်ရင်း ယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်ထိန်းသိမ်းနေတဲ့ ကျောင်းသား ကျောင်းသူလေးများကို လေးစားမိပါတယ်။

## မြန်မာ့ရိုးရာအားကစား

# မကျေပွဲပြန်နွှဲမည့် ချန်ပီယံဟောင်း စောငမန်းနှင့် စောဂေါ်မူတို တကယ်ပဲယှဉ်ပြိုင်ထိုးသတ်တော့မှာလား

သတင်းဆောင်းပါး
မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

**မြန်မာနိုင်ငံရဲ့ ရိုးရာလက်ဝှေ့လောကတွင် ရွှေခါးပတ်ချန်ပီယံအဖြစ် ကာလရှည်ကြာရပ်တည်ခဲ့သည့် ချန်ပီယံဟောင်း စောငမန်း(ရွှေဖူး) နှင့် စောဂေါ်မူတို(သတ္တိ)တို့ရဲ့ မကျေပွဲပြန်နွှဲမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာအားကစားလက်ဝှေ့ရုံ၌ ယှဉ်ပြိုင်ထိုးသတ်တော့မည်ဖြစ်ရာ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲ တကယ်ပဲ ယှဉ်ပြိုင် ထိုးသတ်ကြမှာလား၊ သရေပွဲနှင့်ပဲ ပြီးဆုံးမှာလား လက်ဝှေ့ဝါသနာရှင်ပြည်သူများ စိတ်ဝင်တစားနှင့် စောင့်ကြည့်ရတော့မည်ဖြစ်သည်။**

စောငမန်း(ရွှေဖူး)နှင့် စောဂေါ်မူတို (သတ္တိ)တို့သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းကပင် စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတွင် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ တစ်ဦးနှင့် တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြင့် ကျေနပ်ခဲ့ရသည်။ စောငမန်းသည် မာဂုဏ်မြင့် သမ္ဘာရင့် လက်ဝှေ့သမားကြီးဖြစ်ပြီး ရိုးရာရွှေခါးပတ်ချန်ပီယံဆုကို နှစ်ရှည်လများစွာ သိမ်းပိုက်ထားခဲ့သူဖြစ်သည်။ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းပင်လျှင် လွဲလွဲနှင့်ပင် ချန်ပီယံရွှေခါးပတ်ဆုကို


စောငမန်း(ရွှေဖူး)

မရရှိခဲ့ပေ။ ပထမအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ်က သရေဖြင့် အရှုံးအနိုင်မပေါ်ခဲ့ဘဲ ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်မှသာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

"စစ်ကိုင်းမြို့ နှစ်(၇၀၀) ပွဲတုန်းက ကျွန်တော်ပဲ ပွဲစီစဉ်ခဲ့တာ။ စောငမန်း အစီးသရေနဲ့ထိုးခဲ့တယ်။ ပြောရရင် စောငမန်း ပွဲမဖြတ်လိုက်ဘူး။ တကယ်ပွဲဖြတ်မယ်ဆို စောငမန်း တတိယအချီလောက်ကတည်းက ပြတ်တယ်။ ဒါပေမယ့် စောငမန်း သရေအဖြစ်ပဲ ထိုးသွားတယ်။ ပြီးခဲ့တဲ့လ သပြေညိုနဲ့ ထိုးတုန်းကလိုပေါ့။ ပွဲဖြတ်လို့ရရဲ့သားနဲ့ မဖြတ်ခဲ့


စောဂေါ်မူတို(သတ္တိ)

ဘူး။ ခုလည်း ကျွန်တော်ထင်တယ် သူတကယ် ထိုးမယ်ဆိုရင်တော့ ပွဲပြတ်မယ်လို့မြင်တယ်။ ဒါပေမယ့် စောင့်ကြည့်ရဦးမှာပါ" ဟု စစ်ကိုင်း မြို့တည်နန်းတည် နှစ်(၇၀၀) ပြည့်ပွဲတွင် စောငမန်းနှင့် စောဂေါ်မူတိုကို ထိပ်တိုက်ပွဲတည်ပေးခဲ့သည့် ကိုဒဿက ဆိုသည်။

စောငမန်း(ရွှေဖူး)နှင့် စောဂေါ်မူတို (သတ္တိ)တို့ ယခုတွေ့ဆုံယှဉ်ပြိုင်ထိုးသတ်မှုမှာ ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။ စောဂေါ်မူတိုကတော့ ယခုပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားသည်ဟု သိရသည်။ ဂေါ်မူတိုသည် ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်ကလည်း ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သေးသည်။ အဆိုပါပွဲတွင်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့သည်။

"ကျွန်တော် ဒီပွဲအတွက်ကတော့ ပုံမှန်ပဲပြင်ဆင်ထားပါတယ်။ ကိုယ့်ဆီက လက်ဝှေ့သမားတွေနဲ့ ထိုးရမှာဆိုတော့ ပြည်ပပွဲတွေလောက် သိပ်တော့ ရင်မခုန်ပါဘူး။ ဒီပွဲပြီးရင် ရွှေကုက္ကိုလ်မှာလုပ်မယ့် ကရင်နှစ်သစ်ကူးပွဲမှာ ထိုင်းက မွေထိုင်းသမားတွေနဲ့ထိုးဖို့ စီစဉ်ထားပါတယ်။ လက်မှတ်တော့မထိုးရသေးဘူး။ အဲဒီပွဲပြီးလို့ ဒီနှစ်နွေရောက်ရင်တော့ ကျွန်တော်လက်ဝှေ့ကစားသမားဘဝက အနားယူတော့မယ်။ ကျွန်တော့်ရဲ့ ရွှေဖူးကလပ်မှာပဲ နည်းပြအဖြစ် လုပ်သွားမှာဖြစ်ပါတယ်" ဟု Central Hotel ၌ အောက်တိုဘာ ၁၅ ရက်က ပြုလုပ်သည့် ပွဲကြိုမီဒီယာရှင်းလင်းပွဲ၌ ဂေါ်မူတိုက ပြောကြားခဲ့သည်။

**အခုနောက်ပိုင်း ရိုးရာလက်ဝှေ့ပရိသတ်အင်အားများလာသလို ပွဲစီစဉ်သူတွေ၊ စပွန်ဆာသစ်တွေလည်း အထိုက်အလျောက် တိုးလာတာတွေ့ရတယ်။ ဒါဟာ တိုးတက်လာမှုကိုပြတဲ့ ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်လည်းဖြစ်**

အလားတူ ရိုးရာလက်ဝှေ့ပရိသတ်များ စောင့်မျှော်ကြည့်ရှုရမည့် ဒုတိယမြောက် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သော MMA (ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ)တွင် ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သည့် သပြေညို (ဘီလပ်မြေစက်ရုံ)နှင့် ရိုးရာလက်ဝှေ့ပရိသတ်အချစ်တော် ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦးတို့ ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲဖြစ်သည်။ မာဂုဏ်မြင့် လက်ဝှေ့ကျော်နှစ်ဦးတို့ ဆုံသည့်ပွဲမို့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ဘယ်လိုအဖြေထွက်လာမည်ကို အထူးပင်စိတ်ဝင်တစားရှိကြသည့်ပွဲ ဖြစ်သည်။


စိုးလင်းဦး(ဒို့ရိုးရာ)


သပြေညို(ဘီလပ်မြေစက်ရုံ)

လာမည့် အောက်တိုဘာ ၂၅ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာ့ရှေ့ဆောင် MPT က အဓိက ကူညီပံ့ပိုးကာ ရိုးရာလက်ဝှေ့နယ်ပယ်ထဲသို့ ပွဲစီစဉ်သူအဖြစ် အသစ်ဝင်ရောက်လာသည့် Myanmar Media Management က စီစဉ်ကျင်းပပေးခြင်းဖြစ်သည်။ ပြိုင်ပွဲ၌ တွဲဆိုင်းသုံးချီပွဲ နှစ်ပွဲ၊ လေးချီပွဲ နှစ်ပွဲနှင့် ငါးချီပွဲ ခုနစ်ပွဲယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပွဲစဉ်တွဲဆိုင်းပေါင်း ၁၁ ဆိုင်း ပါဝင်မည်ဖြစ်သည်။ ပါဝင်မည့်တွဲဆိုင်းများမှာ ငါးချီပွဲများတွင် စောငမန်း(ရွှေဖူး)နှင့် စောဂေါ်မူတို(သတ္တိ)၊ စိုးလင်းဦး (ဒို့ရိုးရာ)နှင့် သပြေညို(ဘီလပ်မြေစက်ရုံ)၊ စောထူးဇော် (ဒို့ရိုးရာ)နှင့် မြလင်းအောင်(နဂါးနီ)၊ ဝမ်းစတား(ရွှေဖူး)နှင့် စောဝီလျှံ(နဂါးနီ)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် ထက်အောင်ဦး (တောင်ကလေး)၊ မိုက်ရိုင်း(ရွှေဖူး)နှင့် စောသဲဦး(STL)၊ မိုးဟိန်း(ဘီလပ်မြေစက်ရုံ) နှင့် လှစ်လှစ်လေး(အောင်မြန်မာ)တို့ ပါဝင်မည်ဖြစ်ပြီး လေးချီတွဲဆိုင်းတွင် လွမ်းချိုင်း (အောင်မြန်မာ)နှင့် ဆင်ရိုင်းလေး (ရွှေသောင်ရင်း)၊ မင်းထက်အောင်(ဒို့ရိုးရာ) နှင့် စောသူရိန်(သတ္တိ)၊ သုံးချီပွဲများတွင် ဖိုက်တာ(အဖြူရောင်သွေးသစ်)နှင့် အောင်နေဦး(ဒို့ရိုးရာ)၊ ရွှေဝါထွန်း(ရွှေသောင်ရင်း) နှင့် နောင်လုံဖျံ(ငြိမ်းချမ်းရေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။


စောဝီလျှံ(နဂါးနီ)

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို Media Partner အဖြစ် 4 TV က တာဝန်ယူထားပြီး Delay အဖြစ် ပြန်လည်ထုတ်လွှင့်ပြသပေးမည်ဖြစ်ပြီး ရိုးရာလက်ဝှေ့ချစ်ပရိသတ်များအတွက် ဝင်ကြေးသတ်မှတ်ဈေးနှုန်းများမှာ အထူးတန်း ငွေကျပ် ၅၀၀၀၀၊ ၃၀၀၀၀၊ အလတ်တန်း ၂၀၀၀၀နှင့် ရိုးရိုးတန်း ၇၀၀၀ သတ်မှတ်ထားကာ ကြိုတင်လက်မှတ်များဝယ်ယူလိုပါက Hotline Call 1876 သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

"အခုနောက်ပိုင်း ရိုးရာလက်ဝှေ့ပရိသတ်အင်အား များလာသလို ပွဲစီစဉ်သူတွေ၊ စပွန်ဆာသစ်တွေလည်း အထိုက်အလျောက် တိုးလာတာတွေ့ရတယ်။ ဒါဟာ တိုးတက်လာမှုကိုပြတဲ့ ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်လည်းဖြစ်တယ်။ ဒါကြောင့် အားကစားဝန်ကြီးဌာနအနေနဲ့ ရိုးရာလက်ဝှေ့ဘက်ကို နည်းနည်းလောက်ပဲ ကူညီထောက်ပံ့မှုပေးရင် ရိုးရာလက်ဝှေ့က မွေထိုင်းကို လွှမ်းမိုးသွားနိုင်တယ်။ ခုပဲ ထိုင်းက မွေထိုင်းသမားတွေ မြန်မာ့ရိုးရာလက်ဝှေ့ကို သူတို့အမြင်တစ်မျိုးပြောင်းလဲလာပါပြီ" ဟု ရိုးရာလက်ဝှေ့ဝါသနာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**(မြန်မာ့အလင်း)**


ဝမ်းစတား(ရွှေဖူး)

## မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ မန္တလေးမှ မျိုးဆက်သစ်လက်ဝှေ့သမားများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုံးချီစိန်ခေါ်ပွဲ၌ ဂျိမ်း(အောင်မြန်မာ)နှင့် ထွန်းလင်းနိုင်(အဖြူရောင်သွေးသစ်)၊ နန္ဒအောင်(ပစ်တိုင်းထောင်)နှင့် ဟိန်းသူ(အောင်မြန်မာ)၊ သူရလိပ်(စွမ်းကေကေ)နှင့် ဒိုးလုံး(အဖြူရောင်သွေးသစ်)၊ စွမ်းထက်အောင်(တိုက်ဂါး)နှင့် ရွှေမြင့်ဦး(အောင်မြန်မာ)၊ သားကြီး(ရွှေဒေါပုံ)နှင့် ကြယ်မင်း(အဖြူရောင်သွေးသစ်)၊ ဓနု(အဖြူရောင်သွေးသစ်)နှင့် ကျော်သူရ(ပစ်တိုင်းထောင်)တို့ကလည်းကောင်း၊ လေးချီပွဲတွင် နိုင်းဝမ်(တိုက်ဂါး)နှင့် ကျန်ကျောင်း(စွမ်းကေကေ)၊ စောကြက်ရိုး (STL) နှင့် နာဂစ်မောင်မောင်(တိုက်ဂါး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး လက်ဝှေ့ဝါသနာရှင်များအခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဆရာစံ အောင်မြေသို့

မောင်သာ(ရှေးဟောင်းသုတေသန)

**ရန်ကုန်မှ မိုင် ၈၀ ကွာဝေးသည့် သာယာဝတီသို့ နှစ်နာရီခွဲကျော်ကြာ ကားမောင်းခဲ့ပြီးနောက် သာယာဝတီမြို့တွင် ကျွန်တော်၏မိတ်ဆွေ မခင်မေသူကိုဝင်ခေါ်ခဲ့ပြီး ကားကို ရန်ကုန်-ပြည်လမ်းအတိုင်း နှစ်မိုင်ကျော်ကျော်ဆက်မောင်းခဲ့ရာ ဝွေးချောင်းတာဆုံသို့ မိနစ်ပိုင်းအတွင်းရောက်ရှိခဲ့သည်။ တာဆုံထိပ်တွင် ဝွေးချောင်း၊ ဖားရွှေကျော်ရွာသို့ဟု လမ်းညွှန်ထားသော ဆိုင်းဘုတ်ကိုမြင်ကြရပြီး ရန်ကုန်-ပြည်လမ်းပေါ်မှ ညာဘက်သို့ချိုးဝင်လိုက်ပါသည်။ ဖားရွှေကျော်ရွာသည် ဆရာစံ၏ဂဠုန်တပ်ဖွဲ့များနှင့် နယ်ချဲ့စစ်ပုလိပ်များ တိုက်ပွဲဖြစ်ခဲ့ကြသည့် ထင်ရှားသောကျေးရွာကြီးတစ်ခုဖြစ်သည်။ ဖားရွှေကျော်ရွာတိုက်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ပင်လယ်ကူးသင်္ဘောတစ်စင်းကို ဖားရွှေကျော်ရွာဟု အမည်ပေးခဲ့ဖူးသည်။**



တာဆုံမှဖားရွှေကျော်ရွာသို့ ငါးမိုင်နှစ်ဖာလုံလမ်းသည် တစ်ဝက်က ကတ္တရာလမ်းဖြစ်ပြီး ကျန်တစ်ဝက်က မြေနီလမ်းဖြစ်သည်။ လမ်းတွင် သာယာအေးရွာရှိသည်။ မိုးတွင်းဖြစ်သောကြောင့် မြေနီလမ်း၏ အချို့နေရာများတွင် ချိုင့်ခွက်များဖြစ်ပေါ်နေသဖြင့် ကားကိုဆင်းတွန်းကြရသေးသည်။ ဖားရွှေကျော်ရွာသို့ရောက်ရှိပြီးနောက် ရွာခံဒေါ်ခင်စန်းငွေးကိုခေါ်ကာ တောင်ဘက်သို့ နှစ်မိုင်ခန့်ဆက်လာခဲ့ကြရာ "သုပဏ္ဏကရာဇာ ဂဠုံဆရာစံအောင်မြေ



ကုန်း"ဟု ရေးထားသော အနီရောင်မုခ်ဦးကို အတော်ဝေးဝေးမှ လှမ်းမြင်ကြရသည်။ ထိုမုခ်ဦးတံတိုင်းအောက်မှ အောင်မြေကုန်းဝင်းအတွင်းသို့ ကျွန်တော်တို့ဝင်လိုက်ကြပါသည်။ ဆရာစံအောင်မြေကုန်းသည် သာယာဝတီမြို့မှ ကိုးမိုင်နှစ်ဖာလုံကွာဝေးပြီး မိုးမရွာသည့်ရက်များတွင် သာယာဝတီမှ မော်တော်ဆိုင်ကယ်ဖြင့် လာနိုင်ကြောင်း မခင်မေသူက ပြောပြခဲ့သည်။ ဝင်ပေါက်၏ ဝဲဘက်ဘေးတွင် ဆရာစံကုန်းကို ထိန်းသိမ်းစောင့်ရှောက်နေသော သီလရှင်ဆရာကြီး ဒေါ်ဥမ္မာသိင်္ဂီ၏ သစ်သားကျောင်းလေးသို့ဝင်ကာ သီလရှင်ဆရာကြီးအား ကန်တော့ကြပြီးမှ ဆရာစံအောင်မြေကို ကျွန်တော်တို့လိုက်လံကြည့်ရှုခဲ့ကြပါသည်။ မိုးရွာနေသဖြင့် ဓာတ်ပုံရိုက်ရန် အချိန်အတန်ကြာစောင့်ဆိုင်းခဲ့ကြရပြီး မိုးအနည်းငယ်ပါးသွားမှ ဆရာစံအောင်မြေကုန်းအတွင်းရှိ အဆောက်အအုံများကို ဓာတ်ပုံရိုက်နိုင်ခဲ့ပါသည်။

ဆရာစံအောင်မြေကုန်းအတွင်း ဆရာစံအလွမ်းပြေသစ္စာမဏ္ဍိုင်စေတီကိုဖူးတွေ့ရသည်။ ထိုစေတီငယ်ကို ဆရာစံအား အင်္ဂလိပ်အစိုးရကကြိုးပေးအပြီး တစ်နှစ်အကြာ ၁၉၃၂ ခုနှစ်တွင် တည်ထားခဲ့သည်ဟု သီလရှင်ဆရာကြီးက ပြောပြသည်။ ဆရာစံအောင်မြေနင်းခဲ့သည့်နေရာ မြေကွက်လပ်သည် ၁၅ ပေ ပတ်လည်နီးပါးရှိပြီး မြက်ပင်များစိမ်းလန်းစွာပေါက်နေကာ မြက်ခင်းတစ်ခုသဖွယ်ဖြစ်နေသည်။ အောင်မြေအား ဝါးလုံးများဖြင့် ကာရံထားသည်ကိုတွေ့ရသည်။ ကျွန်တော်တို့လည်း အောင်မြေအတွင်းသို့ဝင်ခဲ့ကြကာ ဆရာစံရုပ်တုအောက်မှ ကမ္ပည်းစာကို မိုးရေထဲတွင် ဖတ်ကြည့်ကြပါသည်။ ဆရာစံသည် အင်းဝအောင်မြေ၊ မန္တလေးအောင်မြေ၊ ပုဂံအောင်မြေ၊ တောင်ငူအောင်မြေနှင့် တံ့တေးအောင်မြေများပေါ်တွင် ဗြိတိသျှနယ်ချဲ့ကိုတွန်းလှန်ရန် သစ္စာဆို၍ပန္နက်ရိုက်ခဲ့သည်ဟု ကမ္ပည်းစာတွင်ရေးထိုးထားသည်ကို ဖတ်ရှုရပေသည်။ နောင်လာနောက်သားသမီးများ ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်စေရန်ရည်သန်၍ သစ္စာမဏ္ဍိုင်စေတီကို အောင်မြေပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်ဟုလည်း ရေးသားထားသည်။

လယ်သမားခေါင်းဆောင် ဆရာစံသည် ဗြိတိသျှနယ်ချဲ့အစိုးရကို မတိုက်ခိုက်မီ မြန်မာလူမျိုးတို့၏ ယုံကြည်မှုထုံးတမ်းအရအောင်မြေများကို နင်းလေ့ရှိခဲ့သည်။ ထို့ကြောင့် ဆရာစံသည် သာယာဝတီတွင်ရှိနေခဲ့စဉ် ရေကောက်ရွာနှင့် အင်းကောက်ရွာအကြားရှိ ကျွန်တော်တို့ရောက်ရှိနေသော အောင်မြေကိုနင်းပြီးမှ ဗြိတိသျှတပ်များကို တိုက်ခိုက်လေ့ရှိခဲ့ကြောင်း သိရှိရပေသည်။

အောင်မြေအနီးမှာပင် ဆရာစံနှင့် သွေးသောက်ရဲဘော်များသစ္စာဆိုခဲ့ကြသည့် အထိမ်းအမှတ်အုတ်တိုင်ကို တွေ့ရှိရသည်။ အုတ်တိုင်လေးဖက်ပတ်လည်တွင် အနီရောင်အောက်ခံပေါ်၌ အဝါရောင်ဖြင့် စာများရေးထိုးထားသည်။ မျက်နှာစာတစ်ဖက်တွင် "အာဇာနည်ကြီးများအား သတိရဂုဏ်ပြုကျောက်စာတိုင်၊ ကုန်ကျငွေ ၁၅ဂိ"ဟု ရေးထားသည်ကိုလည်း မြင်ကြရသည်။ အုတ်တိုင်အောက်ခြေတွင် သစ္စာဆိုခဲ့သူပုဂ္ဂိုလ်များ၏ အမည်များကို ရေးထိုးထားရာ ဖတ်၍ရသည်လည်းရှိ၊ ဖတ်၍မရသည်လည်းရှိသည်။ အုတ်တိုင်ပတ်လည်တွင် အထိမ်းအမှတ်အုတ်ဂူနှစ်ခုကို တွေ့ရှိခဲ့ရာ တစ်ခုတွင် ဗိုလ်ချစ်ပုဟု အင်္ဂတေဖောင်းကြွစာလုံးရေးထိုးထားသည်ကို တွေ့ရှိရသည်။

လယ်သမားခေါင်းဆောင် "သုပဏ္ဏက ဂဠုန်ရာဇာ ဘွဲ့ခံဆရာစံအား မြန်မာသက္ကရာဇ် ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (ခရစ်နှစ် ၁၈၇၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်) အင်္ဂါနေ့တွင် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သရက်ကန်အရှေ့ရွာ၌ အဖ ဦးကျေး၊ အမိ ဒေါ်ဖက်တို့မှ ဖွားမြင်ခဲ့သည်။ မိဘများသည် တောင်သူလယ်သမားများဖြစ်ကြသည်။ ဆရာစံသည် မောင်နှမငါးယောက်အနက်အငယ်ဆုံးဖြစ်ပြီး ငယ်မည်မှာမောင်စံရှားဖြစ်သည်။ သာယာဝတီသူပုန်အမှုတွဲမှတ်တမ်းတွင် ဆရာစံအမည်နှင့်တွဲ၍ စံကျော်၊ ဆရာမြိုင်၊ ဦးဉာဏဟူသည့် ဆရာစံ၏အခြားအမည်များကိုပါ ဖော်ပြထားသည်။

ဆရာစံသည် ငယ်စဉ်က သရက်ကန်အရှေ့ရွာနှင့် အနောက်ရွာအကြားရှိ ဦးသူရိယအုတ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် မန္တလေးရတနာဘုမ္မိအရပ်ရှိ မဏိရတနာရာမမြတောင်တိုက်တွင် သက်န်းဝတ်ကာ နှစ်နှစ်ခန့်ပညာသင်ယူခဲ့သည်။ ထိုကျောင်းမှ လူထွက်၍ တောင်ငူနယ်ဘက်သို့ သွားရောက်ခဲ့ပြီး ဖြူးမြို့အရှေ့ဘက်ရှိ ငါးခေါင်းအင်းရွာတွင် နေထိုင်ခဲ့စဉ် ဒေါ်ကေနှင့်အကြောင်းပါ၍ မစိန်နှင့်မောင်ဘိုးသင်းအမည်ရှိ သမီးတစ်ယောက်နှင့်သားတစ်ယောက် ထွန်းကားခဲ့သည်။

ဆရာစံသည် မော်လမြိုင်ခရိုင် ဘီလူးကျွန်း ကမာမိုရွာတို့တွင် မြန်မာဆေးဆရာအဖြစ် လှည့်လည်ဆေးကု၊ အသက်မွေးနေစဉ် "လက္ခဏာဇဆေးကျမ်း"ကို ရေးသားခဲ့သည်။ "ဝိဇ္ဇာသိပ္ပံ အင်္ဂုတ္တကျမ်း"နှင့် "ညာဏောဒိဇဆေးကျမ်း" တို့ကိုလည်း ရေးသားပြုစုခဲ့သည်။ ဘီလူးကျွန်းကညော်တလိုင်း ဆရာတော်ထံတွင် နက္ခတ်ဗေဒင်ပညာကိုသင်ယူခဲ့ပြီး သင်္ကြန်စာများကို ဆရာစံအမည်ဖြင့် ရေးသားထုတ်ဝေခဲ့ဖူးသည်။ ဆရာစံသည် အင်္ဂရိတ်ပညာနှင့် ဗေဒင်နက္ခတ်ပညာဆိုင်ရာ "ညာတောမိရံကျမ်း" ကိုလည်း ရေးသားခဲ့သည်။

ဆရာစံသည် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ အသားညိုညို၊ နှာတံပေါ်ပေါ်နှင့် နှုတ်ခမ်းမွေးရေးရေးရှိပြီး စကားပြောတရားဟောလည်း အလွန်ကောင်းသည်ဟု ဆိုကြသည်။

တောင်သာဂိုဏ်းဝင် ဆေးဆရာအဖြစ် ဆေးကုသရင်း ဆရာစံသည် လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆရာစံသည် ၁၉၀၇ ခုနှစ်တွင် ကမာမိုရွာ၌ ဓမ္မရက္ခိတအသင်းကို ဦးစီးတည်ထောင်ခဲ့ရာ ထိုအသင်း၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံခဲ့ရသည်။

မြန်မာ့နိုင်ငံရေးတွင် ၁၉၂၀ ပြည့်နှစ်က ဂျီစီဘီအေ နိုင်ငံရေးအသင်းကြီးပေါ်ပေါက်ခဲ့ရာ ဆရာစံသည် ၁၉၂၃ ခုနှစ်တွင် ဂျီစီဘီအေအသင်းကြီးသို့ ဝင်ရောက်ခဲ့ကာ ၁၉၂၅ ခုနှစ်တွင် ရွှေဘိုမြို့၌ကျင်းပသော ၁၂ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ မော်လမြိုင်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ဂျီစီဘီအေ စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန်ခရိုင်များအတွင်းရှိ ကျေးရွာများသို့လှည့်လည်ကာ တောင်သူလယ်သမားတို့၏ ပကတိအခြေအနေများကိုစုံစမ်း၍ အစီရင်ခံစာများကို ဂျီစီဘီအေ အသင်းကြီးသို့ တင်သွင်းခဲ့သည်။

ဆရာစံသည် တောင်ငူညီလာခံပြီးစီးသောအခါ နယ်ချဲ့များအား လက်နက်ကိုင်လမ်းစဉ်ဖြင့် ကိုယ်တိုင်ဦးဆောင်ဆင်နွှဲရန် ဦးစိုးသိမ်းဦးဆောင်နေသည့် ဂျီစီဘီအေ အသင်းကြီးနှင့် အဆက်အသွယ်ဖြတ်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်အစိုးရ၏ ပြည်သူလူထုအပေါ် လူခွန်နှင့် သဿမေဓအခွန်များကောက်ခံနေခြင်းကို ဆန့်ကျင်ရန် လျှို့ဝှက်အသင်းများ တည်ထောင်ခဲ့ရာ ထိုအသင်းများကို ဂဠုန်အသင်းများဟု ခေါ်တွင်ခဲ့သည်။ ဆရာစံသည် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုများကြောင့် အစိုးရအပေါ် အမျက်ဒေါသထွက်နေသောသာယာဝတီနယ်ကိုအခြေပြုကာ နယ်ချဲ့အစိုးရအား တော်လှန်ပုန်ကန်မှုပြုလုပ်ပါက အောင်မြင်နိုင်မည်ဟုယူဆလျက် အင်္ဂလိပ်နယ်ချဲ့တို့အား တိုက်ခိုက်ရန် သာယာဝတီနယ်ကို ရွေးချယ်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက် ညတွင် ဆရာစံသည် သာယာဝတီမြို့နယ် ရေတိုက်ရွာတွင် "သုပဏ္ဏက ဂဠုန်ရာဇာ"ဘွဲ့ကိုခံယူခဲ့ပြီးနောက် သူ၏ဂဠုန်တပ်သားများသည် ဓားကိုယ်စီကိုင်စွဲလျက် ဗြိတိသျှအစိုးရအား စတင်တော်လှန်ခဲ့သည်။ ရေတိုက်အနီးဝန်းကျင်မှရွာများကလည်း အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ခဲ့ကြသည်။ ထိုကျေးရွာများမှ ဂဠုန်တပ်သားများသည် အဖွဲ့လေးဖွဲ့ဖွဲ့ကာ ဒီဇင်ဘာလ ၂၃ ရက်တွင် သာယာဝတီမြို့မြောက်ဘက်ရှိ အင်းရွာဘူတာကို စီးနင်းခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်တွင် ဖားရွှေကျော်ရွာတွင် အင်အား ၅၀ ကျော်ရှိသည့် စစ်ပုလိပ်အဖွဲ့နှင့်တိုက်ပွဲဖြစ်ခဲ့ရာ ဖားရွှေကျော်ရွာတိုက်ပွဲဟု ထင်ရှားခဲ့သည်။ ထိုရက်များအတွင်းမှာပင် ဂဠုန်တပ်သားများသည် အရေအတွက် ၃၀၀၀ အထိ တိုးတက်လာခဲ့သည်။

ဆရာစံသည် နယ်ချဲ့တော်လှန်ရေးအတွက် အလံတောင်ဒေသအား ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဌာနချုပ်ပြုလုပ်ခဲ့သည်။ အလံတောင်သည် သာယာဝတီမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ခြေတွင်ရှိသည်။ ဆရာစံသည် ဂဠုန်တပ်၏ အောင်လံကို နဂါးကို ဂဠုန်သုတ်နေသည့်ပုံ ရေးဆွဲခဲ့သည်။ နဂါးသည် နယ်ချဲ့အင်္ဂလိပ်တို့ကို ရည်ညွှန်းပြီး နယ်ချဲ့အင်္ဂလိပ်နဂါးကို ဂဠုန်က သုတ်ချီသည့် အဓိပ္ပာယ်ကို ရည်ညွှန်းခဲ့သည်။

ဆရာစံ၏ဂဠုန်တပ်များသည် စည်းရုံးရေးလုပ်ဆောင်ရာတွင် အား ကောင်းခဲ့သော်လည်း လက်နက်အင်အားမှာမူ အလွန်အားနည်းခဲ့ကာ နယ်ချဲ့ကိုပုန်ကန်ချိန်တွင် လုပ်သေနတ်အလက် ၃၀ ခန့်သာရှိခဲ့သည်။ ကျန်လက်နက်များမှာ ဓား၊ လှံ၊ ဝါးချွန်၊ ဒူးလေး၊ ကောက်ဆွ၊ ဝါးရင်းတုတ် စသည်တို့သာဖြစ်သည်။ ခေတ်မီသေနတ်များစွဲကိုင်ထားသော နယ်ချဲ့ဗြိတိသျှကိုတိုက်ခိုက်ရန် မလွယ်ကူသော်လည်း မျိုးချစ်စိတ်ဓာတ်ကိုအားပြုကာ ဆန့်ကျင်နိုင်သမျှ ဆန့်ကျင်ခဲ့ကြသည်။

လယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်ရခြင်းနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရက ယင်းတို့၏ အစီရင်ခံစာ၌ "မင်းလောင်းရူးနှင့် ဓားပြတစ်စု"တို့၏ ထကြွခြင်းသာဖြစ်သည်ဟု နှိမ့်ချဖော်ပြခဲ့သည်။ တောင်သူလယ်သမားအရေးတော်ပုံသည် သာယာဝတီနယ် ဇိမ်စာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ ဆီနှစ်ခွ၊ လှည်းလမ်းကူး အစရှိသော ကျေးရွာများမှစတင်ကာ ရက်အနည်းငယ်အတွင်း သာယာဝတီနယ်အနှံ့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ နယ်ချဲ့အစိုးရက အခြားနယ်များသို့ တော်လှန်ပုန်ကန်မှုများ မပြန့်ပွားစေရန်လည်း အစွမ်းကုန်တားဆီးခဲ့သည်။

ဆရာစံအား ဖမ်းဆီးနိုင်ရန် ဆုငွေ ၅၀၀၀ ကျပ်ပေးမည်ဟု ၁၉၃၁ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ငါးမည်ရဆရာစံအား ဖမ်းမိလျှင် ဆုငွေ ၁၀၀၀၀ ကျပ်အထိပေးမည်ဟု ဆုကြေးငွေတိုးမြှင့်ကြေညာခဲ့သည်။

ဆရာစံသည် သာယာဝတီခရိုင်အတွင်း တော်လှန်ပုန်ကန်မှုများပြုလုပ်နေသဖြင့် နယ်ချဲ့တပ်များက အလုံးအရင်းနှင့် တိုက်ခိုက်မှုများဆက်တိုက်ပြုလုပ်ခဲ့ရာ မိမိ၏ဌာနချုပ် အလံတောင်စခန်းအား ဘားမားရိုင်ဖယ်တပ်များ သိမ်းပိုက်ခဲ့သည့်နေ့တွင် ရှမ်းပြည်နယ်သို့ တိမ်းရှောင်သွားခဲ့သည်။

၁၉၃၁ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဆရာစံသည် နောင်ချိုမြို့မြောက်ဘက် သုံးဆယ်နယ်၊ ကုလားကဒိုင် ဟိုခိုနောင်ကွမ်းရွာအနီးတွင် အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ဆရာစံအား နောင်ချိုမှ သာယာဝတီထောင်သို့ ပို့ခဲ့ပြီး ၁၉၃၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် သာယာဝတီတရားရုံးသို့ ရုံးထုတ်စစ်ဆေး၍ ဩဂုတ်လ ၂၈ ရက်နေ့တွင် သေဒဏ်အမိန့်ချမှတ်ခဲ့သည်။ ဆရာစံသည် နယ်ချဲ့အစိုးရက သေဒဏ်ပေးခဲ့သည်ကို အယူခံဝင်ခြင်း၊ အသနားခံခြင်းတို့ကိုမလုပ်ခဲ့ပါချေ။ ဟိုက်ကုတ်လွှတ်တော်နှင့် တရားလွှတ်တော်ချုပ်က ဆရာစံအပေါ် ချမှတ်ထားသည့် သေဒဏ်ကို တစ်လအတွင်း အတည်ပြုခဲ့ကြသည်။

၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် စနေနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံဆရာစံအား အင်္ဂလိပ်အစိုးရက သာယာဝတီထောင်တွင် ကြိုးပေးကွပ်မျက်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဆရာစံသည် အသက် ၅၅ နှစ်အရွယ်ဖြစ်ပြီး ဆရာစံ၏ရုပ်အလောင်းကို သာယာဝတီထောင်အနီးရှိ သာယာဝတီသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။

လက်နက်အင်အားမမျှသည့် နယ်ချဲ့များအား အလွယ်တကူအနိုင်မရရှိနိုင်ကြောင်း သိရှိခဲ့သော်လည်း ဆရာစံသည် မိမိကိုယ်တိုင်နှင့် မိမိ၏ဂဠုန်တပ်သားများအား စိတ်ဓာတ်ရေးရာ စစ်ဆင်သည့်အနေဖြင့်လည်းကောင်း၊ ယုံကြည်မှုခိုင်မာစေရန် ရည်ရွယ်၍လည်းကောင်း အောင်မြေကိုနင်းကာ စိတ်ခွန်အား တိုးမြှင့်ပေးခဲ့သည့် အောင်မြေကုန်းနေရာကိုကြည့်ကာ ဆရာစံ၏ရုပ်တုကို ကျွန်တော်ဦးညွှတ်မိခဲ့ပါသည်။ သူ့ကျွန်ဘဝလွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင်ကြီးဆရာစံ၏ သက်စွန့်ကြိုးပမ်းခဲ့မှုများသည် မြန်မာတို့၏နှလုံးသားတွင် ကမ္ပည်းတင်နေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါပေသည်။

**လယ်သမားခေါင်းဆောင် ဆရာစံသည် ဗြိတိသျှနယ်ချဲ့ အစိုးရကို မတိုက်ခိုက်မီ မြန်မာလူမျိုးတို့၏ ယုံကြည်မှု ထုံးတမ်းအရ အောင်မြေများကို နင်းလေ့ရှိခဲ့**

## နိုင်ငံတကာရေးရာသတင်းဆောင်းပါး

**မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။** (စာတည်းအဖွဲ့)



# ဆီးရီးယားအခြေစိုက် အစွန်းရောက်များကို ချေမှုန်းနိုင်မည့် အလားအလာ

**ဆီးရီးယားအစ္စလာမ္မစ်သမိုင်း**

ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် အယ်လ်ခိုင်ဒါ စသည့်အစွန်းရောက်အကြမ်းဖက်အဖွဲ့များ ယခင်က မရှိခဲ့ဖူးပေ။ အစ္စလာမ္မစ်အဖွဲ့ဆို၍ ဆီးရီးယားမွတ်စလင်ညီနောင်များအဖွဲ့နှင့် ၎င်း၏ လက်နက်ကိုင်အစောင့်တပ်ဖွဲ့သာ ရှိခဲ့သည်။ ဆီးရီးယားနိုင်ငံတွင် ၁၉၇၀ပြည့်နှစ်များ၌ ဆွန်နီမွတ်စလင်ညီနောင်များအဖွဲ့က အာဏာရှင်ဟာဖက်အယ်လ်အာဆတ် (ယခုသမ္မတ ဘာရှာအာဆတ်၏ ဖခင်)၏ အစိုးရကို ပုန်ကန်တိုက်ခိုက်ခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဆွန်နီပြည်သူတို့မှာ အများစု ဖြစ်ပြီး အာဏာရှင်ဟာဖက် အယ်လ်အာဆတ်၏ အစိုးရ နှင့် တပ်မတော်မှာ အာလာဝိုက်ရှီးယိုက်အနွယ်များဖြစ် သည်။ သို့သော် ထိုတော်လှန်ပုန်ကန်မှုတွင် အစိုးရနှင့် တပ်မတော်ကိုဖြုတ်ချရန် ကြံစည်ခဲ့ကြသည့် မွတ်ဆလင် ညီနောင်များအဖွဲ့မှ ခေါင်းဆောင်များနှင့် နောက်လိုက် များစွာသည် ဆီးရီယားစစ်တပ်၏ ပြင်းထန်စွာနှိပ်ကွပ် သတ်ဖြတ်ဖမ်းဆီးမှုကို တွေ့ကြုံခဲ့ရသည်။

၁၉၈၂ ခုနှစ်တွင် ဆီးရီးယားအလယ်ပိုင်း ဟားမား ပြည်နယ်တွင် မွတ်စလင်ညီနောင်အဖွဲ့ဝင် ၂၀၀၀၀ ကျော်ကို ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့သည်။

ထိုစဉ်ကစ၍ ရှီးယိုက်အာလာဝိုက် အစိုးရသည် မွတ် ဆလင်ညီနောင်အဖွဲ့နှင့် ဆွန်နီမျိုးနွယ်များကို လူမျိုးရေး၊ ဘာသာရေးခွဲခြားဖိနှိပ်၍ အုပ်ချုပ်လာခဲ့သည်မှာ ယနေ့ တိုင်ပင် ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

ထိုစဉ်က ဆီးရီးယားတွင် မွတ်စလင်ညီနောင်အဖွဲ့ ဝင်ဖြစ်ခြင်းကပင် အပြစ်ကြီးတစ်ခုဖြစ်နေပြီး အစိုးရလုံခြုံ ရေးတပ်ဖွဲ့များ၏ ဖမ်းဆီးသုတ်သင်မှုကို ခံခဲ့ကြရသဖြင့် မွတ်စလင်ညီနောင်အဖွဲ့ဝင်များမှာ နိုင်ငံခြားသို့ ထွက်ပြေး ခိုလှုံခဲ့ရသည်။ မွတ်စလင်ညီနောင်အဖွဲ့ဝင်များစွာမှာ နာမည်ဆိုးဖြင့် ကျော်ကြားသည့် ဆီဒီနာယာ စစ်အကျဉ်း စခန်းတွင် နှစ်များစွာပင် အကျဉ်းချထားခြင်းခံခဲ့ရသည်။

သို့သော် ၂၀၀၃ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များက အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီးနောက်တွင် မက်ဆို ပိုတေးမီးယားအယ်လ်ခိုင်ဒါအဖွဲ့က အမေရိကန်တပ်များကို အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာချိန်တွင် ဆီးရီး ယားသည် ဂျီဟတ်ဒစ်လောကနှင့် ပတ်သက်ဆက်နွယ် လာရသည်။

ကမ္ဘာအဝန်းမှ ဂျီဟတ်ဒစ်တိုက်ခိုက်ရေးသမားများ သည် ဆီးရီးယားနိုင်ငံကို ဖြတ်သန်းကာ အီရတ်နိုင်ငံ အတွင်းသို့ ဝင်ရောက်၍ အယ်လ်ခိုင်ဒါအဖွဲ့နှင့်ပူးပေါင်း ပြီး အမေရိကန်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

၂၀၀၇ ခုနှစ်၌ အမေရိကန်တပ်ဖွဲ့များက အီရတ် နယ်စပ်ဆင်ဂျာမြို့တွင် သိမ်းဆည်းရမိသည့် မှတ်တမ်း ဖိုင်တွဲများအရ ဆီးရီးယားနယ်နိမိတ်ကို ဖြတ်သန်း၍ အီရတ်သို့ ဝင်လာခဲ့သော ဂျီဟတ်ဒစ်တိုက်ခိုက်ရေးသမား ၆၀၀ ကျော်ရှိပြီး ၎င်းတို့ ဖြတ်သန်းရာတွင် ဆီးရီးယား အာဏာပိုင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ပြ ထားသည်။

ဆီးရီးယားအစိုးရက ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ဂျီဟတ် ဒစ်များကို ကူညီခဲ့ခြင်းဖြစ်သည်။ ပထမရည်ရွယ်ချက်၌ အီရတ်သို့ ဝင်ရောက်ရန် ဖြတ်သန်းသွားသည့် ဂျီဟတ်ဒစ် များကို ဆီးရီးယားအစိုးရက ကူညီခြင်းဖြင့်ပြည်တွင်း၌ အစွန်းရောက်များမထကြွ မသောင်းကျန်းစေရန်ယာယီ အားဖြင့် ထိန်းထားနိုင်ရန်ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ အယ်လ်ခိုင်ဒါစစ်သွေးကြွ များက အီရတ်တွင် အမေရိကန်တပ်ဖွဲ့များကို ထိုးနှက် တိုက်ခိုက်နေမှုကြောင့် အမေရိကန်တပ်ဖွဲ့များ ဆီးရီးယား သို့ စစ်မျက်နှာသစ်ဖွင့်မလာနိုင်စေရန်ဖြစ်သည်။

ထို့ပြင် ဆီးရီးယား၊ မွတ်စလင်ညီနောင်အဖွဲ့ဝင်များ သည်လည်း နယ်စပ်ဖြတ်ကျော်ကာ အယ်ခိုင်ဒါနှင့်လက်တွဲ ၍ အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြသည်။

၂၀၀၄ ခုနှစ်နှင့်၂၀၀၅ ခုနှစ်၌ အီရတ်တွင် အယ်လ် ခိုင်ဒါနှင့် လက်တွဲတိုက်ခိုက်နေကြသည့် ဆီးရီးယား စစ်သွေးကြွများသည် စစ်ပင်ပန်းနေမှုကြောင့် ဆီးရီးယား နိုင်ငံသို့ပြန်လည်ဝင်ရောက်လာသောအခါတွင် ၎င်းတို့က အသေးစားဗုံးခွဲတိုက်ခိုက်မှုများကို ပြုလုပ်ကြသည့်အတွက် ဆီးရီးယား ရဲတပ်ဖွဲ့၏ နှိမ်နင်းသုတ်သင်မှုကိုခံခဲ့ကြရ သည်။ ဖမ်းဆီးမိသည့်စစ်သွေးကြွများအား နာမည်ဆိုး နှင့် ကျော်ကြားသည့်ဆီဒီနာယာစစ်အကျဉ်းထောင်တွင် နှစ်ရှည်လများ အကျဉ်းချ ထားခဲ့ကြသည်။

ထိုစဉ်ကစတင်ပြီးဆီးရီးယားတွင် အယ်လ်ခိုင်ဒါအစွန်း ရောက်များ စတင်အမြစ်တွယ်လာခဲ့ပြီး အကြမ်းဖက် တိုက် ခိုက်မှုများကို ကြိုကြားကြိုကြား ပြုလုပ်လာခဲ့သည်။

ယနေ့အချိန်၌ ဆီးရီးယားနိုင်ငံရက်ကာမြို့တွင် အခြေ စိုက်ထားသည့် အဘူဘေကာ အယ်လ်ဘက်ဒါဒီ၏ အိုင် အက်စ် အစွန်းရောက်အဖွဲ့နှင့် အဘူမိုဟာမက်အယ်ရိုလာနီ နှင့် ဘာသာရေးဆရာကြီး အဘူအိုသာခန်ဦးဆောင်သည့် အယ်လ်နူဆရာတပ်ဦးသည် မြို့ရွာအချို့ကိုသိမ်းပိုက်ထား နိုင်ပြီးအာဆတ်၏လုံခြုံရေးတပ်ဖွဲ့များကို ဆန့်ကျင်တိုက် ခိုက်လျက်ရှိနေကြသည်။

**အစွန်းရောက်အဖွဲ့များ**

ဆီးရီးယားနိုင်ငံတွင် အဘူဘေကာအယ်လ်ဘက်ဒါဒီ ဦးဆောင်သည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် အပြိုင် အင်အားကြီးထွားလာနေသော အယ်လ်နူဆရာ အယ်လ်

**ထွန်းတောက်**

ခိုင်ဒါတပ်ဦးအဖွဲ့၏ ခေါင်းဆောင်မှာ အသက် (၃၀) အရွယ်မျှသာရှိသေးသည့် လူငယ်လေးအဘူမိုဟာမက် အယ်လ်ရိုလာနီဖြစ်သည်။ အယ်လ်ဘက်ဒါဒီနှင့် အယ်လ်ရို လာနီတို့သည် မက်ဆိုပိုတေးမီးယား အယ်လ်ခိုင်ဒါအဖွဲ့ဝင် များဖြစ်ကြပြီး ၂၀၀၅ ခုနှစ် အီရတ်စစ်ပွဲအတွင်း၌ အမေရိ ကန်တပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပြီး ၎င်းတို့ နှစ်ဦးလုံးမှာ နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးလုံး စစ်အကျဉ်း စခန်းတွင် လေးနှစ်ကျော်မျှ ထိန်းသိမ်းခံခဲ့ရသည်။

ဆီးရီးယား အာရပ်နွေဦး အုံကြွမှုဖြစ်ပွားနေသည့် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ခေါင်းဆောင်အယ်လ်ဘက်ဒါဒီ က ၎င်း၏ လက်ထောက်အယ်လ်ရိုလာနီကို ဆီးရီးယား နိုင်ငံအတွင်းသို့ လျှို့ဝှက်စေလွှတ်၍ အယ်လ်ခိုင်ဒါအဖွဲ့ခွဲကို စတင်တည်ထောင်စေခဲ့သည်။

အယ်နူဆရာတပ်ဦးသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ တွင် ဒမတ်စကတ်မြို့တော်ရှိ နိုင်ငံတော်လုံခြုံရေးဌာနကို ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် ပထမဆုံးအကြိမ် အကြမ်းဖက်မှု စစ်ပွဲကို စတင်လိုက်သည်။

အယ်လ်ဘက်ဒါဒီနှင့် အယ်လ်ရိုလာနီတို့သည် ဆရာ တပည့် ဖြစ်သော်လည်း မွတ်စလင်ပြည်သူများအပေါ် အိုင်အက်စ်အဖွဲ့သည် ရက်စက်စွာ သတ်ဖြတ်နှိပ်စက် နေမှုကြောင့် သဘောတရားချင်း မတူကွဲပြားလာသည့် အတွက် အယ်လ်ဘက်ဒါဒီနှင့် အယ်လ်ရိုလာနီတို့သည် နောက်ပိုင်းတွင် ရန်သူများဖြစ်လာခဲ့ကြသည်ဟု စစ်ရေး လေ့လာသူတို့က ဆိုသည်။

ဒေါက်တာ အိုင်မန်အယ်လ်ဇာဝါဟီရီ ဦးဆောင်သည့် အယ်ခိုင်ဒါ ဗဟိုအဖွဲ့ကလည်း ရက်စက်ကြမ်းကြုတ်သော အိုင်အက်စ်အဖွဲ့ကို အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။

ထို့ပြင်ဆီးရီးယားနိုင်ငံ၌ အခြားလက်နက်ကိုင်အဖွဲ့ တစ်ခုမှာ ၂၀၁၁ခုနှစ် နွေရာသီတွင်စတင်ဖွဲ့စည်းခဲ့သည့် ဆီးရီးယားလွတ်မြောက်ရေးသူပုန်တပ်ဖွဲ့ (Free Syriam Army -FSA) ဖြစ်သည်။

၎င်းအဖွဲ့သည်စည်းလုံးညီညွတ်မှုမရှိ၍ အောင်မြင်မှု မရှိခဲ့ပေ။ သူပုန်တပ်ဖွဲ့ဝင်များကရှေ့တန်းတွင်တိုက်ခိုက် နေချိန်တွင် ခေါင်းဆောင်များကနိုင်ငံခြားရှိ ဟိုတယ်များ တွင် ဇိမ်ကျစွာနေထိုင်နေမှုကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲနေခဲ့သည်။

မကြာမီက အမေရိကန်အစိုးရသည် ၎င်းသူပုန် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ထောက်ကူမှုပေး၍ အိုင်အက်စ် အစွန်းရောက်များကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ပါဝင် ကူညီစေခဲ့သည်။ သို့သော် လွန်ခဲ့သောလ၌ သူပုန်တပ်ဖွဲ့ ဝင် အချို့သည်အယ်လ်နူဆရာတပ်ဦးအဖွဲ့အား အမေရိ ကန် လက်နက်များနှင့်ဟမ်းဗီးထရပ်ကားများကို ပေးအပ် ခဲ့သည့်အတွက် အမေရိကန်အာဏာပိုင်များက သူပုန်များ အား ထောက်ပံ့ကူညီမှုရပ်ဆိုင်းခဲ့သည်။

**ရုရှားတိုက်ရိုက်ပါဝင်လာ**

ယခုအောက်တိုဘာလဆန်း၌ရုရှားအစိုးရသည်မဟာ မိတ်အာဏာရှင်အာဆတ်ကို ထောက်ကူမှုပေးရန် ဆီးရီး ယားအရေးတွင် ပထမဆုံးတိုက်ရိုက်ပါဝင်လာသည်။

ဆီးရီးယားနိုင်ငံ လာတာကီးယာ၊ မြေထဲပင်လယ်ဆိပ် ကမ်းမြို့တွင်မေမင်လေတပ်စခန်း၌ရုရှားတိုက်လေယာဉ် များ၊ ဒုံးကျည်စနစ်များ၊ တင့်ကားနှင့်အမြောက်ကြီးများ နှင့် အထူးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်နေရာချလာသည်။

ရုရှားတိုက်လေယာဉ်များသည် အီဒလစ်နှင့်ဟားမား ပြည်နယ်များရှိ စစ်သွေးကြွပစ်မှတ်များကိုအကြိမ် ၆၀ ကျော်မျှ ဗုံးကြဲတိုက်ခိုက်၍ ကက်စပီယံပင်လယ်မှရုရှား စစ်သင်္ဘောများမှလည်း ပဲ့ထိန်းဒုံးကျည်များဖြင့် ဆီးရီး ယားစစ်သွေးကြွ ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြ၍ စစ်သွေးကြွ ၂၀၀ကျော်သေဆုံးသွားခဲ့ကာလက်နက်တိုက် များကို ဖျက်ဆီးနိုင်ခဲ့သည်။ ထို့ပြင်ဆီးရီးယား စစ်တပ် နှင့်ရှီးယိုက်ပြည်သူ့စစ်များသည်ဟားမားဒေသရှိ စစ်သွေး ကြွစခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်ကြသည်။

**အစွန်းရောက်များ၏အလားအလာ**

ဆီးရီးယားနိုင်ငံ၌ သီးခြားစီလေကြောင်းစစ်ဆင်ရေး များကို ဆောင်ရွက်နေသည့် အမေရိကန်နှင့်ရုရှားတပ်ဖွဲ့ များသည်ဝေဟင်၌မတော်တဆ ဖြစ်စဉ်များရှောင်လွှဲနိုင်ရေး အတွက် အမေရိကန်နှင့်ရုရှားတို့အကြား ဆွေးနွေးပွဲများ ပြုလုပ်နေသည်ဟု ပင်တဂွန်ပြောခွင့်ရပုဂ္ဂိုလ် ပီတာကော့ က ပြောဆိုသည်။

အမေရိကန်ညွှန့်ပေါင်းအဖွဲ့နှင့် ရုရှားတပ်ဖွဲ့များ၏ နှစ်ဖက်ညှပ်၍ တိုက်ခိုက်မှုကြောင့် အိုင်အက်စ်နှင့်အယ်လ် နူဆရာစစ်သွေးကြွများသည် ၎င်းတို့၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့် အာဏာရှင်အာဆတ်ကိုဖြုတ်ချ၍ အစ္စလာမ်ကာလီဖိတ်အင်ပါယာကြီးထူထောင်ရန် ကြိုးပမ်း မှုအိပ်မက်မှာလက်တွေ့ အကောင်အထည်ဖော်ဆောင်ရန် ဖြစ်နိုင်ဖွယ်မရှိတော့ပေ။ အာဏာရှင်အာဆတ်၏ အခန်း ကဏ္ဍမှာ ပိုမိုခိုင်မာလာသည်။

အစွန်းရောက်စစ်သွေးကြွအဖွဲ့များ၏ အနာဂတ် ဘာလဲ၊ ဘယ်လဲဟုမေးရမည်ဖြစ်နေသည်။ ၎င်းတို့သည် ဆီးရီးယားနှင့် အီရတ်တွင်ပင် ချေမှုန်းခံရနိုင်မည်လား သို့မဟုတ် နိုင်ငံရေးတည်ငြိမ်မှုမရှိသည့် လစ်ဗျားကဲ့သို့ နိုင်ငံများသို့ ရွှေ့ပြောင်းအခြေစိုက်ကြမည်လား။

အစ္စလာမ် အစွန်းရောက်ဝါဒသည် ကမ္ဘာပေါ်မှပျောက် ကွယ်ရန်ဖြစ်နိုင်ဖွယ်မရှိဟု ပညာရှင်တို့က သုံးသပ်ကြ သည်။

**ရုရှားတိုက်လေယာဉ်များသည် အီဒလစ်နှင့် ဟားမားပြည်နယ်များရှိ စစ်သွေးကြွပစ်မှတ်များကို အကြိမ် ၆၀ ကျော်မျှ ဗုံးကြဲတိုက်ခိုက်၍ ကက်စပီယံပင်လယ်မှရုရှားစစ်သင်္ဘောများမှလည်း ပဲ့ထိန်းဒုံးကျည်များဖြင့် ဆီးရီးယားစစ်သွေးကြွ ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြ၍ စစ်သွေးကြွ ၂၀၀ ကျော်သေဆုံးသွားခဲ့ကာ လက်နက်တိုက်များကို ဖျက်ဆီးနိုင်ခဲ့ . . .**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6672, Nissan Wingroad, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမိုး ၁၀/မလမ(နိုင်)၀၃၃၀၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၆၀၅၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမြန်ပြန်လာပါ

- သမီး မနေခြည်အောင် အိမ်သို့အမြန်ဆက်သွယ်ပါ။ အဖေဆေးရုံတင်ထားသည်။ အမေနေမကောင်း ဖြစ်နေသည်။
- အပြစ်အားလုံးခွင့်လွှတ်သည်။ မိသားစုအားလုံး စိတ်ပူနေသည်။
- သမီးစိတ်ချမ်းသာအောင် ဆောင်ရွက်ပေးမည်။
- တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၂၀၀၇၁၈၊ ၀၉-၅၁၁၁၀၇၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဦးတင့်လွင်(၁၂/သဃက(နိုင်)၁၂၉၂၄၄) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊(ဂ)ရပ်ကွက်၊ကြို့စက်ရုံလမ်း၊ခြံအမှတ်(၅၀)၊အမှတ်(၁၂/၀၈၂၂)ဟု ခေါ်တွင်သည့် အလျား ၈၅ပေ×အနံ၁၈ပေရှိ မြေကွက်တစ်ကွက်နှင့် ၄င်းမြေကွက်ပေါ်တွင်သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းထားသည့် အိမ်ခန်း(၂)ခန်းအား မိဘများဖြစ်သော ဦးညီနှင့်ဒေါ်သိန်းကြည် တို့မှမေတ္တာဖြင့်အပိုင်ပေးကမ်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေသည် မြေကွက်နှင့် အဆောက်အအုံပေါ်တွင်နေထိုင်လျက်ရှိပြီး၊ လွှဲပြောင်းခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့် တစ်ခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ် ထားခြင်းမရှိဘဲ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးတည်းကသာလျှင် ပိုင်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးမြင့်သိန်း | ဦးခင်ဇော်လတ် | ဦးလှမောင် | ဒေါ်ဆွေဆွေအောင် |
|---|---|---|---|
| B.A(Law),(LL.B) | (LL.B, C.B.L) | B.A, H.G.P | (LL.B, D.B.L) |
| | WIPO(Switzerland) | | |

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ

Excellentဥပဒေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

ဖုန်း-၀၉ ၇၃၂၃၁၉၈၉၊ ၀၉-၅၁၉၈၂၅၇ ၀၉ ၄၃၀၁၂၉၂၇

---

**၁၄-၁၀-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ ဦးတင်ဝင်း၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှနွယ်က ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီပိုင်ရှင် ဦးဆွေဝင်းနှင့် ယင်းကုမ္ပဏီ၏ဒါရိုက်တာ ဦးမျိုးအောင် ၁၂/မဂဒ(နိုင်)၀၅၄၀၆၆ တို့နှင့်တကွ သက်ဆိုင်သူများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်၍**

## ပြန်လည်တုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်စိမ့်ကုန်းရပ်ကွက်၊ ဇရာဝတီလမ်းသွယ်(၂)၊ အမှတ် (၇)နေ ဦးမျိုးအောင် ၁၂/မဂဒ(နိုင်)၀၅၄၀၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ကြေညာလိုက်ပါသည်။

ဦးတင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇) ရပ်ကွက်၊ ကွင်းအမှတ် ၄၅၇/ခ၊ ဦးပိုင်အမှတ် (၁၉/၁) (၂၂) (၂၃/၃-) (၂၆/၁)ရှိ မြေဧရိယာဧက ၂၀ အား ၅-၅-၁၉၉၈ ခုနှစ်တွင် ဦးမျိုးအောင် (+၁၅) တို့အား တစ်ဧကလျှင် ငွေကျပ် ၁၃၀၀၀၀၀ နှုန်းဖြင့် အသိသက်သေလူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် မြေကွက်လက်ရောက်အပ်နှံခြင်းကတိ စာချုပ်ချုပ်ဆိုကာ ရောင်းချခဲ့ပါသည်။ ဦးမျိုးအောင်က ဦးတင်ဝင်းသို့ မြေကွက်၏ တန်ဖိုးငွေများကို အပြေအကျေပေးချေသဖြင့် ဦးတင်ဝင်းကလည်း ဦးမျိုးအောင်အား ရောင်းချသည့်မြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများကို ရောင်းချသည့်မြေနှင့်အတူ လက်ရောက်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ဦးတင်ဝင်းသည် ရောင်းချသည့်မြေများအား ၄င်း၏သဘောဆန္ဒအရ ဝယ်ယူသူ ဦးမျိုးအောင်နှင့်အတူ အစုစပ်လုပ်ငန်းလုပ်ကိုင်ကြသော ဦးသောင်းတင်နှင့်ဦးကံလှတို့အား ရန်ကုန်မြို့ရှိ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ခြင်းဖြစ်ပါသည်။ ဦးမျိုးအောင်(+၁၅)နှင့် ဦးတင်ဝင်းတို့ပြုလုပ်သည့် မြေကွက်အရောင်းအဝယ်ကိစ္စသည် ဆွေဝင်းနှင့်နေသူရိန်အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီလီမိတက်နှင့်ပတ်သက် စပ်ဆိုင်ခြင်းမရှိပါ။ ထို့ပြင် ၂-၉-၂၀၁၃ ရက်တွင် ဦးတင်ဝင်းနှင့်ဦးမျိုးအောင်တို့ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိပါ။

ဦးတင်ဝင်းသည် ဦးမျိုးအောင်(+၁၅) ထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ မြေကွက်တန်ဖိုးများရယူပြီး မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများကို ဦးမျိုးအောင်၏လက်ဝယ်သို့ရောင်းချခဲ့သည့် မြေကွက်များနှင့်အတူ လက်ရောက်ပေးအပ်ခဲ့ခြင်းသာဖြစ်၍ ဦးတင်ဝင်းတောင်းဆိုသည့် မြေကွက်ပိုင်ဆိုင်မှုစာရွက် စာတမ်းများကို ဦးမျိုးအောင်က ဦးတင်ဝင်းအား ပြန်လည်ပေးအပ်ရန် အကြောင်းမရှိပါကြောင်း တုံ့ပြန်ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်သဇင်(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၃၃၁၁၃**
**သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**(မြို့နယ်တရားရုံးဘေး)**
**ဖုန်း-၀၉-၄၂၀၀၀၄၉၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9671, ISUZU NPRSIL,L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၉/မထလ(နိုင်)၂၆၂၀၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

---

**၁၄-၁၀-၂၀၁၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးတင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှနွယ်မှ ဆွေဝင်းနှင့်နေသူရိန်အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီပိုင်ရှင် ဦးဆွေဝင်းနှင့် ယင်းကုမ္ပဏီ ဒါရိုက်တာ ဦးမျိုးအောင် ၁၂/မဂဒ(နိုင်)၀၅၄၀၆၆တို့နှင့်တကွ သက်ဆိုင်သူများသိစေရန် ကြေညာချက်အပေါ်**

## တုံ့ပြန်ရှင်းလင်းပြန်လည်ကြေညာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်း၊ အမှတ် ၄၃နေ ဦးဆွေဝင်း ၁၂/မဂဒ(နိုင်)၀၉၅၈၂၅(ဆွေဝင်းနှင့်နေသူရိန်)အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်မှ ဦးဆွေဝင်းပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သော်လည်း ဦးမျိုးအောင်မှာ အဆိုပါ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမဟုတ်ပါ။ ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ၏ဒါရိုက်တာမှာ ဦးမင်းခန့်ကိုကိုဖြစ်ပါသည်။ ဦးမျိုးအောင်သည် ဆွေဝင်းနှင့်နေသူရိန် အကျိုးဆောင်ကုမ္ပဏီအတွက် အလုပ်လုပ်ကိုင်ပေးခြင်းမရှိပါ။ ဦးဆွေဝင်းသည် ဦးတင်ဝင်းပိုင်ဆိုင်သည်ဟုအဆိုရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၇ ရပ်ကွက်ရှိ အမှတ် ၄၅၇/ခ၊ ဦးပိုင်အမှတ် (၁၉/၁)(၂၂)၊ (၂၃/၃)၊ (၂၆/၁)ဧရိယာ ၁၄ဒသမ၁၇ဧကနှင့် (၂၂/၁)(၂၂/၂)(၂၃/၄)မြေကွက်တို့ကို အထူးမြေဂရန်ရရှိရန်အတွက် ဆောင်ရွက်ပေးပါမည်ဟု ကတိကဝတ်ပြုခဲ့ခြင်းမရှိသလို ဦးတင်ဝင်းထံမှ မြေကွက်များနှင့်ပတ်သက်သည့် ပိုင်ဆိုင်သည့် စာရွက်စာတမ်းများလည်း ရယူခဲ့ခြင်း လုံးဝမရှိသည့်အပြင် ၂-၉-၂၀၁၃ ရက်တွင် ဦးတင်ဝင်းနှင့် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းလက်ခံသူအဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ခြင်းမျိုးလုံးဝမရှိပါ။

ဦးတင်ဝင်းပိုင်ဆိုင်သည်ဟု အဆိုရှိသည့် လူကြီးမင်း၏ကြေညာချက်ပါ မြေဧရိယာများနှင့်ပတ်သက်၍ ဦးတင်ဝင်းနှင့် ဦးမျိုးအောင်တို့အကြားတွင် ပြုလုပ်ခဲ့သော အရောင်းအဝယ်ကိစ္စများမှာ ဦးဆွေဝင်းပိုင် ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။

လူကြီးမင်း၏ ၁၄-၁၀-၂၀၁၅ရက်စွဲပါ ကြေညာချက်များအနက်မှ ဦးဆွေဝင်းနှင့် ၄င်းပိုင် ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်အပေါ် ရေးသားစွပ်စွဲပြောဆိုချက်များသည် ဦးဆွေဝင်းနှင့် ၄င်းပိုင်ကုမ္ပဏီ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်အပြင် ဆွေဝင်းနှင့်နေသူရိန် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်အတွက်လည်း များစွာထိခိုက်နစ်နာမှု ဖြစ်ပေါ်စေပါသည်။ ဦးတင်ဝင်းအနေဖြင့် ဆွေဝင်းနှင့် နေသူရိန်အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီပိုင်ရှင် ဦးဆွေဝင်းနှင့် ယင်းကုမ္ပဏီ ၏ဒါရိုက်တာဦးမျိုးအောင် ၁၂/မဂဒ(နိုင်)၀၅၄၀၆၆တို့နှင့်တကွ သက်ဆိုင်သူများ သိစေရန်ကြေညာပါ စာသားများအနက်မှ ဦးဆွေဝင်းနှင့် ၄င်းပိုင်ဆိုင်သော ဆွေဝင်းနှင့်နေသူရိန်ကုမ္ပဏီအမည်ပါအကြောင်းအရာ အချက်အလက်များအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပြန်လည်ရုပ်သိမ်းပေးခြင်းမပြုပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ခင်မိုးမိုးအောင်** |
| **ဦးဆွေဝင်း** | **တရားလွှတ်တော်ရှေ့နေ** |
| **(ဆွေဝင်းနှင့် နေသူရိန် အိမ်ခြံမြေ** | **စဉ်-၁၀၀၅၅** |
| **အကျိုးဆောင် ကုမ္ပဏီလီမိတက်)** | **အမှတ် ၈၃/၁၅၊ ပန်းဆိုးတန်းလမ်း၊** |
| | **ကျောက်တံတားမြို့နယ်** |
| | **ဖုန်း-၀၉-၄၂၁၀၉၇၄၀၃** |

## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့ Good Aim Co.,Ltd. ၏ လိုင်စင်ကတ်ပြားမူရင်းနှင့် သင့်ဖွဲ့စည်းမျဉ်းစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၃၂၁၀၉**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

သီတင်းကျွတ် အထူးအစီအစဉ်

"ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပါသည်"

မင်္ဂလာရှိသည့် သီတင်းကျွတ် အခါသမယတွင် မိမိတို့တန်ဖိုးထားသော မိဘ၊ဆရာသမား၊ မိတ်ဆွေများအား တန်ဖိုးမဖြတ်နိုင်သော ကျန်းမာရေးလက်ဆောင်မွန်များပေးခြင်းဖြင့် ကျေးဇူးဆပ်ကြပါစို့ ......။

ကျန်းမာရေးစစ်ဆေးမှု GIFT CARD များ

၈-၁၁-၂၀၁၅ ရက်နေ့ထိ

5% Discount

အထူးကုပြင်ပလူနာဌာနတွင် ဝယ်ယူနိုင်ပါပြီ။



ဆက်သွယ်ရန်ဖုန်း ၀၆၇-၅၅၀၁၄၁၊ ၅၅၀၁၄၂
၀၉-၇၉၇၈၉၉၂၁၁


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန်အောက်ဖော်ပြပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ငှားရမ်း/ဝယ်ယူလိုပါသည်။

၁။ သံလွင်တံတား(ချောင်းဆုံ)၏ ရေလယ်(Bored Pile)များတူးရန်(1.8 m Ø,60m အနက်)ထိတူးနိုင်သော (Bored Pile) တွင်းတူးစက် တစ်စုံငှားရမ်းလိုပါသည်။

၂။ **ပစ္စည်းဝယ်ယူရန်**

(က) Chipping (ဖင်းကျိုက်)
(ခ) မြစ်သဲ(ဇာသပြင်)
(ဂ) 28 mm Ø Steel Wire rope
(ဃ) 1.5 mm thick M.S Plate
(င) Admixture Type G

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ရေတပ်ဝန်း၊ မုပွန်ရပ်၊ မော်လမြိုင်မြို့။

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာ ပုံစံများကိုသံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးအဖွဲ့ (၁)ရုံးနှင့် တည်ဆောက်ရေး အဖွဲ့(၄)ရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ၁၈-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၆၂

ဦးသိန်းအောင်
(၄င်း၏အထွေထွေကိုယ်စားလှယ်
စာရရှိသူ မသင်းသင်းစိုး)

နှင့်

၁။ ဒေါ်လှဒန်
၂။ ဒေါ်မြင့်
၃။ ဒေါ်ခင်ညို
၄။ ဒေါ်ခင်ပို
၅။ ဒေါ်ခင်ချို
၆။ ကိုအောင်စိုး
၇။ မစီစီမော်
၈။ ကိုကျော်စိုး
၉။ မသင်းသင်းမော်
၁၀။ မခင်စိုးစိုး
၁၁။ မောင်မြင့်
၁၂။ ကိုရွှေထွန်း
၁၃။ မောင်သိန်းဌေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ (၃၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃) တရားပြိုင်များဖြစ်သည့် မခင်ညို၊ မခင်ချို၊ မစီစီမော်၊ မခင်စိုးစိုး၊ မောင်မြင့်၊ ကိုရွှေထွန်း၊ မောင်သိန်းဌေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးသိန်းအောင် (၄င်း၏ကိုယ်စားလှယ်ရရှိသူ မသင်းသင်းစိုး)က အမွေဆိုင်များကို အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်ကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စန်းသီတာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြင်းခြံမြို့နယ်တရားရုံး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈/၄၀၂၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူလိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 15(T)2/MR(E) 2015-2016 | Spare Parts for Track Maintenance Machine (1) Lot (39)Items |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၉.၁၀.၂၀၁၅ (ကြာသပတေးနေ့) (၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၆.၁၀.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-291985, 291994

### အမည်မှန်နှင့်ဖခင်အမည်မှန်

ကလေးမြို့ အထက(၆)အဌမတန်းမှ မဗျူက်စင်မွေး၏ အမည်မှန်မှာ မဗျူက်ရှင်မွဲဖြစ်ပြီးဖခင်အမည်မှန်မှာ ဦးဆန်ဟရဲန်း ၄/ဖလန(နိုင်)၀၁၈၀၄၄ ဖြစ်ပါကြောင်း။

**မဗျူက်ရှင်မွဲ၊ ဦးဆန်ဟရဲန်း**

### ဖခင်အမည်မှန်

အောင်ပန်းမြို့၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မရွှေစည်၏ ဖခင်အမည်မှန်မှာ ဦးဖိုးဆောင် ၁၃/ပလန(နိုင်)၀၁၇၉၁၅ ဖြစ်ပါကြောင်း။

**ဦးဖိုးဆောင်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(G)မှ နန်းခမ်းတီး၏ ဖခင်အမည်မှန်မှာ ဦးမောင်စွမ် ဖြစ်ပါကြောင်း။

**ဦးမောင်စွမ်**

## ရောင်းချရန်ကြော်ငြာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### တာချီလိတ်ခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄

ဦးလီဆန်း နှင့် ဒေါ်အားဖင်(ခ)ဒေါ်ရှောက်ချောက်
**တရားနိုင်** **တရားရှုံး**

တာချီလိတ်ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၇/၂၀၁၁အမှုတွင် ရရှိထားသောအနိုင်ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၁ရက် နံနက် ၁၀နာရီတွင် ၄င်းပစ္စည်းများတည်ရှိရာအရပ်များတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသောကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

| **ပစ္စည်းစာရင်း** | **လေလံကြမ်းခင်းဈေး** |
|---|---|
| ၁။ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အကွက်အမှတ် (၂၁)၊ ဦးပိုင်အမှတ်(၂၀/ခ)ဧရိယာ(၀ဒသမ၀၈၉၉)ဧကရှိမြေကွက်နှင့် ၃ထပ်ခွဲ၊ ၃ခန်းတွဲတိုက်ခန်း (၃)ခန်းအဆောက်အအုံ | -ကျပ်သိန်း ၁၄၄၇၆ |
| ၂။ တာချီလိတ်မြို့၊ အကွက်အမှတ် (၁၆/က)ဆန်ဆိုင်းလုံရပ်မြောက်ရပ်၊ ဦးပိုင်အမှတ် (၇/၁)၊ ဧရိယာ (၀ဒသမ၃၃၀)ဧကရှိမြေကွက်၊ မြေကွက်ပေါ်ရှိ အမှတ် (၄/၆၄)ဟုခေါ်တွင်သောအာရ်စီ ၂ထပ်တိုက် (၁၂ပေ×၃၆ပေ)ရှိအခန်း (၂၆)ခန်းပါအဆောက်အအုံ | -ကျပ်သိန်း ၂၈၇၅ |
| ၃။ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ စက်မှုဇုန်ရှိမြေပေးမိန့် (၁/၂၀၀၃)၊ ဦးပိုင်အမှတ် (၁၄)၊ အုတ်တံတိုင်းပါ(ပေ ၁၀၀ပတ်လည်)မြေကွက် | -ကျပ်သိန်း ၅၂၆ |
| ၄။ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ စက်မှုဇုန်ရှိမြေပေးမိန့် (၁/၂၀၀၃)၊ ဦးပိုင်အမှတ် (၁၅)၊ အုတ်တံတိုင်းပါ(ပေ ၁၀၀ပတ်လည်)မြေကွက် | -ကျပ်သိန်း ၅၂၆ |
| ၅။ တာချီလိတ်မြို့၊ အကွက်အမှတ် (၁)၊ မြို့သစ်အပိုင်း(ခ)ဦးပိုင်အမှတ် (၁၆၉)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိမြေကွက် | -ကျပ်သိန်း ၄၆၈ |
| ၆။ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ယာမြေကုန်းအကွက်အမှတ် (၈/၁၉၂)ဟုခေါ်တွင်သောမြေကွက် | -ကျပ်သိန်း ၂၁၀ |
| ၇။ တာချီလိတ်မြို့၊ ပါလျှံရပ်ကွက်၊ အမှတ် (၂၃)ဟုခေါ်တွင်သော(ပေ ၄၀×ပေ ၆၀)အကျယ်ရှိမြေကွက် (၂)ကွက် | -ကျပ်သိန်း ၃၁၅ |

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(G)မှ နန်းလျှူး၏ဖခင်အမည်မှန်မှာ ဦးကျော်စိန်ဖြစ်ပါကြောင်း။

**ဦးကျော်စိန်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀)တက္ကသိုလ်ဝင်တန်း(B)မှ နန်းအေးဖြူ၏ဖခင်အမည်မှန်မှာဦးညွှန့်သိန်း ၁၃/ပလန(နိုင်)၀၄၆၈၅၀ ဖြစ်ပါကြောင်း။

**ဦးညွှန့်သိန်း**

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၆)၊ ကျွဲကူး၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထွဋ်ခေါင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအုန်းပု ဖြစ်ပါကြောင်း။

**ဦးအုန်းပု ၆/မအရ(နိုင်)၀၆၃၂၉၇**

### မိဘအမည်မှန်

တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ရာဂျူး၏ မိဘအမည်မှန်မှာ ဦးဟာရီဆန်ကာရ် ၇/ဖမန(နိုင်)၀၉၈၉၅၆- ဒေါ်ဆူရ်ဆာသီး ၇/ဖမန(နိုင်)၀၉၇၄၃၉ တို့ဖြစ်ကြပါသည်။

### ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မအေးအေးမာ၏ ဖခင်အမည်မှန်မှာ ဦးလှ ၇/အတန(နိုင်)၀၀၉၈၆၇ ဖြစ်ပါကြောင်း။

**ဖခင်-ဦးလှ**

### မိခင်အမည်မှန်

တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မအိဝေနှင်း၏ မိခင်အမည်မှန်မှာ ဒေါ်ကုလားမ ၇/အတန(နိုင်)၀၀၉၈၉၃ ဖြစ်ပါကြောင်း။

**မိခင်-ဒေါ်ကုလားမ**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ (၂၄)ရပ်ကွက်၊ သိင်္ဂါလမ်းနေ ဦးတင်အောင်၏သမီး မလွင်ခိုင်ညွှန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၁၉၈၀ ဖြစ်ပါသည်။

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## ပထမနှစ်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဒီပလိုမာအချိန်ပြည့် ၁ နှစ်သင်တန်း (အင်္ဂလိပ်ဘာသာ)၊ အချိန်ပြည့် ၂ နှစ်သင်တန်း (အီတာလျံဘာသာ)၊ အချိန်ပိုင်း ၂ နှစ်သင်တန်း (အထွေထွေဘာသာဗေဒ)နှင့် အချိန်ပိုင်း ၄ နှစ်သင်တန်း (တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းများကို တစ်ပတ်လျှင် ၅ ရက် (တနင်္လာနေ့မှ သောကြာနေ့အထိ) အောက်ပါအတိုင်း ပို့ချပါမည်။

(က) အင်္ဂလိပ်ဘာသာ(အချိန်ပြည့်) သင်တန်းကို နံနက် ၉း၀၀ နာရီမှ ညနေ ၃း၂၀ နာရီအထိ
(ခ) အီတာလျံဘာသာ(အချိန်ပြည့်) သင်တန်းကို နံနက်၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
(ဂ) အချိန်ပိုင်းသင်တန်းများကို နံနက် ၇း၀၀ နာရီမှ ၈း၅၀ နာရီအထိ

၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) အထွေထွေဘာသာဗေဒသင်တန်းအတွက် နိုင်ငံတော်က အသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့မရသော်လည်း ဤဘာသာရပ်နှင့် ဆက်စပ်နီးနွယ်သည့် လုပ်ငန်းလုပ်ကိုင်သူများ (ဘာသာပြန်/စကားပြန် ပြုလုပ်သူများ၊ ဘာသာစကားသင်ကြားသူများ၊ သတင်းမီဒီယာလုပ်ငန်း ဆောင်ရွက်နေသူများ)လည်း လျှောက်ထားနိုင်သည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ တင်သွင်းကြရပါမည်။သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရပါမည်။သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း (စာမေးပွဲဌာန) တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ (ဖုန်း-၅၁၄၃၇၁၊ လိုင်းခွဲ-၈၁၆)

## ၂၀၁၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှု ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

အားကစားဝန်ကြီးဌာနအနေဖြင့်တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးတို့အတွက် အဓိကတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကိုတိုက်ရိုက်အထောက်အကူပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တစ်ချိန်က အရှေ့တောင်အာရှအဆင့်တွင်သာမက အာရှအဆင့်ထိ ထိုးဖောက်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံတကာအလယ်တွင် နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်ကြောင်း၊ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်ကို ပြသရာရောက်ကြောင်း၊ အားကစားလှုပ်ရှားမှုများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များကို ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မရှိမဖြစ်လိုအပ်သည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းကို ပညာရေးနှင့်ဟန်ချက်ညီညီပေါင်းစပ်နိုင်ရေးအတွက် အားကစားက အထောက်အကူပြုလျက်ရှိကြောင်းတို့အား ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေးအတွက်လည်းကောင်း၊ မြန်မာ့အားကစားရေးရှည်ဖွံ့ဖြိုးတိုးတက်လာစေ ရေးအတွက် ဆောင်ရွက်သင့်သည့် ဆောင်ရွက်ရမည့်အကြံပြုချက်များ၊ အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီး တစ်ခုဖြစ်ကြောင်း ပေါ်လွင်အောင် ရေးသားနိုင်စေရေးတို့အတွက် ၂၀၁၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A 4 စာ မျက်နှာ(၇) မျက်နှာထက်မနည်း၊ (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၀)မျက်နှာထက်မနည်း၊ (၁၁) မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"×၁၂"အရွယ်ဖြင့် အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်နှင့် အခြားအားမာန်ပြည့်ဝသည့် အားကစားယှဉ်ပြိုင်လှုပ်ရှားမှု(ပရိသတ်အားပေးသည့်ပုံများပါဝင်သည့်)ဓာတ်ပုံများဖြင့် ယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၁)သို့ လိပ်မူကာပေးပို့ကြရန်နှင့် စာမူနှင့် အတူ လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန် (၁)စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက် (၁)စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy (၁)ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသောစာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့်ဝတ္ထုတို၊ ဆောင်း ပါးနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ် (၇)သိန်း၊ ဒုတိယဆုအား ကျပ်(၆)သိန်း၊ တတိယဆုအား ကျပ်(၅)သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ် (၄) သိန်း အသီးသီးချီးမြှင့်သွားမည် ဖြစ်သည်။

၎င်းအပြင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသောစာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသောစာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### မွေးသက္ကရာဇ်အမှန်

ဦးမောင်ဝင်း၏သား အထက(တနိုင်း)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်သန်းဇော်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၁၉၉၇ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးစန်းမောင်၏ သမီး မိုးကောက်မြို့နယ်၊ မြို့သစ် အခြေခံပညာအထက်ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အထက်တန်းပြဆရာမ ဒေါ်ခင်ကြူ ၁/မမန(နိုင်) ၀၁၀၈၁၂ ကိုင်ဆောင်သူ ဒေါ်ကြူကြူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်ကြူ(ခ)ဒေါ်ကြူကြူ**

### ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(A)မှ မမရန်ဒုံနန်ဇီ၏ ဖခင်အမည်မှန်မှာ ဦးဖုန်ဆိုင်းရိုဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ၂၆-၁၀-၂၀၀၀ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၄)ကျောင်း၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်ထွန်း ဖြစ်ပါကြောင်း။

**ဦးသက်ခိုင်ထွန်း ၉/မထလ(နိုင်)၂၀၆၉၂၆**

### စက်မှုဝန်ကြီးဌာန
### အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
### ပလတ်စတစ်ပစ္စည်းစက်ရုံခွဲ(သန်လျင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပလတ်စတစ်ပစ္စည်းစက်ရုံခွဲ(သန်လျင်)၏ အသုံးမလိုပိုလျှံနေသော စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် အခြားပစ္စည်းအုပ်စု(၄)မျိုးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

၁။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန်/နေရာ** - ၂၁-၁၀-၂၀၁၅ ရက်
- ၁၀း၀၀နာရီ မှ ၁၅း၀၀နာရီအထိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ရုံးအမှတ် ၃၇၊ နေပြည်တော်

၂။ **တင်ဒါတင်သွင်းမည့်ရက်၊အချိန်၊နေရာ** - ၂၆-၁၀-၂၀၁၅ ရက် ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၃။ **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၃-၁၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၃၂ တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

### ပညာရေးဝန်ကြီးဌာန
### ရန်ကုန်အဝေးသင်တက္ကသိုလ်
### လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
### Online ဖြင့် ဥပဒေပညာဘွဲ့သင်တန်း (Online LL.B)
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဥပဒေပညာရပ်ကိုလေ့လာသင်ယူလိုသူများအတွက် ရည်ရွယ်၍ ရန်ကုန်အဝေးသင် တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ရန်ကုန်အဝေးသင် တက္ကသိုလ် ဥပဒေပညာဌာနက ဦးစီး၍ ဥပဒေပညာဘွဲ့ (LL.B) သင်တန်းကို ခေတ်မီနည်းပညာတစ်ခုဖြစ်သော Web-Based Teaching System (WBTS)ကို အသုံးပြုပြီး Online ဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။

၂။ ၂၀၁၆ ပညာသင်နှစ်အတွက် ပထမနှစ်သင်တန်းသားများကို လက်ခံသင်ကြားရန် ထပ်မံခေါ်ယူခြင်းဖြစ်ပါသည်။ ဤသင်တန်းသည် ဘွဲ့ကြိုသင်တန်းအမျိုးအစားဖြစ်သဖြင့် သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်းတို့ဖြင့် ပူးတွဲ၍လည်းကောင်း၊ ဘွဲ့တစ်ခုခုရရှိပြီးသူများအတွက် ဘွဲ့လက်မှတ်မူရင်းနှင့်အတူ ပူးတွဲ၍လည်းကောင်း၊ ရန်ကုန်အဝေးသင် တက္ကသိုလ်သင်တန်းရေးရာဌာနတွင် သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းကို ပြုလုပ်ရပါမည်။ ဝင်ခွင့်မှတ်ပုံတင်ပြီးချိန်တွင် သင်တန်းသားတစ်ဦးစီအတွက် Student ID နှင့် Password တို့ကိုထုတ်ပေးပါမည်။

၃။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **ဝင်ခွင့်အရည်အချင်း** -
(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာဦးစီးဌာနမှ ပုံမှန်အဝေးသင် တက္ကသိုလ်များတွင် ဥပဒေပညာဘာသာရပ်အတွက် သင်ယူခွင့်ပြုထားသည့် သတ်မှတ်အမှတ်ကို ပြည့်မီသူ
(သို့မဟုတ်)
(၂) ဥပဒေပညာဘွဲ့မှအပ အခြားဘွဲ့တစ်ခုခု ရရှိပြီးသူများ
(ပထမနှစ်မှစတင်တက်ရောက်ရမည်။)

(ခ) **စတင်ဖွင့်လှစ်မည့်ရက်** - ၃-၁၂-၂၀၁၅ ရက်
(ဂ) **သင်တန်းကာလ** - ပထမနှစ်မှ ပဉ္စမနှစ်အထိ (၅) နှစ်
(ဃ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၉-၁၁-၂၀၁၅ ရက်
(င) **လျှောက်လွှာပိတ်မည့်ရက်** - ၂-၁၂-၂၀၁၅ ရက်

(၄) သင်တန်းဝင်ခွင့် လျှောက်လွှာများကို www.ynou.edu.mm website မှတစ်ဆင့် online registration ပြုလုပ်၍ လျှောက်ထား နိုင်ပါသည်။သင်တန်းသား ဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဖုန်း-၅၂၅၁၄၆၊ ၅၃၆၅၈၁၊ ၅၃၇၄၁၃၊ ၅၃၇၄၁၄

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ဃ/၈၀၃၀၁/ဟွန်ဒါဒရင်း(မ်)125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းပြည့်လတ် ၁၀/မဒန(နိုင်)၁၆၆၀၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6654, Nissan AD VY12 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းဦး ၅/စကန(နိုင်)၁၈၇၆၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဃ/၈၅၀၈၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဝင်း ၅/ကလထ(နိုင်)၀၀၆၈၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၈၂၂၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၁၆၈၅၅ Hero Honda ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဝင်း ၅/ကလထ(နိုင်)၀၀၆၈၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H-9287 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
### တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့
## အမှတ်စဉ်(၃/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်းတံတားအဆောက်အအုံလုပ်ငန်းများအတွက် အောက်ဖော်ပြပါဆောက်လုပ်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| | |
|---|---|
| ၁။ ဘိလပ်မြေ | ၅။ ၆"-၉" ကျောက် |
| ၂။ သံချောင်းရှယ်စုံ | ၆။ လမ်းခင်းကျောက်ရှယ်စုံ |
| ၃။ သစ်ခွဲသား(အခြားသား) | |
| ၄။ သစ်မာသား | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၁၀-၂၀၁၅ရက်၊ ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ/ရက်/အချိန်** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ ထားဝယ်မြို့၊ ၂၂-၁၀-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ

တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါဌာနတွင် စုံစမ်း၍ ၉-၁၀-၂၀၁၅ ရက်မှစပြီး လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့**

## ကသာမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ တည်ဆောက်သွားမည်ဖြစ်ပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ခြင်းလုပ်ငန်းလျှောက်လွှာပုံစံကို ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီရုံးနှင့် ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတို့တွင် ၁၉-၁၀-၂၀၁၅ ရက်မှစတင်၍လျှောက်လွှာ(၁)စောင်လျှင် ငွေကျပ် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရန်အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းလျှောက်လွှာများကို ၃-၁၁-၂၀၁၅ ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၃။ လျှောက်လွှာတင်သွင်းပါက စပေါ်ငွေအဖြစ် ကျပ်သိန်း(၅၀)(ကျပ်သိန်းငါးဆယ်တိတိ)တစ်ပါတည်းကသာမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး Account တွင် တင်သွင်းရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရပါက ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကိုကသာခရိုင်စီမံခန့်ခွဲမှု ကော်မတီရုံး ဖုန်း-၀၇၅-၂၅၀၀၇၊ ၀၉-၆၄၆၈၃၉၉ နှင့်ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး ဖုန်း-၀၇၅-၂၅၀၄၇၊၀၉-၄၉၂၃၉၄၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်**
**ကသာမြို့**

### အမည်မှန်

ဦးသောင်းလွင်၏သမီး တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း (10-$A_5$)မှ မနန္ဒာ၏ အမည်မှန်မှာ မနန္ဒာလွင်ဦးဖြစ်ပါကြောင်း။ **မနန္ဒာလွင်ဦး**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၈) တက္ကသိုလ်ဝင်တန်း(ဂ)မှ မချယ်ရီစန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းကျိန်ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ ကမ်းကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၊ အဋ္ဌမတန်းမှ မအေးအေးစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်စိုး ဖြစ်ပါကြောင်း။

**ဦးအောင်စိုး ၆/ကစန(နိုင်)၀၄၆၇၉၃**

### မိဘအမည်မှန်

လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မဆင်းရွှေ၏ မိဘအမည်မှန်မှာ ဦးကျူးဟုံဂူနှင့် ဒေါ်လီဆင်းဖြစ်ပါသည်။

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၂)ကျောင်း၊ တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ကြားနေသော မယဉ်မျိုးအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဦး ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဦး ၉/မထလ(နိုင်)၁၆၉၃၈၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၂၀)မှ မောင်ဆိုင်းမွန်၊ မဂရေစီ၊ မမေရီပါရ် တို့၏ ဖခင်ဖြစ်သူ ဦးသက်နိုင် ၄/ထတလ(နိုင်) ၀၀၀၂၂၉ နှင့် ဦးဇာလွန်းသည်တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသက်နိုင်(ခ)ဦးဇာလွန်း ၄/ထတလ(နိုင်)၀၀၀၂၂၉**

### အမည်ပြောင်း

ဦးကျော်စွာထွန်း၏သား ပုလောမြို့၊ အထက(ခွဲ)လ-ပုလော၊ ဒုတိယတန်း (A)မှ မောင်ဇေကမ္ဘာယံအား မောင်ဇေယျာလင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇေယျာလင်းထွန်း**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ နန်းနွမ်းအောင်၏ဖခင်အမည်မှန်မှာ ဦးစိုင်းလူး ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈) တက္ကသိုလ်ဝင်တန်း(ဂ)မှ မယေကျင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိန် ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈) တက္ကသိုလ်ဝင်တန်း(ဂ)မှ မအိသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၁၃/လရန(နိုင်)၀၉၇၄၃၈ ဖြစ်ပါသည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၆၄၅၆, ၃ဂ/၈၈၈၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဦးမင်းပြည့်ဖြိုး ၆/မမန(နိုင်) ၁၁၅၉၃၇၏ဇနီး ဒေါ်ဝါဝါခိုင် ၆/ကစန(နိုင်)၀၅၃၆၇၈သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


Forever
Gems
by
ရွှေနန်းတော်
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
@Myanmar Plaza (ဆီဒိုးနားဟိုတယ်အနီး)
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
GRAND LUCKY DRAW PROGRAM
မင်္ဂလာမောင်မယ်များအတွက်
ဝါကျွတ်အထူးအစီအစဉ် 5%off
MAZDA3
Brand New
ကား (၂) စီး
၅ကျပ်သား
ရွှေဆွဲကြိုး (၅)ကုံး
iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး
ipad (၁၅)လုံး
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်
## သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ်
## ဂုဏ်ပြုကြေညာချက်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-making Working Committee-UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ဝန်ထမ်းမိသားစုများ အနေဖြင့် မြန်မာပြည်သူ၊ ပြည်သားများအားလုံး နှင့် ထပ်တူထပ်မျှ အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

MINISTRY OF LIVESTOCK, FISHERIES AND RURAL DEVELOPMENT
မွေးရေကျေးလက်
MLFRD

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ဧရာဝတီမြစ် ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်ချက်အား တရုတ်နိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သူအဖွဲ့က လာရောက်တင်ပြ

သတင်း၊ စာမျက်နှာ - ၃



၂၀၁၅ ခုနှစ် ဇန်နဝါရီလက ဧရာဝတီမြစ်အတွင်း သောင်ထွန်းနေမှုကို စစ်ကိုင်းတောင်နောက်ခံပြု၍ တွေ့မြင်ရစဉ်။ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)

## မဂ်လာဒုံ လေဆိပ်အတွက် လေယာဉ်လောင်စာဆီများ ဖြန့်ဖြူးရောင်းချရေးတွင် ပူးမားကုမ္ပဏီက ကန်ဒေါ်လာ ၂၅ သန်းရင်းနှီးမြှုပ်နှံမည်

ကျော်သဲအိမ်

ပူးမားစွမ်းအင်အုပ်စု (Puma Energy Group) ကုမ္ပဏီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက် လေယာဉ်လောင်စာဆီများ ရောင်းချရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းတွင် ကန်ဒေါ်လာ ၅၁ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Dealstreetasia.com ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဖက်စပ်လုပ်ငန်းတွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ၅၁ ရာခိုင်နှုန်းနှင့် ထိုင်းအခြေစိုက်ပူးမားစွမ်းအင်အုပ်စုကုမ္ပဏီက ၄၉ ရာခိုင်နှုန်း အသီးသီးပါဝင် ရင်းနှီးမြှုပ်နှံကြမည် ဖြစ်သည်။ ပူးမားစွမ်းအင်အုပ်စု ကုမ္ပဏီအနေဖြင့် လေယာဉ်လောင်စာဆီဖြန့်ဖြူးရေး လမ်းကြောင်းများတိုးချဲ့ရန် ကားများဝယ်ယူရေးအပါအဝင် ကန်ဒေါ်လာ ၂၅ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကမူ ကျန်ရင်းနှီးမြှုပ်နှံမှုပမာဏကို ထည့်ဝင်မည်ဖြစ်ပြီး ၎င်း၏ရင်းနှီးမြှုပ်နှံမှုထဲတွင် ကုန်ကြမ်းပစ္စည်းနှင့် ဝန်ထမ်းတို့ပါဝင်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ●

## စပါးနှင့် လီဗာပူးသရေကျ မန်ယူက အဲဗာတန်ကို အဝေးကွင်း၌အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၉) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

နည်းပြပိုချီတီနို၏ စပါးအသင်းသည် ၄-၅-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဟယ်ရီကိန်းကို အထောင်ထားကာ ကွင်းလယ်တွင် ချာဒလီ၊ အီရစ်ဆန်၊ လာမယ်လာ၊ ဒမ်ဘီလီနှင့် အလီတို့ဖြစ်ပြီး နောက်တန်းတွင် ဒန်နီရိုစ်၊ ဗာတွန်ဂန်၊ အယ်ဒါဝိုင်ရက်၊ ဝေါလ်ကာနှင့် ဂိုးနေရာတွင် ဟူဂို အယ်လိုရစ်တို့ပါဝင်ခဲ့သည်။

ဧည့်သည်လီဗာပူးအသင်းမှ နည်းပြသစ် ဂျာဂျန်ကလော့ပ်သည် အိမ်ရှင်အသင်းနှင့်အတူ ၄-၅-၁ ကစားကွက်ပုံစံဖြင့် ပွဲထွက်လာပြီး တိုက်စစ်မှူး အိုရီဂီကို အထောင်ထားခဲ့သည်။ ကွင်းလယ်တွင် လယ်လာနာ၊ ကော်တင်ဟို၊ မီလ်နာ၊ အီမရီကန်း၊ လုကပ်စ်လိုင်ဗာတို့ဖြစ်ပြီး နောက်တန်းတွင် မိုရီနို၊ ဆာခို၊ စကာတယ်၊ စီလီနီ၊ ဂိုးနေရာတွင် မစ်နိုလတ်တို့ ပွဲထွက်လာသည်။

အိမ်ရှင်စပါးနှင့် လီဗာပူးတို့ နောက်ဆုံးတွေ့ဆုံမှု အိမ်ကွင်းအဝေးကွင်း ငါးပွဲတွင် လီဗာပူးအသင်းငါးပွဲစလုံးအနိုင်ရရှိထားသည်။ နည်းပြသစ် ဂျာဂျန်ကလော့ပ် ပွဲဦးထွက်ယနေ့ပွဲတွင် စာမျက်နှာ ၁၄ ကော်လံ ၅ ❑



## ပြည်သူ့အတွက် အမှန်တကယ်အကျိုးရှိတဲ့ OSS

မနက်ရုံးမဖွင့်ခင်ကတည်းက ရုံးရှေ့မှာ လိုအပ်တာတွေကို မေးမြန်းပြုလုပ်ဖို့ ဒေသခံပြည်သူတွေ ရောက်နေကြပါပြီ။ ဝန်ဆောင်မှုပေးတဲ့ ဌာနဆိုင်ရာဝန်ထမ်းများကလည်း ပြည်သူတွေကို ဝန်ဆောင်မှုပေးဖို့အတွက် လှိုက်လှဲတဲ့ အပြုံးတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးကို စတင်ပြီး ဖွင့်လိုက်ပါတယ်။ အဲဒီရုံးကတော့ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ်က ပြည်သူ့ဝန်ဆောင်မှုရုံး (OSS ) ဖြစ်ပါတယ်။ စာမျက်နှာ ၁၀ ကော်လံ ၁ ❍

သတင်းဆောင်းပါး
သိမ့်သိမ့်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-သိန်

ယနေ့ မာတိကာ

စံပယ်တောင်ကြေးနီစီမံကိန်း ဝန်းကျင် လူမှုကူညီရေး အသင်းများသို့ မော်တော်ယာဉ်များပေးအပ် စာ-၂

ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အောက်တိုဘာ ၂၄ ရက် မတိုင်မီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထား နိုင်ပါရန် တိုက်တွန်းနှိုးဆော် စာ-၇




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS